# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၀)၊ အမှတ် (၁၃၇)


## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၃ / ၂၀၂၁ )

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဆ) အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ညဥ့်အိပ်ညဥ့်နေ လာရောက်တည်းခိုသောဧည့်သည်များအတွက် ဧည့်စာရင်းတိုင်ကြားခြင်းကို လက်ခံခြင်း၊ ခွင့်ပြုခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ ဧည့်စာရင်းတိုင်ကြားရန် ပျက်ကွက်လျှင် အရေးယူခြင်း၊"

၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၆ ပုဒ်မခွဲ (ဂ)၏ နောက်တွင် ပုဒ်မခွဲ (ဃ) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

*စာမျက်နှာ ၅ ကော်လံ ၁* ❍

## နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၄ / ၂၀၂၁ )

နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ ပုဒ်မ ၅၊ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ ပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၀ နှင့်အညီ ရပ်ဆိုင်းထားရမည်။

၄။ ဤဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တာဝန်ပေးအပ်ထားသည့်ကာလအတွင်းသာ ဖြစ်သည်ဟု မှတ်ယူရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ)မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော နိုင်ငံ့ဝန်ထမ်းများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာသက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင်ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်တို့အရ ဝန်ထမ်းများသည် အလုပ်ချိန်နှင့်သက်ဆိုင်သည့် စည်းကမ်းများ၊ တာဝန်ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်နှင့် သက်ဆိုင်သည့် စည်းကမ်းများနှင့် လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းများကိုလည်း လိုက်နာရပါသည်။ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူနိုင်ပါသည်။ ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရပါသည်။

၂။ သို့ပါ၍ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော ဝန်ထမ်းများ အနေဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် နှိုးဆော်နေသည့် ကာလအတွင်း မိမိတို့၏ လုပ်ငန်းခွင်များသို့ အမြန်ဆုံးပြန်လည်ဝင်ရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အချိန်တိုကာလအတွင်း အရှိန်အဟုန်မြှင့်ဆောင်ရွက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။(အပေါ်ပုံ)

ညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက မိမိတို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူသည့်ကာလတွင်

*စာမျက်နှာ ၃ ကော်လံ ၁* ✻




မြန်မာ့အလင်း

# စည်းကမ်းနှင့် လူ့ဘောင်

စိတ်ကောင်းရှိဖို့က ပထမ၊ ဝိနည်းလေးစားဖို့က ဒုတိယ၊ ကျန်းမာဖို့က တတိယ၊ သန့်ရှင်းဖို့က စတုတ္ထ၊ အဝတ်အစားဝတ်တတ်ဖို့က ပဉ္စမ၊ အနေအထိုင်တတ်ဖို့က ဆဋ္ဌမ၊ အပြောအဆို တတ်ဖို့က သတ္တမ၊ အသွားအလာတတ်ဖို့က အဋ္ဌမ၊ စည်းကမ်းလိုက်နာဖို့က နဝမ၊ စာတတ်ဖို့က ဒသမဟူသော ဩဝါဒလမ်းစဉ် (၁၀) ချက်ကို အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ တပည့်သား သံဃာများ လိုက်နာကြရန် ကျေးဇူးတော်ရှင် ဆရာတော်ကြီး အရှင်ဇနကာဘိဝံသက ချမှတ်ခဲ့ရာ ယနေ့တိုင် တပည့်သားသံဃာအဆက်ဆက်တို့က လိုက်နာကျင့်သုံးခဲ့သည့်အတွက် မဟာဂန္ဓာရုံကျောင်းသည် ပြည်တွင်းမှာသာမက ပြည်ပသို့တိုင်အောင် ထင်ရှားကျော်ကြားသည်။

စည်းကမ်းလိုက်နာဖို့က နဝမဟူ၍ ဆိုထားသော်လည်း ဆရာတော်ကြီး၏ ဩဝါဒလမ်းစဉ် (၁၀) ချက်သည်ပင် လိုက်နာကျင့်သုံးအပ်သော ကျင့်ဝတ်စည်းကမ်းများဟုဆိုနိုင်ပြီး ကျောင်းတိုက်နေ ရဟန်းသံဃာတော်များက လိုက်နာကျင့်သုံးကြသည် ဖြစ်ခြင်းကြောင့် ကမ္ဘာသို့တိုင်အောင် ကျော်ကြားနေရခြင်းလည်း ဖြစ်သည်။ ဝိနည်းစည်းကမ်းများနှင့်အညီ ဝတ်ဆင်နေထိုင်ပြောဆိုသွားလာကြခြင်းကြောင့် ဗုဒ္ဓဘာသာဝင်များတွင်သာမက အများ၏ အမြင်၌ပါ တင့်တယ်ကာ ကြည်ညိုသဒ္ဓါပွားကြရခြင်း၊ စိတ်ဝင်စားကြရခြင်း ဖြစ်သည်။ ဥဒါဟရုဏ်အဖြစ် မဟာဂန္ဓာရုံကျောင်းတော်ကြီးကို သိသာထင်ရှားအောင် ထုတ်ဆောင်ပြရခြင်းဖြစ်သော်လည်း ဝိနည်းစည်းကမ်းကောင်းမွန်ခြင်းကြောင့် ထင်ရှားကျော်ကြားသည့် စာသင်တိုက်ကြီးများ၊ ကျောင်းတိုက်ကြီးများ မြန်မာနိုင်ငံတွင် များစွာရှိနေသည်။

သန့်ရှင်းကြည်လင်သည့် အသရေ၊ ငြိမ်သက်သော ဣန္ဒြေဖြင့် သင်္ကန်းကို ဝိနည်းတော်နှင့်အညီ သပ်ရပ်စွာ ဝတ်ရုံလျက် စနစ်တကျ တန်းစီကာ ဆွမ်းခံလှည့်လာသည့် ရဟန်းသံဃာ ရှင်သာမဏေများ၊ ရာထောင်နှင့်ချီ၍ ရဟန်းသံဃာများ သီတင်းသုံးနေသော်လည်း အေးချမ်းစွာ ငြိမ်သက်တိတ်ဆိတ်နေသည့် ကျောင်းတိုက်ကြီးများ၊ စည်းကမ်းတကျ ဆွမ်းဘုဉ်းပေးနေကြပုံများ၊ စာချစာသင် ဝတ်တက်နေကြပုံများ စသည်တို့ကို စောင့်ကြည့်လေ့လာကာ တအံ့တသြ ဖြစ်ကြရသည်။ ယင်းမှတစ်ဆင့် ဗုဒ္ဓဘာသာကိုလည်းကောင်း၊ ဗုဒ္ဓဟောကြားခဲ့သည့် တရားဓမ္မများကိုလည်းကောင်း၊ သံဃာတော်များကိုလည်းကောင်း ပြည်ပသားတို့ စိတ်ဝင်စားလာကြသည်များလည်း ရှိသည်။

"ရဟန်းဝိနည်း၊ ရွာကြီးစည်းရိုး၊ လူမျိုးစည်းကမ်း" ဟူသော ဆိုရိုးစကားနှင့်အညီပင် ဝိနည်းသည် ရဟန်းအတွက် အသက်ဟု ဆိုနိုင်ပြီး ဝိနည်းပျက်ပါက ရဟန်းအဖြစ်မှ ဆုံးရှုံးရသည်အထိ ဖြစ်နိုင်သည်။ ရွာတစ်ရွာအတွက်လည်း စည်းရိုးသည် ကျေးရွာနေသူများ၏ လုံခြုံရေး၊ အသက်အိုးအိမ် စည်းစိမ်များ တည်တံ့ရေးအတွက် အရေးပါသည်။ ရွာစည်းရိုး လုံခြုံခိုင်ခံ့ပါမှ ရွာနေသူတို့၏ စည်းစိမ်ချမ်းသာ ဥစ္စာခနများအတွက် စိတ်ချကြရမည်။ လူမျိုးတိုင်းအတွက်မူ စည်းကမ်းက အရေးကြီးသည်။ စည်းကမ်းကောင်းသည့် လူမျိုး၊ စည်းကမ်းလိုက်နာသည့် လူမျိုးတို့မှာ ကြီးပွားကြသည်။ ချမ်းသာကြသည်။ ကမ္ဘာ့အလယ်တွင် တင့်တယ်ကြသည်။ ဆန့်ကျင်ဘက်အားဖြင့်မူ စည်းကမ်းမလိုက်နာသည့်လူမျိုး၊ စည်းမဲ့ကမ်းမဲ့လူမျိုးတို့မှာ ဆင်းရဲကြသည်။ နွမ်းပါးကြသည်။ သူတစ်ပါးနှင့်ယှဉ်လျှင် နောက်တန်းရောက်သည်။

စည်းကမ်းသည် လူ့အဖွဲ့အစည်းတစ်ရပ် တည်တံ့ရေး၊ ရှင်သန်ရေး၊ ဖွံ့ဖြိုးရေး၊ တိုးတက်ရေးအတွက် ချမှတ်ထားသည့် လိုက်နာစောင့်ထိန်းအပ်သော ကျင့်ဝတ်များပင် ဖြစ်သည်။ လူတစ်ယောက်ထက်ပို၍ ရှိသည့်နေရာတိုင်းမှာ ကျင့်ဝတ်စည်းကမ်းတို့ ရှိသည်။ အစုအဖွဲ့ဟူ၍ ဖြစ်လာသည်နှင့် ကျင့်ဝတ်စည်းကမ်းတို့ အလိုလိုပေါ်ပေါက်လာသည်။ အများသဘောတူ ပြဋ္ဌာန်း၊ အများသဘောတူ လိုက်နာကြသည်နှင့်အမျှ တညီတညွတ်တည်း ဖြစ်လာသည်။ လူ့အဖွဲ့အစည်း အဆင့်မြင့်လာသည်နှင့်အမျှ ကျင့်ဝတ်စည်းကမ်းများကို နေရာဋ္ဌာနများစွာတို့တွင် လိုအပ်ချက်နှင့် ကိုက်ညီစွာ သတ်မှတ်ပြဋ္ဌာန်း ကျင့်သုံးလာကြရသည်။

ဒီမိုကရေစီစနစ် ကျင့်သုံးသည့် လူ့အဖွဲ့အစည်းတွင် စည်းကမ်းကို ရိုသေစွာ လိုက်နာကျင့်သုံးခြင်းသည် ပြည်သူတစ်ဦးချင်းစီအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည်။ ဝိနည်းစည်းကမ်း လိုက်နာကျင့်သုံးမှု ကောင်းမွန်လှသည့် ရဟန်းတော်များမှာ သမဏသာရုပ္ပဖြစ်ပြီး ကြည်ညိုသဒ္ဓါပွားများဖွယ် ဖြစ်ရသကဲ့သို့ပင် စည်းကမ်းမြင့်မားသည့် ပြည်သူများသည် နိုင်ငံအတွက် တန်ဖိုးမြင့်မားသည့် အရင်းအမြစ်များဟု ဆိုရမည်ဖြစ်ပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့အသိပေးချက်

နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့တာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်မဝင်နိုင်အောင် နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုနေသူအချို့က နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေကြောင်းကို ကြားသိနေရပါသည်။ ဖိအားပေးခြိမ်းခြောက်သူများအနေဖြင့် ယင်းလုပ်ရပ်များသည် ဥပဒေနှင့် ဆန့်ကျင်သကဲ့သို့ မိမိ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးခြင်းဆိုင်ရာ မူသဘောတရားများနှင့်လည်း ဆန့်ကျင်နေပါသည်။ ဝန်ထမ်းမဟုတ်သူ ပြည်သူလူထုအချင်းချင်းကြားတွင်လည်း အလားတူပြုလုပ်မှုများ ရှိနေကြောင်းကိုလည်း ကြားသိရပါသည်။ မည်သူမဆို မိမိ၏အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုရန်လိုအပ်ပါသည်။ ထို့အပြင် အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်း လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။ သို့ပါ၍ ဖိအားပေးခြိမ်းခြောက်ခံရသူများ၏ အခွင့်အရေး ထိပါးနှောင့်ယှက်ခံရမှုများကို ဥပဒေကြောင်းအရ ကုစားပေးနိုင်ရေးနှင့် ထိပါးနှောင့်ယှက်သူများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေးအတွက် အောက်ပါ ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့်e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

# ကသာမြို့နယ် အင်းကြီးရေဝပ်ဧရိယာတွင် ရွှေတူးဖော်ရန် လုပ်ကွက် ၅၀ ကို စစ်ကိုင်းတိုင်းဒေသကြီး ရွှေလုပ်ကွက်စိစစ်ချထားရေးကော်မတီသို့ လုပ်ကိုင်ခွင့်တင်ထား

**မုံရွာ ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် အင်းကြီးကျေးရွာအနီးရှိ အင်းကြီးရေဝပ်ဧရိယာတွင် ရွှေတူးဖော်ရန် လုပ်ကွက် ၅၀ ကို စစ်ကိုင်းတိုင်းဒေသကြီး ရွှေလုပ်ကွက်စိစစ်ချထားရေးကော်မတီသို့ လုပ်ကိုင်ခွင့်တင်ထားကြောင်း သိရသည်။

ကသာမြို့နယ် အင်းကြီးဒေသရှိ ရေဝပ်ဧရိယာတွင် အသေးစား ရွှေလုပ်ကွက်ချထားရေး တင်ပြထားမှုနှင့် ပတ်သက်ပြီး လုပ်ကိုင်ခွင့်ပြုရေး၊ မပြုရေးကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင်ဖြင့်သာ မှတ်ချက်ပေးထားကြောင်း တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးထံမှ သိရသည်။

အင်းကြီးဒေသရေဝပ်ဧရိယာသည် ရေအများကြီးရှိသော နေရာမဟုတ်သော်လည်း သစ်ပင်များအောက်ခြေတွင် ရေရှိသဖြင့် တောရိုင်းတိရစ္ဆာန်များ၊ ငှက်များ၊ ဇီဝမျိုးစုံမျိုးကွဲများကျက်စားသည့် ဒေသတစ်ခု ဖြစ်သည့်အပြင် ရေဝပ်ဧရိယာနှင့် ကျေးရွာကြားတွင် လယ်မြေများ တည်ရှိခြင်းကြောင့် ရွှေတူးဖော်သည့် လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုပါက လယ်မြေများ ပျက်စီးမည့်အပြင် ဇီဝမျိုးစုံမျိုးကွဲများ ကျက်စားရာနေရာတစ်ခု ပျောက်ဆုံးသွားမည် ဖြစ်သည်။

"ဒီဒေသမှာ ရွှေတူးဖော်မယ်ဆိုရင် လက်ရှိစိုက်ပျိုးနေတဲ့ လယ်မြေတွေ သေချာပေါက်ပျက်စီးသွားမယ်၊ သစ်တောတွေပျက်စီးမယ်၊ နောက်ပြီး ရေဝပ်ဧရိယာကို အမှီပြုနေထိုင်ကြတဲ့ တောရိုင်းတိရစ္ဆာန်၊ ငှက်တွေ၊ ဇီဝမျိုးစုံမျိုးကွဲတွေ နေထိုင်ကျက်စားတဲ့နေရာ ပျောက်ဆုံးသွားမှာဖြစ်တဲ့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရမယ့် အမြင်နဲ့ မှတ်ချက်ပေးထားတာပါ" ဟု တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ပြောသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

# မဲမသမာမှုစာရင်းတွေအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများကို စိစစ်မေးမြန်းလျက်ရှိ

မဲမသမာမှုစာရင်းတွေအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများကို စိစစ်မေးမြန်းလျက် ရှိပါတယ်။ မှားယွင်းနေတဲ့ မဲစာရင်းတွေ၊ မဲမသမာမှုဖြစ်နိုင်တဲ့ စာရင်းတွေကနေ ထွက်ပေါ်လာတဲ့ ရလဒ်တွေဟာ ပြည်သူတို့ လိုလားတောင့်တခဲ့တဲ့ ဒီမိုကရေစီစနစ်ခိုင်မာဖို့အတွက် အခက်အခဲများစွာ ရှိပါတယ်။ တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြဋ္ဌာန်းချက်များနှင့်အညီ UEC ၊ လွှတ်တော်နဲ့ သမ္မတတို့ထံ မဲစာရင်းများ ဖြေရှင်းပေးဖို့ တောင်းဆိုခဲ့ပါတယ်။ အဆင့်ဆင့် တာဝန်ပျက်ကွက်ခဲ့ကြပါတယ်။ တပ်မတော်အနေနဲ့ နောက်ဆုံးအချိန်ထိ ဥပဒေနဲ့အညီ ဆွေးနွေးညှိနှိုင်းအဖြေရှာရေးလမ်းစဉ်ကို ကိုင်စွဲဆောင်ရွက်ခဲ့ပါတယ်။ ဖြစ်ပျက်နေတဲ့ အခြေအနေတွေကိုလည်း တပ်မတော် သတင်းစာရှင်းလင်းပွဲတွေကနေ တစ်ဆင့် ပြည်သူလူထုကို ကမ္ဘာသိ တင်ပြခဲ့ပါတယ်။ တာဝန်ရှိသူများအနေနဲ့ အကြောင်းအမျိုးမျိုးပြပြီး တာဝန်ယူမှု၊ တာဝန်ခံမှုတွေ ပျက်ကွက်ခဲ့တာ ရှိပါတယ်။ ဒါ့ကြောင့်လည်း စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့အညီ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံ့တာဝန်များ ထမ်းဆောင်နေရခြင်း ဖြစ်ပါတယ်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၈-၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီသို့ အလှူရှင်များမှ အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ၌ အသုံးပြုရန် အလှူငွေ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။**

ရှေးဦးစွာ အလှူရှင်မိသားစုမှ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများသည် တိုင်းပြည်၏ လူမှုရေး၊ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုရှိပါသဖြင့် ယခုလို အလှူငွေ လှူဒါန်းရခြင်းကြောင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများတွင် အတိုင်းအတာတစ်ခုထိ အကျိုးဖြစ်မည် ဖြစ်ပါသဖြင့် လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ပြည်သူများ အားလုံး၊ စေတနာ့ဝန်ထမ်းများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ကိုဗစ် ပထမလှိုင်း (1st Wave)၊ ဒုတိယလှိုင်း (2nd Wave) ကို ကျော်လွှားနိုင်ခဲ့ပါကြောင်း၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုများကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ရောဂါကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မပြတ် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ ထို့အတူ နောက်ထပ်လှိုင်းများ မဖြစ်ပေါ်စေရန်အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ(Central Epidemiology Unit)မှ အထူးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရောဂါဖြစ်ပွားမှု လျော့ချနိုင်ရန် ကာကွယ်ဆေးထိုးလုပ်ငန်းသည် အလွန်အရေးကြီးပါသဖြင့် ကိုဗစ်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရောဂါထိန်းချုပ်မှု ကောင်းမွန်စွာ ဆောင်ရွက်နိုင်မှသာလျှင် လူမှုစီးပွားရေးလုပ်ငန်းများ အခက်အခဲမရှိ ကောင်းမွန်စွာ လည်ပတ်ဆောင်ရွက်နိုင်မှာ ဖြစ်ပါကြောင်း၊ ထိုအခက်အခဲများ မရှိစေရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စံသတ်မှတ်ချက်များ (Standard Operation Procedure) ကို သက်ဆိုင်ရာကဏ္ဍအလိုက် ရေးဆွဲထားပြီး ဖြေလျှော့မှုများ ပြုလုပ်နိုင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလို လှူဒါန်းပေးတဲ့ အလှူငွေများကိုလည်း သက်ဆိုင်ရာ Bank Account များတွင် ထိန်းသိမ်း၍ သုံးစွဲရာမှာလည်း ဗဟိုကော်မတီမှ ခွင့်ပြုချက်ဖြင့် စနစ်တကျ အလေအလွင့်မရှိအောင် သုံးစွဲလျက်ရှိပါကြောင်း၊ ယခုလို အလှူငွေများပေးအပ်လှူဒါန်းမှုကြောင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အလှူရှင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ပြည် Avenue အမှတ်(၂)နေ အောင်မိသားစုမှ အလှူငွေကျပ် ၁၀၀,၀၀၀,၀၀၀/- (သိန်းသုံးထောင်တိတိ)ကို လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။(ဓါတ်ပုံ) **သတင်းစဉ်**




***ရှေ့ဖုံးမှ**

ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းဒေသကြီးအတွင်း မြို့ပြကျေးလက် ဆင်းရဲချမ်းသာကွာဟမှုမရှိစေရန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အချိန်တိုကာလအတွင်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်စုပေါင်းခေါင်းဆောင်မှု ၊ စုပေါင်းတာဝန်ယူမှုဖြင့် တည်ဆဲဥပဒေများ ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ကြိုးကြပ်အကောင်အထည်ဖော်ဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ယခုလို ညှိနှိုင်းအစည်းအဝေး ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များက ဆောင်ရွက်ဆဲနှင့် ရှေ့ဆက်လုပ်ကိုင်မည့်လုပ်ငန်းများကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြပြီး တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး ၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ညွှန်ကြားရေးမှူးများ တက်ရောက်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကုန်ထုတ်လမ်း ၅၁ လမ်းနှင့် ကုန်ထုတ်တံတား ၁၁၆ စင်း ဆောင်ရွက်မည်

**မုံရွာ ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကုန်ထုတ်လမ်း ၅၁ လမ်းနှင့် ကုန်ထုတ်တံတား ၁၁၆ စင်း ဆောင်ရွက်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

အဆိုပါ မြို့နယ် ၃၂ မြို့နယ်၌ ကုန်ထုတ်လမ်းများ ဖောက်လုပ်ရာတွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများမှာ မြေလမ်း တစ်လမ်း၊ အရှည် ၂ မိုင်၊ ဂျင်းလမ်း နှစ်လမ်း၊ အရှည် ၄ / ၁ ဒသမ ၄ မိုင်၊ မြေ+ ဂျင်းလမ်း ၄၁ လမ်း၊ အရှည် ၅၈/ ၇ ဒသမ ၇၉ မိုင်၊ စုစုပေါင်းကုန်ထုတ်လမ်း ၄၄ လမ်း၊ အရှည်အားဖြင့် ၆၅/ ၁ ဒသမ ၁၉ မိုင်တို့ကို ခန့်မှန်းကုန်ကျငွေကျပ် ၂၃၂၁ ဒသမ ၃၇ သန်းဖြင့် ဆောင်ရွက်မည် ဖြစ်ကြောင်း၊ အလားတူ မြို့နယ် ငါးမြို့နယ်၌ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် မြေ+ ဂျင်းလမ်း ခုနစ်လမ်းကို အရှည် ၁၂/၇ မိုင်အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၅၀၆ ဒသမ ၁၃ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အလားတူ မြို့နယ် ၂၂ မြို့နယ်၌ ကုန်ထုတ်တံတားများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများမှာ တံတား ၃၆ စင်း၊ အတိုင်းအတာအားဖြင့် ၈၂၉ ပေ၊ ရေကျော်တံတား ခုနစ်စင်း၊ အတိုင်အတာအားဖြင့် ၂၇၄ ပေ၊ ရေပြွန်တံတား ၅၂ စင်း၊ အတိုင်းအတာအားဖြင့် ပေ ၂၂၀၊ အခြား(မြေထိန်းနံရံ)တစ်စင်း၊ အတိုင်းအတာအားဖြင့် ပေ ၄၅၀၊ စုစုပေါင်းတံတား ၉၆ စင်း၊ အတိုင်းအတာအားဖြင့် ၁၇၇၃ ပေအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၁၃၂၉ ဒသမ ၆၉ သန်းဖြင့် လည်းကောင်း၊ ထို့အတူ မြို့နယ် နှစ်မြို့နယ်၌ တိုင်းဒေသကြီးရန်ပုံငွေဖြင့် တံတား ၁၀ စင်း၊ အတိုင်းအတာအားဖြင့် ၁၂၃ ပေ၊ ရေပြွန် ၁၀ စင်း၊ အတိုင်းအတာအားဖြင့် ၁၅ ပေ၊ စုစုပေါင်းတံတား အစင်း ၂၀ ၊ အတိုင်းအတာအားဖြင့် ၁၃၈ ပေ အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၇၄ ဒသမ ၈၉ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မွေးကြူဇင်**

# ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ပိဋကသုံးပုံ နိကာယ်စာသင်တိုက်သို့ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများလှူဒါန်း



ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးသည် ကောင်စီအဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပိဋကသုံးပုံ နိကာယ်စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ ရွှေရတု တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက၊ မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာ ဘိဝံသအရှင်သူမြတ်ထံ သွားရောက်ဖူးမြော်ကြည်ညိုကာ သာသနာရေးရာကိစ္စရပ်များကို လျှောက်ထားပြီး ဆွမ်းဆန်တော် ၂၄ ပြည်ပါ ဆန်အိတ် ၁၀၀ နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။ (ဓါတ်ပုံ)

### လိုအပ်သည်များပံ့ပိုးကူညီပေး

ဆက်လက်၍ ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့နယ် သံတမန်လမ်းရှိ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် မေရီချက်(ပ်)မင်း နားမကြားသောကလေးများကျောင်းသို့ရောက်ရှိရာ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်ခင် သီတာညွန့်က ကျောင်းရှိ နားမကြားကလေးငယ်များ နားကြားမှုစမ်းသပ်သည့်ယူနစ်၊ ပညာသင်ကြားရေး၊ အသက်မွေးမှု သင်တန်းများ၊ အသက်မွေးမှုလုပ်ငန်းများ၊ ကလေးငယ်များ၏ ကျန်းမာရေး အခြေအနေများကို ရှင်းလင်းတင်ပြရာ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် လိုအပ်သည်များပံ့ပိုးကူညီပေးမည့်အစီအစဉ်များကို ပြောကြားသည်။

### လှူဒါန်း

ထို့နောက် ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် တာဝန်ခံကျောင်းအုပ်ဆရာမကြီးထံ အလှူငွေနှင့် ၂၄ ပြည်ပါ ဆန်အိတ် ၁၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်တွင်းလေကြောင်းခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေးအတွက် တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက COVID-19 ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်စစ်ဆေးမှုများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်တွင်း လေကြောင်းခရီးသွား ပြည်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ COVID-19 ရောဂါ သတ်မှတ်ချက်များအတိုင်း ကျန်းမာရေးစစ်ဆေးခြင်း၊ ထိန်းချုပ်ကြပ်မတ် ဆောင်ရွက်ခြင်းများနှင့် ပတ်သက်၍ နေ့စဉ်စစ်ဆေးပေးခြင်း၊ ဆေးစစ်ချက် ထောက်ခံချက် ထုတ်ပေးခြင်းနှင့် ကုသပေးခြင်းများကို တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်းပြီး ဆောင်ရွက်ပေးလျက်ရှိရာ ထားဝယ်လေဆိပ်တွင် ဖေဖော်ဝါရီ ၇ ရက်မှစတင်၍ လည်းကောင်း၊ တာချီလိတ် လေဆိပ်တွင် ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ လည်းကောင်း၊ လားရှိုးလေဆိပ်တွင် ဖေဖော်ဝါရီ ၉ ရက်မှ စတင်၍ လည်းကောင်း လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ထားဝယ်မြို့မှ ရန်ကုန်မြို့သို့လေယာဉ်ဖြင့် ခရီးသွားရောက်မည့် ဒေသခံတိုင်းရင်းသားပြည်သူ အမျိုးသား ၃၆ ဦး၊ အမျိုးသမီး ၁၃ ဦး တို့ကို ထားဝယ်တပ်နယ်မှ ဆေးအဖွဲ့က နယ်မြေခံတပ်နယ် ခန်းမ၌ COVID-19 ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးမှုများကို ဆောင်ရွက်ပေးပြီး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ခရီးသွားရောက်မည့် တိုင်းရင်းသားပြည်သူများအား COVID-19 ကမ္ဘာ့ကပ်ရောဂါနှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးမှုများကို တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ ကူညီစစ်ဆေးပေးခြင်း၊ COVID-19 ရောဂါပိုးမတွေ့ရှိသူများကို ဆေးစစ်ချက်ထောက်ခံစာ ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးလျက် ရှိကြောင်းနှင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌လည်း ယာယီကုသရေးဆေးရုံများဖွင့်လှစ်၍ ကျန်းမာရေး စောင့်ရှောက်မှုများကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်



ထားဝယ်မြို့၌ ခရီးသွားပြည်သူတစ်ဦးအား ကျန်းမာရေးစစ်ဆေးဆောင်ရွက်ပေးစဉ်။

# ငွေနှင်းမှို ဒိုင်သွင်းဈေးများ အဆမတန်ကျဆင်းသဖြင့် တောင်သူများ အခက်အခဲကြုံတွေ့

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ငွေနှင်းမှို ဒိုင်သွင်းဈေးများ အဆမတန်ကျဆင်းသဖြင့် အခက်အခဲကြုံနေရကြောင်း စီးပွားဖြစ် မှိုစိုက်ပျိုးသူများထံမှ သိရသည်။

“ဒိုင်သွင်းဈေးက အဆင်မပြေတာ ကြာပါပြီ။ မှိုဈေးနှုန်းတွေကို ဒိုင်တွေက သူတို့ပေးချင်သလို ပေးနေတာပါ။ တစ်ပိဿာ ငွေကျပ် ၂၀၀၀ နဲ့ ၂၀၀၀ အထက်လေးရရင်တော့ အဆင်ပြေပါတယ်။ အခုဟာက နှစ်ထောင်အောက်ဆိုတော့ အဆင်မပြေတော့ဘူး။ ကိုဗစ်တွေဖြစ်ကတည်းက ငွေကျပ် ၁၅၀၀၊ ၁၆၀၀၊ ၁၇၀၀ ဈေးတွေပဲ ပေးနေတာကြာပါပြီ။ အခုလို ငွေကျပ် ၁၁၀၀ ဈေးလောက်အထိတော့ တစ်ခါမှ မကျဖူးဘူး“ဟု ငွေနှင်းမှို စိုက်ပျိုးရေးလုပ်ကိုင်သူ ကိုအီကိုက ပြောသည်။

ကိုဗစ်-၁၉ မတိုင်ခင် ကာလများက ငွေနှင်းမှို တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ မှ ၂၀၀၀ ဝန်းကျင် ဈေးနှုန်းအတွင်း ရရှိခဲ့သော်လည်း ယခုအခါ အချို့မှိုဒိုင်များက တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀ ဈေးဖြင့် ဈေးဖြတ် ဝယ်ယူနေကြောင်း သိရသည်။

“အခုဆိုရင် မှိုစိုက်ထုပ်လည်း မလုပ်တော့ဘဲ နားထားပါတယ်။ စိတ်ဓာတ်ကျတာလည်း ပါတာပေါ့။ ကိုယ်တွေလို စိုက်ပျိုးသူကသာ ဈေးမရတာပါ။ စားသုံးသူကတော့ ဈေးကြီးကြီးဝယ်စားနေရတုန်းပါပဲ” ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

မြန်မာနိုင်ငံရှိ မှိုစိုက်ပျိုးသူများအနေဖြင့် ကောက်ရိုးမှို၊ ငွေနှင်းမှို၊ ကြွက်နားရွက်မှိုတို့ကို အဓိကစိုက်ပျိုးထုတ်လုပ်နေကြပြီး ကိုဗစ်-၁၉ ပြန့်ပွားမှုဖြစ်စဉ် ပေါ်ပေါက်လာချိန်မှ စတင်၍ စားသောက်ဆိုင်နှင့် ဟိုတယ်ဈေးကွက်များ ကျဆင်းလာပြီး ယခုကဲ့သို့ သက်ရောက်မှုများစွာ ကြုံတွေ့နေကြရကြောင်း သိရသည်။

နန်းထက်ထက်ချစ်



# မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၃ မြို့နယ်၌ ကုန်ထုတ်လမ်းနှင့် တံတားများကို ငွေကျပ် သန်းနှစ်ထောင်ကျော် အသုံးပြု၍ တည်ဆောက်မည်

မကွေး ဖေဖော်ဝါရီ ၁၃

လယ်ယာစိုက်ခင်းများထဲက သီးနှံများကို ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးအတွင်း ကျေးရွာများ၌ ကုန်ထုတ်လမ်းနှင့် တံတားများကို ငွေကျပ် သန်း ၂၀၀၀ ကျော် အသုံးပြု၍ တည်ဆောက်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သိရသည်။

### တည်ဆောက်မည်

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီး အတွင်း မြို့နယ် ၂၃ မြို့နယ်၌ ကုန်ထုတ်လမ်း ၅၆ မိုင်ကျော်၊ တံတား ၅၈ စင်း (အရှည်ပေ ၁၁၀၀ ကျော်) တည်ဆောက်မည်ဖြစ်သည်။

“လယ်ယာကို ဆက်သွယ်နိုင်မယ့်လမ်းက အနည်းဆုံး လမ်းအကျယ် ပေ ၂၀ ခန့် ရှိရပါမယ်။ လမ်းနဲ့သက်ဆိုင်တဲ့ ပိုင်ရှင်တွေက သဘောတူညီရပါမယ်။ မြို့နယ် တာဝန်ရှိသူတွေက စိစစ်ပေးရပါမယ်။ အားလုံးပြီးရင် ဌာနက ကွင်းဆင်းတိုင်းတာတွက်ချက်ပြီး ကိုက်ညီမှ အဆင့်ဆင့် တင်ပြလုပ်ဆောင်ရပါတယ်” ဟု တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်က ရှင်းပြသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးလက်ဦးစီးဌာနက မြို့နယ် ၁၉ ခု၌ ငွေကျပ်သန်း ၂၁၀၀ ကျော် အသုံးပြုကာ ကျေးလက်ကုန်ထုတ်လမ်း ၆၇ မိုင်ကျော်၊ တံတား၊ ရေကျော် ၁၉၁ စင်း(အရှည်ပေ ၁၉၀၀) ဖောက်လုပ်ပေးခဲ့သည်ဟု ၎င်းက ဆက်၍ပြောသည်။

### ဝိုင်းဝန်းထိန်းသိမ်းရန်လို

“ခေတ်အဆက်ဆက်က ကျေးလက်ဒေသ လမ်းတွေဟာ ကျဉ်းမြောင်းပြီး ဗွက်အိုင်တွေနဲ့ဆိုတော့ တောင်သူတွေ အခက်အခဲဖြစ်ကြရတာပေါ့။ တောင်သူတိုင်း၊ ကျေးရွာတိုင်းအတွက် အလုံးစုံ မပြည့်စုံနိုင်သေးဘူးဆိုပေမယ့် နိုင်ငံတော်က လုပ်ပေးနေပြီဆိုတော့ ကိုယ့်အလှည့်ကျလာမှာပေါ့။ ဖောက်ပြီးသားလမ်းတွေကို ရေရှည်သုံးနိုင်အောင် ဝိုင်းပြီးထိန်းသိမ်းကြဖို့ပဲ လိုမယ်ထင်ပါတယ် ” ဟု မကွေးမြို့နယ်မှ ဒေသခံတောင်သူ ဦးသောင်းက ပြောသည်။

ကုန်ထုတ်လမ်း ဖောက်လုပ်ပေးရန် တောင်းဆိုသည့် ကျေးရွာများ ပိုမိုများပြားလာသော်လည်း တောင်သူအချို့က လယ်ယာမြေကို အဖြတ်မခံခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်ပြီး ဇီဝမျိုးကွဲရှိသည့်နေရာများနှင့် ဆက်စပ်နေခြင်း စသည့်ဖြစ်စဉ်များရှိလာပါက လုပ်ဆောင်ပေး၍ မရကြောင်း သိရသည်။

ဖေယျာတု( မကွေး)

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဖေဖော်ဝါရီ ၁၃ -ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ ဒီဂရီ စင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီ၊ ပင်လောင်းမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်နှင့် ကျောက်မဲမြို့၊ နမ့်စန်မြို့၊ လွိုင်လင်မြို့၊ မင်းတပ်မြို့၊ ရမ်ကလောင်းနှင့် မိုးကုတ်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

❍ ရှေ့ဖုံးမှ

“ (ဃ) ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဂ)တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်း မရှိသည့်အခါ မြို့နယ်အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ သို့မဟုတ် နေပြည်တော်ကောင်စီ၏ သဘောတူညီချက်ရယူ၍ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ယာယီတာဝန်ပေးအပ်နိုင်သည်။”

၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၁၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အောက်ပါကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက မှတ်တမ်းထားရှိနိုင်ရန် သတင်းပို့ရမည်...

(က) အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုခုတွင် နေထိုင်ပြီး မိမိအိမ်ထောင်စုစာရင်းဝင်မဟုတ်သူက ညဉ့်အိပ်ညဉ့်နေ ဧည့်သည်အဖြစ်လာရောက်တည်းခိုခြင်း၊

( ခ ) မိမိထံလာရောက်တည်းခိုသော ဧည့်သည် ပြန်လည်ထွက်ခွာသွားခြင်း။”

၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၂၇။ မည်သူမဆို ပုဒ်မ ၁၇၊ ပုဒ်မ ၁၈နှင့် ပုဒ်မ ၁၉ တို့ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက ထောင်ဒဏ်ခုနစ်ရက်ထက်မပိုသော ထောင်ဒဏ်ကျခံစေရန် သက်ဆိုင်ရာတရားရုံးက ချမှတ်ရမည်။”

၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၈ တွင် ပုဒ်မခွဲ(ခ)နှင့် (ဂ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

“( ခ ) ပုဒ်မ ၁၆ ပုဒ်မခွဲ(ဂ) သို့မဟုတ် ပုဒ်မခွဲ (ဃ)အရ ယာယီတာဝန်ပေးအပ်ခံရသူအတွက် ချီးမြှင့်ထောက်ပံ့ငွေ၊

( ဂ ) သက်တမ်းကာလအပြည့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ပါက တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေ။”

၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၃၃ ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“၃၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ဧည့်စာရင်းတိုင်ကြားခြင်းကိစ္စနှင့် စပ်လျဉ်း၍ ငွေကြေးတစ်စုံတစ်ရာတောင်းခံခြင်းမပြုရ။”

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပို့ကုန်လုပ်ငန်းများမှ ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ထပ်မံ၍ ကာလတိုးမြှင့်ကင်းလွတ်ခွင့်ပြုပေးသွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**ကြေညာချက်အမှတ် (၂/၂၀၂၁)**
**နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်**
**(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)**

၁။ နိုင်ငံတော်အနေဖြင့် COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် လူမှုရေး၊ စီးပွားရေးတို့အတွက် အခွန်ဆိုင်ရာဖြေလျှော့မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ပို့ကုန်အပေါ် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းအား ၁-၄-၂၀၂၀ ရက်နေ့မှ ၃၁-၁-၂၀၂၁ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုပေးခဲ့ပါသည်။

၂။ ယခုအခါ COVID-19 ကပ်ရောဂါကြောင့် လူမှုရေး၊ စီးပွားရေး ထိခိုက်ခဲ့မှုများ ဆက်လက်ရှိနေဆဲဖြစ်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် ပို့ကုန်လုပ်ငန်းများမှ ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ထပ်မံ၍ ကာလတိုးမြှင့်ကင်းလွတ်ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

# သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့


# ဆေးလိပ်သောက်ခြင်းနှင့် ကိုဗစ်ဟာ အန္တရာယ်ရှိတဲ့ ပေါင်းစပ်မှုတစ်ခုပါ



#LETSBEATCOVIDTOGETHER

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အဆိုအရ ဆေးရုံတင်ထားရသည့် COVID-19 လူနာများထဲမှာ ရောဂါလက္ခဏာ ပြင်းထန်စွာခံစားရခြင်းနှင့် သေဆုံးမှုမြင့်တက်ခြင်းဟာ ဆေးလိပ်သောက်ခြင်းနှင့် ဆက်စပ်မှုရှိတယ်လို့ ဆိုပါတယ်။ ဆေးလိပ်သောက်ခြင်းက နှလုံးနှင့်အဆုတ်ရောဂါဖြစ်နိုင်ခြေကို မြင့်တက်စေပါတယ်။ ဒီလိုအကြောင်းတွေကြောင့် ယခုအချိန်က သင်ဆေးလိပ်ဖြတ်ဖို့အတွက် အသင့်တော်ဆုံးအချိန်ပါ။ ဒီလိုဖြတ်လိုက်မယ်ဆိုရင် သင့်မိသားစုကလည်း ကျေးဇူးတင်မှာပါ။

# COVID-19 ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့ လူထုထပ်သောနေရာများကို ရှောင်ကြဉ်ပါ။



#LETSBEATCOVIDTOGETHER

COVID-19ကပ်ရောဂါကူးစက်မခံရစေဖို့ “လူအစုအဝေး” ကိုရှောင်ရှားဖို့လိုအပ်ပါတယ်။ COVID-19ဗိုင်းရပ်စ်ပိုးက မျိုးဗီဇပြောင်းလဲသွားပြီဖြစ်သလိုရောဂါကူးစက်နိုင်စွမ်းလည်းမြင့်တက်သွားပြီဖြစ်ပါတယ်။ (SourcefromMOHS) ရောဂါကူးစက်ခံရသူတစ်ဦးဟာ နှာချေချောင်းဆိုးလိုက်တိုင်း ဗိုင်းရပ်စ်ပိုး လွှတ်ထုတ်ပါတယ်။ ဒါကြောင့် လူစုလူဝေးရှိတဲ့နေရာတွေမှာ ရောဂါကူးစက်ခံရနိုင်ခြေမြင့်မားပါတယ်။ တတ်နိုင်သမျှ အိမ်ထဲမှာနေပြီး သင်ကိုယ်တိုင်ကိုရော၊ အခြား လူတွေကိုရော COVID-19 ကပ်ရောဂါကူးစက်မှုကနေ ကာကွယ်ပါ။

# မာယာနှင့် အမှန်တရား

## ချစ်နိုင်(စိတ်ပညာ)

*(ယမန်နေ့မှ အဆက်)*

သတင်းသမားရဲ့လုပ်ငန်းတာဝန်တွေက ဒီ(၆)ခုပါပဲ။

၁။ Information – သတင်းအချက်အလက် အဖြစ်အပျက်၊ ဖြစ်ရပ်၊ ကိန်း၊ ဂဏန်း၊ စာရင်းဇယား ဖြန့်ဝေ။

၂။ Entertainment – ဖျော်ဖြေတင်ဆက်၊ ဆွဲဆောင်၊ အနုပညာ ရသပါစေ။

၃။ Enlightenment – အလင်းပြ၊ အသိရရှိ၊ ဆင်ခြင်မိ၊ အတွေးပေါက်စေ။

၄။ Enjoyment – ကျေနပ်နှစ်သက်၊ ခင်မင်ရင်းနှီး၊ ယုံကြည်မှုရစေ။

၅။ Encouragement – အားတက်ရဲရင့်စေ၊ စိတ်ဓာတ်ခိုင်မာမြင့်မြတ်စေ။

၆။ Education – မြော်မြင်တွေးခေါ်သဘောပေါက် ဘဝတစ်လျှောက် အသုံးချတတ်စေ။

ဘာတွေလဲ။ ဥပမာ ... ဒါတွေပဲ –

(က) Policy မူဝါဒ ၊

( ခ ) Principle အခြေခံသဘောတရား ၊

( ဂ ) Procedure ဆောင်ရွက်စဉ် ၊

(ဃ) Process ဖြစ်စဉ်ကြောင်းကျိုးကွင်းဆက် ၊

( င ) Practice လက်တွေ့ အလေ့အကျင့် ၊

( စ ) Personality Development ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်မှု။

(၁) **သတင်း**။ သတင်းအချက်အလက်၊ အဖြစ်အပျက်၊ ကိန်းဂဏန်း၊ စာရင်းဇယား စသည်တို့ဟာ တိကျပြည့်စုံရပါတယ်။ ဘယ်သူ၊ ဘယ်အချိန်၊ ဘယ်နေရာမှာ ဘာကို၊ ဘယ်လို၊ ဘာကြောင့်၊ ဘာလုပ်သလဲ၊ ဘာဖြစ်သလဲ ဆိုတဲ့ (ဘ) ခြောက်လုံးရနိုင်သမျှ ပါရတာပေါ့။

တန်ဖိုးရှိချင်ရင် – (၁) မှန်ရမယ် (၂) မြန်ဆန်လတ်ဆတ်ရမယ်၊ ဦးရမယ်၊ စောရမယ် (၃) ထိရောက်အောင် ဖော်ပြတင်ပြတတ်ရမယ်။ ဒါတွေကိုတော့ အကျယ်မပြောတော့ပါ။ မှန်ကန်ဖို့ဆိုတာ ကျွမ်းကျင်မှုရှိရတယ်။ ကျွမ်းကျင်တတ်မြောက်နေရင်မှန်လည်းမှန်တယ်။ မြန်လည်း မြန်တယ်။ အသက်မွေးဝမ်းကျောင်းပညာမှာ ညာလို့မရဘူး၊ ခိုလို့ကပ်လို့မရဘူး။ စိတ်ပါလက်ပါ မရှိသူ၊ လေ့လာလေ့ကျင့်မှု မရှိသူဆိုရင် ဖယ်ရှား သို့မဟုတ် ရှင်းလင်းပြောင်းရွှေ့ပေးလိုက်တာ အကောင်းဆုံးပါပဲ။ အမှန်တရားကို မြတ်နိုးသူ သစ္စာဘက်တော်သားသာ ဖြစ်ရပါမယ်။ ဘက်လိုက်တာ၊ ပင်းတာ၊ မလိုတစ်မျိုး၊ လိုတစ်မျိုး၊ အကျင့်မကောင်းတာမျိုးဆိုရင် ဖယ်ရှားလိုက်တာ မှန်တယ်။ ငါးခုံးမ တစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်နေတာတွေ သင်ခန်းစာယူသင့်ပါတယ်။ (ကျင့်ဝတ်ပိုင်းဆိုင်ရာ မပြောလိုတဲ့အတွက် အကျယ်မဖော်ပြတော့ပါ) သစ္စာရှိရမယ်။

(၂) **ဖျော်ဖြေတင်ဆက်မှု** ။ ပန်းချီ၊ ကာတွန်း၊ ဓာတ်ပုံ၊ ကဗျာ၊ အကာ၊ ဆင်ယင်မှုစတဲ့ ရသအနုပညာတွေနဲ့ ပရိသတ်ကို နည်းမျိုးစုံ ဖမ်းစားဆွဲဆောင်ရမှာပဲ။

ပရိသတ်ကို လေးစားသောအားဖြင့် အနုပညာရသကိုတော့ လှပခမ်းနားအောင် ခြယ်သရမှာပါ။

(၃) **အလင်းပြခြင်း** ။ အချက်အလက်၊ သတင်းသက်သက် မပို မလိုစေရဘဲ တိတိကျကျ၊ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် တင်ပြရတာ ဖြစ်ရုံမျှမက အကောင်းအဆိုး အကြောင်းအကျိုး ရှေ့ကို မီးမောင်းထိုးပြနိုင်စွမ်းရှိတဲ့ စာပေမျိုးတွေ ပါသင့်ပေတာပေ့ါ။ ခေတ်နဲ့အညီ လိုအပ်နေတဲ့ မျက်စိဖွင့်ပေးတဲ့ လက်ရာမျိုးတွေပါရင် ကောင်းတာပေ့ါ။ ရှာဖွေစုဆောင်းဖော်ပြရမှာပါ။

(၄) **ကျေနပ်နှစ်သက်စေခြင်း** ။ မိမိတို့ သတင်းဌာန သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ထုတ်ဝေတဲ့ တိုက်ရဲ့ ဂုဏ်သိက္ခာ၊ ဂုဏ်သတင်းဆိုတာကလည်း စေတနာရယ်၊ ကျွမ်းကျင်မှုရယ်၊ လေးစားတန်ဖိုးထား ဆက်ဆံမှုရယ် စသဖြင့် ရေရှည်မွေးမြူတည်ဆောက်ရတာ မဟုတ်ပါလား။ **“ကျုပ်ကို ခင်ပါဗျာ၊ ယုံပါဗျာ”** ပြောဆိုရုံမျှ ဘယ်သူကမှ မခင်မင်ပါ၊ မယုံကြည်ပါ။ ပရိသတ်ရဲ့ အကြိုက်တွေကို စူးစမ်းလေ့လာထားပြီး သူနဲ့ကိုက်ညီဆီလျော်မယ့် ရသအနုပညာကို ပေးတတ်ရမယ်။ တင်ဆက်နိုင်ရမယ်။ ဒါက သတင်းစာဆရာရဲ့ စေတနာနဲ့ ပညာအရည်အသွေးပဲလေ။ သုတေသန ရှိနေရမယ်။

(၅) **အားတက်ရဲရင့်စေ** ။ လူတစ်ဦးချင်းက တည်ကြည်ခိုင်မာတဲ့ လူကောင်းလူတော်တွေ ဖြစ်လာကြရင် မိမိတို့ လူ့အဖွဲ့အစည်းတစ်ခုလုံး လေးစားတန်ဖိုးမြင့်မားတဲ့ လူ့အဖွဲ့အစည်း ဖြစ်လာမှာပဲ မဟုတ်လား။ အကောင်းမြင်စိတ်ထား၊ အပြုသဘော စိတ်နေစိတ်ထားတွေ ပြန့်ပွားအောင် ကြိုးစားနေရပါမယ်။ မနာလို၊ ဝန်တိုမုန်းတီး၊ သူတစ်ဖက်သား ဒုက္ခရောက်အောင် နှိမ့်ချ၊ ပုတ်ခတ်၊ တိုက်ခိုက်၊ ရန်လို စတဲ့ (အကုသိုလ်စိတ်၊ အကုသိုလ်ဟိတ်) သဘောထားအမြင်တွေ ဖယ်ရှင်းရပါမယ်။ ကျင့်ဝတ်သဘော ပြောခြင်းထက် လူပီသတဲ့ ယဉ်ကျေးမှု နီတိအခြေခံကို တင်ပြနေတာပါ။ အကုသိုလ် မထူပြောစေရ။

(၆) **မြော်မြင်တွေးခေါ်တတ်စေ** ။ ပထမအဆင့်က သတင်းအချက်အလက် မှန်ဖို့ မြန်ဖို့ ထိရောက်ဖို့ အလုပ်မှသည် ဟောဒီ ပညာပေးခြင်းအပိုင်း၊ စာဖတ်ပရိသတ်၊ ရုပ်မြင်သံကြား ပရိသတ် သို့မဟုတ် မီဒီယာပရိသတ်ကြီးကို အထိရောက်ဆုံး အကောင်းဆုံး အလုပ်အကျွေးပြုနိုင်ရေးက အမြင့်မားဆုံး ရည်မှန်းချက်တာဝန်ပဲပေ့ါ။

သတင်းစာဆရာဟာ **“ဆရာပီသ”** ရပါမယ်။ ဆိုက်ကားဆရာ၊ ကားဆရာ၊ ဆံပင်ညှပ်ဆရာတို့လည်း သူ့နေရာနဲ့သူ ကျွမ်းကျင်မှုအတတ်ပညာရှိကြရတာပါပဲ။ သတင်းစာဆရာကတော့ ကွိဝတ္ထုထဲက ဇာတ်လိုက်သတင်းစာဆရာ ကွိလို၊ ဂျာနယ်ကျော်ဦးချစ်မောင်လို၊ နိုင်ငံလူမျိုးအတွက် တကယ် ထိထိရောက်ရောက် တန်ဖိုးရှိရှိ စွမ်းဆောင်နိုင်တဲ့ သတင်းစာဆရာဖြစ်အောင် လေ့ကျင့်ပျိုးထောင်ရပါမယ်။

> ❖ **မိမိတို့ သတင်းဌာန သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ထုတ်ဝေတဲ့ တိုက်ရဲ့ ဂုဏ်သိက္ခာ၊ ဂုဏ်သတင်းဆိုတာကလည်း စေတနာရယ်၊ ကျွမ်းကျင်မှုရယ်၊ လေးစားတန်ဖိုးထား ဆက်ဆံမှုရယ် စသဖြင့် ရေရှည်မွေးမြူတည်ဆောက်ရတာ မဟုတ်ပါလား။ “ကျုပ်ကို ခင်ပါဗျာ၊ ယုံပါဗျာ” ပြောဆိုရုံမျှ ဘယ်သူကမှ မခင်မင်ပါ၊ မယုံကြည်ပါ။ ပရိသတ်ရဲ့ အကြိုက်တွေကို စူးစမ်းလေ့လာထားပြီး သူနဲ့ကိုက်ညီဆီလျော်မယ့် ရသအနုပညာကို ပေးတတ်ရမယ်။**
>
> ❖ **သတင်းစာဆရာဟာ “ဆရာပီသ” ရပါမယ်။ ဆိုက်ကားဆရာ၊ ကားဆရာ၊ ဆံပင်ညှပ်ဆရာတို့လည်း သူ့နေရာနဲ့သူ ကျွမ်းကျင်မှုအတတ်ပညာရှိကြရတာပါပဲ။ သတင်းစာဆရာကတော့ ကွိဝတ္ထုထဲက ဇာတ်လိုက်သတင်းစာဆရာ ကွိလို၊ ဂျာနယ်ကျော်ဦးချစ်မောင်လို၊ နိုင်ငံလူမျိုးအတွက် တကယ်ထိထိရောက်ရောက် တန်ဖိုးရှိရှိ စွမ်းဆောင်နိုင်တဲ့ သတင်းစာဆရာဖြစ်အောင် လေ့ကျင့်ပျိုးထောင်ရပါမယ်။**

စာကြည့်တိုက်နဲ့ သုတေသနလုပ်ငန်းကို အကျိုးရှိရှိ အသုံးချတတ်တဲ့ တက္ကသိုလ်ကျောင်းသူ ကျောင်းသားတွေကို လမ်းညွှန်ဦးဆောင်နိုင်စွမ်းရှိတဲ့ တက္ကသိုလ်ကထိက ပါမောက္ခတစ်ယောက်လို သတင်းစာပညာမှာ ကိုယ်ကိုယ်တိုင် ပြည့်ဝသူဖြစ်ပါစေ၊ မျိုးဆက်သစ်တွေ ပျိုးထောင်ပေးနိုင်ပါစေ။ ဆရာကြီး ပါမောက္ခ ဦးဖေမောင်တင်က တပည့်ပါမောက္ခတွေ ... မင်းသုဝဏ်(ဦးဝန်)၊ တက္ကသိုလ် မောင်သန့်စင် (ဦးအေးမောင်)၊ ဒေါက်တာလှဘေ၊ ဦးတိုးအောင်၊ ဦးလှရွှေ စာရေးဆရာကြီးတွေ ... ဇော်ဂျီ သိပ္ပံမောင်ဝ၊ (ဆရာထက် တပည့်က လက်စောင်းပိုထက်ရမယ်ဆိုတဲ့ မူဝါဒစေတနာမှန်နဲ့) အနာဂတ်ကို တိုးမြှင့်ပေးတတ်ရပါမယ်။

ဥပမာ ဒီစာအုပ် လေးအုပ်တော့ ဖတ်ထားဖူးရင် ကောင်းမှာပဲလို့ အကြံပြုချင်ပါတယ်။

(၁) ရွှေဥဒေါင်း **ဘဝတစ်သက်တာ မှတ်တမ်းနှင့် အတွေးအခေါ်များ၊**

(၂) ရွှေလင်းယုန် **သူ(ဝတ္ထု)၊**

(၃) ဂျာနယ်ကျော်မမလေး **သူလိုလူ(အတ္ထုပ္ပတ္တိ)၊**

(၄) ဦးဝင်းတင်(ဟံသာဝတီ) **ကွိ(ဘာသာပြန်ဝတ္ထု)**။

ပညာရှာပါ။

ပညာဆိုတာ ဘာလဲ။

ပညာဆိုတာဟာ အကြောင်းအကျိုး၊ အကောင်းအဆိုး၊ အကျိုးအပြစ်၊ အမှန်အမှား၊ အရင်းအဖျား စတာတွေကို ခွဲခြားနားလည် သိမြင်ခြင်းပါပဲ။ အမြဲမပြတ် စာများများ ဖတ်နေပါ။

ပညာကို ဘယ်လို သိရသလဲ။ ရနိုင်သလဲ။

ကွဲပြားခြားနားတဲ့ ဒီနည်းတွေနဲ့ သိနိုင်သတဲ့ ဂေါတမမြတ်စွာဘုရား (ဘီစီ ၅၆၃–၄၈၃)က ထုတ်ဖော်ညွှန်ပြခဲ့ဖူးပါတယ်။

(၁) ကိုယ်တွေ့သိနည်း ပစ္စက္ခပမာဏ ၊

(၂) ဆင်ခြင်သိနည်း အနုမာနပမာဏ ၊

(၃) နှိုင်းယှဉ်သိနည်း ဥပမာနပမာဏ ၊

(၄) စာပေသိနည်း သဗ္ဗပမာဏ ၊

(၅) ချင့်ချိန်သိနည်း အတ္တာပတ္တိပမာဏ ၊

(၆) အာရုံပြုသိနည်း အာနုပလဒ္ဒိပမာဏ ၊

(၇) အလားတူအားဖြင့်သိနည်း သမ္ဘဝပမာဏ ၊

(၈) ထုံးဓလေ့အစဉ်အလာအားဖြင့်သိနည်း ဧတိဟျပမာဏ ၊

(၉) မျက်မှောက်ပြုသိနည်း သစ္စိကရဏပမာဏ ။

မိမိသိရတဲ့ အသိတရား၊ အသိပညာ၊ အတတ်ပညာဟာလည်း မှန်ပြီလို့၊ ပြည့်စုံလှပြီ၊ တိကျပြီလို့ အတည်မယူ အစွဲမသန်သင့်ဘူးတဲ့။

ဒီလေးချက်နဲ့ တိုက်ဆိုင်စိစစ်ပြီး ကိုယ်ကိုယ်တိုင်သိတဲ့အခါမှ စွန့်ပယ်ရပါမယ်လို့ ဆိုတယ် –

(၁) **ဤတရားတို့ကား အပြစ်ရှိသလား။**

(၂) **ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့ပေလား။**

(၃) **ဤတရားကို ကျင့်သုံးသော် အစီးအပွားမဲ့ခြင်းငှာ ဖြစ်ကုန်သလော။**

(၄) **မိမိကိုယ်တိုင် ဂဃနဏ သေသေချာချာ သိမြင်ရပြီလား။**

စိစစ်ပါ။

မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ ကာလာမသုတ်နဲ့ ဘဒ္ဒိယသုတ်တို့မှာ ပါရှိသော အတည် မယူသင့်သေးသော (၁၀)ချက်ဆိုတာ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်း ကောင်းကောင်း သိထားကြပြီးသားပါ။ သတင်းနဲ့ ပတ်သက်လို့ ကူးယူဖော်ပြလိုက်ပါရစေ –

(၁) သူတစ်ပါး ပြောသံကြားကာမျှဖြင့် မှန်ပြီ အတည်မယူရ။

(၂) အစဉ်အဆက် စကားမျှဖြင့်လည်း မှန်ပြီ အတည်မယူရ။

(၃) ဤသို့ ဖြစ်ဖူးသတတ်ဆိုရုံမျှဖြင့် မှန်ပြီ အတည်မယူရ။

(၄) ပိဋကတ်စာပေနှင့် ညီညွတ်ပေသည်ဟု မှန်ပြီ အတည်မယူရ။

(၅) ကြံဆတွေးတော၍ ယူခြင်းမျှဖြင့် မှန်ပြီ အတည်မယူရ။

(၆) နည်းမှီးယူခြင်းမျှဖြင့်လည်း မှန်ပြီ အတည်မယူရ။

(၇) အခြင်းအရာကို ကြံစည်သောအားဖြင့် မှန်ပြီ အတည်မယူရ။

(၈) ငါတို့ကြံစည်နှစ်သက်၍ ယူထားသောအယူနှင့် တူညီပေသည်ဟုလည်း မှန်ပြီ အတည်မယူရ။

(၉) မှတ်ယူထိုက်သော သဘောမျှဖြင့်လည်း မှန်ပြီ အတည်မယူရ။

(၁၀) ငါတို့လေးစားထိုက်သော ရဟန်း၏စကားဟူ၍လည်း မှန်ပြီ အတည်မယူရ။

**နိဂုံး**

ချစ်ခင်လေးစားစွာ ပြည်သူများအား တင်ပြနိုင်ရန် ရှာဖွေစုဆောင်းကာ မေတ္တာ ရှေးရှုလျက် **“မာယာ”**နှင့် **“အမှန်တရား”** ရှင်းလင်းထင်ရှားစွာ ခွဲခြားတတ်စေရန် ကြိုးပမ်းဖော်ပြအပ်ပါတယ်။ လိုရင်းတိုကျဉ်းမျှသာ ဖြစ်ပါတယ်။ တိုးတက်အောင်မြင် ပျော်ရွှင်ငြိမ်းချမ်းကြပါစေ။ ။

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

COVID-19 ရောဂါဖြစ်ပေါ်မှု အခြေအနေများကြောင့် ဖူးမြော်ခွင့် ယာယီရပ်ဆိုင်းထားရှိသည့် နိုင်ငံတစ်ဝန်းမှ ဘုရားစေတီပုထိုးများကို COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို တရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ဖူးမြော်ခွင့်ပြုခဲ့ကြောင်း သိရှိရသည်။

ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိမဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ လာရောက်ဖူးမြော်ကြည်ညိုကြသူ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ မိဘပြည်သူများသည် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကုသိုလ်ယူလျက်ရှိကြသည်။

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ လည်းကောင်း၊ နံနက် ၈ နာရီမှ ၉ နာရီအထိ လည်းကောင်း၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ လည်းကောင်း နံနက်ပိုင်း ၃ ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိလည်းကောင်း၊ ညနေ ၃ နာရီမှ ၄ နာရီအထိ လည်းကောင်း၊ ညနေ ၅ နာရီမှ ၆ နာရီအထိလည်းကောင်း ဖူးမြော်နိုင်ရေး ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## သီလရှင်စာသင်တိုက်နှင့် မူလွန်သီလရှင်သင်ပညာရေးကျောင်းအတွက် ဆန်၊ ဆီ၊ ပဲနှင့် သီလရှင်ဝတ်စုံများလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီးတောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု တာဝကညင်ပင် ၂ လမ်းနှင့် ၃ လမ်းကြားရှိ သမိဒ္ဓေါဒယတေဇောသစ်နမ့်ဆန် သီလရှင်စာသင်တိုက်နှင့် မူလွန်သီလရှင်သင်ပညာရေးကျောင်းသို့ ဆွမ်းဆန် ခြောက်အိတ်၊ ကြက်သွန်နီ တစ်အိတ်၊ ကြက်သွန်ဖြူ တစ်အိတ်၊ ဆီ ပိဿာ ၅၀၊ ပဲ နှစ်အိတ်နှင့် သီလရှင်ဝတ်စုံ ၁၀ စုံ၊ နေ့ဆွမ်းတို့ကို အလှူရှင် ဦးသန့်စင်-ဒေါ်ခိုင်စန်းအေး မိသားစုတို့က ဖေဖော်ဝါရီ ၁၃ ရက်တွင် လှူဒါန်းကြသည်။ **(အောက်ပုံ)**

အဆိုပါလှူဒါန်းပွဲတွင် သမိဒ္ဓေါဒယတေဇောသစ်နမ့်ဆန်သီလရှင်စာသင်တိုက် ဦးစီးပဓာနနာယကဆရာကြီး ဒေါ်ကေသာရီထံ လှူဒါန်းပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။ အဆိုပါသီလရှင်စာသင်တိုက်ကို ၂၀၀၇ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး သီလရှင်သင်ပညာရေးကျောင်းကို ၂၀၁၀-၂၀၁၁ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ခဲ့သည်။ ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် သူငယ်တန်းမှ သတ္တမတန်းအထိ ဆရာမ ၁၂ ဦး၊ ကျောင်းသား ကျောင်းသူ ၄၀၀ ရှိသည်။ ထို့ပြင် အလယ်တန်းအဆင့် ပညာသင်ဆရာလေးကိုးပါးနှင့် အထက်တန်းအဆင့် ပညာသင်ဆရာလေး ခြောက်ပါးရှိကြောင်း သိရသည်။

**မျိုးမင်းသူရ**



ထားဝယ်မြို့ တပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူနေသည့် ဒေသခံပြည်သူများအား ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်က စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ လက်ခံကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ ယာယီကုသရေးဆေးရုံများဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြင်ပမှ ဆရာဝန်များသည်လည်း ၎င်းတို့၏ သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၇၄၅၄ ဦး၊ အတွင်းလူနာ ၃၁၇၆ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၃၁၅ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၅၅ ဦး၊ စုစုပေါင်း ၄၇၀ ဦး တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၈၉ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၂၉၀ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ်ကလေးငယ် ၄၇၉ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှု ခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရှိရသည်။

ယနေ့တွင် သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံတပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



## “ပြည်သူသို့ မေတ္တာရပ်ခံချက်”

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီလူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုး အကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**


## ပြည်သူလူထုထံ ပန်ကြားချက်

ပြည်သူများ၏ နေ့စဉ်စားဝတ်နေရေးနှင့် စီးပွားရေးလုပ်ငန်းဆောင်တာများ အဆင်ပြေစေရန် ဘဏ်များက နေ့စဉ်ဝန်ဆောင်မှုပေးလျက်ရှိကြပါသည်။ ဘဏ်လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ခြင်းသည် နိုင်ငံစီးပွားရေး၏ အဓိကအခြေခံလိုအပ်ချက်တစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံအတွင်း ဘဏ်လုပ်ငန်းများ စနစ်တကျဖြင့် အခြေခံခိုင်မာစွာ ပုံမှန်လည်ပတ်နိုင်စေရန် ကြီးကြပ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူလူထုကလည်း နိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုကိုရှေးရှုပြီး ဘဏ်များ ပုံမှန်လုပ်ကိုင်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

❊ *ကျောဖုံးမှ*

ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ ရည်ရွယ်ချက်ရှိရှိဖြင့် နိုင်ငံတစ်နိုင်ငံအပေါ် မျှတမှုမရှိဘဲ ဦးတည်အရေးယူသည့် အဆိုမူကြမ်းကို လက်မခံနိုင်ကြောင်း၊ အဆိုပါ ဖိအားပေးမှုများသည် သက်ဆိုင်ရာနိုင်ငံ၏အခြေအနေကို ပိုမိုဆိုးရွားစေနိုင်ပြီး တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ရာတွင် အနှောင့်အယှက်ဖြစ်စေကာ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မှုအတွက်လည်း အဟန့်အတားဖြစ်စေကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အဆိုပါဆုံးဖြတ်ချက် အဆိုမူကြမ်းကို သဘောမတူကြောင်း ပြောကြားသည်။

ဆုံးဖြတ်ချက် အဆိုမူကြမ်းတွင် တရုတ်၊ ရုရှား၊ ဗင်နီဇွဲလား၊ ဘိုလီးဗီးယားနှင့် ဖိလစ်ပိုင်နိုင်ငံတို့က သဘောမတူ၊ မထောက်ခံကြောင်း (Dissociate) ပြောကြားခဲ့သည်။

သတင်းစဉ်

**"နိုင်ငံရေးအရ ရည်ရွယ်ချက်ရှိရှိဖြင့် နိုင်ငံတစ်နိုင်ငံအပေါ် မျှတမှုမရှိဘဲ ဦးတည်အရေးယူသည့် အဆိုမူကြမ်းကို လက်မခံနိုင်ကြောင်း၊ အဆိုပါ ဖိအားပေးမှုများသည် သက်ဆိုင်ရာနိုင်ငံ၏ အခြေအနေကို ပိုမိုဆိုးရွားစေနိုင်ပြီး တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ရာတွင် အနှောင့်အယှက်ဖြစ်စေကာ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မှုအတွက်လည်း အဟန့်အတားဖြစ်"**

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# မြဝတီကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီလ ပထမပတ်အတွင်း ပြောင်းတန်ချိန် ၉၉၀၀၀ ကျော် တင်ပို့နိုင်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**မြဝတီကုန်သွယ်ရေးဇုန်မှ ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၉ ရက်အထိ ထိုင်းနိုင်ငံဘက်သို့ မြန်မာ့ပို့ကုန် ပြောင်းတင်ပို့ရန်အတွက် အကောက်ခွန်သက်သာခွင့် Form-D ထုတ်ယူမှု ၄၄၅ စောင်ရှိပြီး တန်ချိန် ၉၉၆၃၇ ဒသမ ၃၇တန် ၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၆၂ သန်းခန့် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။**



မြဝတီကုန်သွယ်ရေးဇုန်မှ ထွက်ခွာမည့် ပို့ကုန်ယာဉ်များကို တွေ့ရစဉ်။

ထိုင်းနိုင်ငံ မဲဆောက်သို့ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် မြန်မာ့စိုက်ပျိုးရေးထွက်ကုန် ပြောင်းကို နှစ်စဉ် ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ အကောက်ခွန်သက်သာခွင့် Form-D ဖြင့် တင်ပို့လျက်ရှိကြောင်း၊ ယခု တစ်ဖက်ထိုင်းနိုင်ငံသို့ တင်ပို့သည့် ပို့ကုန်ပစ္စည်းများကို အကောက်ခွန်သက်သာခွင့် ရရှိစေရန် Form-Dများ စိစစ်ထုတ်ပေးမှုများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုအချိန်တွင် ထိုင်းနိုင်ငံဘက်မှ အကောက်ခွန်သက်သာခွင့် ကန့်သတ်ထားသော ကြက်သွန်နီမှ လွဲ၍ ကျန်ပို့ကုန်အမယ်များအတွက် အကောက်ခွန်သက်သာခွင့် ရရှိနိုင်မည့် Form-D ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ Electronic Data Exchange စနစ် အသုံးပြု၍ e-ATIGA Form-D အဖြစ် ပြောင်းလဲအသုံးပြုထုတ်ပေးလျက်ရှိကြောင်း၊ သို့ရာတွင် ဖေဖော်ဝါရီ ၇ ရက်က မြန်မာနိုင်ငံ၌ နည်းပညာပိုင်းဆိုင်ရာ ချွတ်ယွင်းမှုနှင့် အင်တာနက်လိုင်းများ ချွတ်ယွင်းမှုတို့ကြောင့် e-ATIGA Form-D အစား Manual Sign ဖြင့် Manual Form-D ၅၁ စောင် ထုတ်ပေးခဲ့ရကြောင်း သိရသည်။

အလားတူ ဖေဖော်ဝါရီ ၁၂ ရက်တွင် မြဝတီကုန်သွယ်ရေးဇုန်မှ တစ်ဖက် ထိုင်းနိုင်ငံ မဲဆောက်သို့ ပို့ကုန်တင်ပို့လျက်ရှိပြီး ပို့ကုန်ယာဉ်စီးရေ ၂၈၇ စီးရှိပြီး ကြက်သွန်နီ၊ ပြောင်း၊ မြေပဲ (အခွံပါ)၊ ငရုတ်သီး(အခြောက်)၊ ပဲပုပ်၊ ငါး၊ မတ်ပဲနှင့် ချုပ်ပြီးအဝတ်အထည်များ(CMP) ကို တင်ပို့လျက်ရှိသည်။

ယင်းနေ့တွင် သွင်းကုန်တင်သွင်းမှုအနေဖြင့် သွင်းကုန်ယာဉ် ၁၈၆ စီးရှိပြီး ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် အပိုပစ္စည်းများ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ကားတာယာ၊ မြေသြဇာ၊ စားသောက် ကုန်မျိုးစုံ၊ အလှကုန်ပစ္စည်းများ စသည်တို့ကို တင်သွင်းလျက်ရှိကြောင်း အဆိုပါ ကုန်သွယ်ရေးဇုန်၏ သတင်း ထုတ်ပြန်ချက်အရ သိရသည်။ **သီဟစည်သူ၊ ဓာတ်ပုံ - Myawady Tradezone**






# နှစ်စဉ် ကျင်းပမြဲဖြစ်သော ညောင်တုန်းမြို့ မြန်မာနိုင်ငံလုံးဆိုင်ရာ သုဓမ္မပရိယတ္တိစာတော်ပြန်ပွဲ ကျင်းပမည်

**ညောင်တုန်း ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ သုဓမ္မပရိယတ္တိ စာတော်ပြန်ပွဲကို တပို့တွဲလဆန်း ၉ ရက်မှ တပို့တွဲလပြည့်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာမေးပွဲကြီးကို မြန်မာနိုင်ငံလုံးဆိုင်ရာ သုဓမ္မပရိယတ္တိ ပထမပြန်စာမေးပွဲ အသင်းကြီး၏ ဦးစီးနာယက ဆရာတော်ကြီးများ၏ ဩဝါဒအဆုံးအမဖြင့် အကျိုးတော်ဆောင်အဖွဲ့တို့က လက်ဆင့်ကမ်း စွမ်းဆောင်နိုင်ခဲ့သည်မှာ (၉၇) ကြိမ်တိုင်အောင်မြင်စွာ သာသနာပြု ဆောင်ရွက်နိုင်သည်။

ဤအသင်းကြီး၏ ရည်ရွယ်ချက်မှာ ပရိယတ္တိ သာသနာတည်တံ့ တိုးပွားစေရန်၊ ဗုဒ္ဓသာသနာ့အာဇာနည်၊ ပညာတတ်အကျော်အမော် ပုဂ္ဂိုလ်များ ပေါ်ထွန်းလာစေရန်နှင့် ဗုဒ္ဓဘာသာဝင်တို့ပါရမီကုသိုလ်ထူးများ ရရှိပွားများစေရန် တို့ကို ရည်ရွယ်၍ ကျင်းပခြင်း ဖြစ်သည်။ ယခုနှစ် (၉၈) ကြိမ်မြောက် ရာပြည့်အကြို မြန်မာနိုင်ငံလုံးဆိုင်ရာ သုဓမ္မပရိယတ္တိ ပထမပြန် စာမေးပွဲအသင်းကြီးကို ကိုဗစ် – ၁၉ ရောဂါကြောင့် နှစ်စဉ်နှစ်တိုင်းကဲ့သို့ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ စာတော်ပြန်ပွဲကိုသာ အဓိကထား ဆောင်ရွက်မည်ဖြစ်သည်။

"ဒီစာပြန်ပွဲကြီးကို နှစ်စဉ်နှစ်တိုင်းကတော့ ပဋ္ဌာန်းပွဲ၊ တရားပွဲနှင့် စာဖြေသံဃာတော်များ မြို့ပတ်ဆွမ်းခံကြွခြင်းတို့ကို ဒီနှစ်မှာတော့ ကိုဗစ် – ၁၉ ရောဂါကြောင့် စည်စည်ကားကား မကျင်းပနိုင်သော်လည်း စာမေးပွဲကိုသာ အဓိကထားပြီး ကျင်းပသွားမှာပါ။ ဒီစာပြန်ပွဲကြီးကို တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်အသီးသီးက စာဖြေသံဃာတော်နဲ့ သီလရှင်အပါး ၃၂၀ ကျော် လောက် ကြွရောက်ပြီး ဖြေဆိုကြပါတယ်။ ဒီနှစ်မှာတော့ နယ်အသီးသီးက စာဖြေသံဃာတော်တွေကို ပင့်လျှောက်နိုင်ခြင်း မရှိတော့ပါဘူး။ ညောင်တုန်းမြို့နယ်အတွင်းမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်း အသီးသီးက ဖြေဆိုတော်မူကြမယ့် စာချတန်း၊ အကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်းနဲ့ အခြေပြုမူလတန်း စုစုပေါင်း သံဃာ ၇၅ ပါး ဝင်ရောက်ဖြေဆိုတော်မူကြမှာ ဖြစ်ပါတယ်" ဟု အသင်းကြီး၏ အကျိုးတော်ဆောင် အတွင်းရေးမှူး ဦးသန်းလွင်က ပြောသည်။

ညောင်တုန်းမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ အတန်းအသီးသီးတွင် ဝင်ရောက်ဖြေဆိုတော်မူကြသော စာဖြေသံဃာ ၇၅ ပါးတို့သည် အမှတ်(၄)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မဟာဓမ္မဒီပိကာရုံ ဈေးဓမ္မရုံ တန်ဆောင်းတော်ကြီးတွင် တပို့တွဲလဆန်း ၉ ရက်မှ တပို့တွဲလပြည့်နေ့အထိ ခုနစ်ရက်တိုင်တိုင် ဖြေဆိုတော်မူကြမည် ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**



# မင်းဘူး(စကု)မြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံများ တိုးချဲ့စိုက်ပျိုး

**မင်းဘူး ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ကျောက်တန်းကျေးရွာတွင် လယ်ယာသီးနှံများ စိုက်ပျိုးလုပ်ကိုင်ကြသော်လည်း ဆောင်းတွင်းနှင့် နွေရာသီကာလများတွင် မြေအောက်ရေဖြင့် ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

မင်းဘူး(စကု)မြို့နယ်သည် အလယ်ပိုင်း ပူပြင်းခြောက်သွေ့သော အညာဒေသတွင် ပါဝင်သော်လည်း မြို့နယ်အတွင်းရှိ ရေမျက်၊ ကျောက်တန်း၊ ရေတွင်းကုန်း စသော ကျေးရွာများသည် မြေအောက်ရေ တူးဖော်ရာတွင် ရေအောင်သည့်အပြင် ရေချိုထွက်ရှိကြသဖြင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရာတွင် အဆင်ပြေကြကြောင်း ကျောက်တန်းကျေးရွာ တောင်သူများထံမှ သိရသည်။

မြေအောက်ရေ တူးဖော်ရာတွင် ယခင်ကလို တုံကင်များ၊ မောင်းတံများ အသုံးပြုကာ ရေပုံးများဖြင့် ပက်ဖျန်းစိုက်ပျိုးခြင်း မပြုလုပ်ကြတော့ဘဲ သီးနှံများကို ကေများများ စိုက်ပျိုးကာ ရေစက်များဖြင့် ရေပိုက်များ၊ ရေမြောင်းများ အသုံးပြု၍ ရေသွင်းစိုက်ပျိုးကြကြောင်း သိရသည်။

ကျောက်တန်းကျေးရွာသည် ဟင်းသီးဟင်းရွက်သီးနှံများကို တစ်ရွာလုံး စိုက်ပျိုးလုပ်ကိုင်ကြသော်လည်း တစ်ဦးနှင့်တစ်ဦး စိုက်ပျိုးကြသည့် သီးနှံများမှာ တူညီမှု မရှိကြဘဲ အချို့က ပင်မြင့်သီးနှံပင်များဖြစ်သော ငှက်ပျော၊ ဆူးပုပ်၊ ရှောက်၊ သံပရာ၊ ဒန့်သလွန်ပင်များ စိုက်ပျိုးကြကာ အချို့က ဘူး၊ ဖရုံ၊ ငရုတ်၊ သခွား၊ နံနံနှင့် မုန်ညင်းများ စိုက်ပျိုးကြကြောင်း၊ တောင်သူများမှာ ယခုနှစ် ဟင်းသီးဟင်းရွက်သီးနှံများ တိုးချဲ့စိုက်ပျိုး လုပ်ကိုင်လာကြကြောင်း ကျောက်တန်းကျေးရွာမှ တောင်သူကိုဘိုဝင်းက ပြောသည်။

**ဇေယျာထက် (မင်းဘူး)**

# မော်လမြိုင်ခရိုင်အတွင်းရှိ ကျေးရွာပေါင်း ၁၁၃ ရွာတွင် ပြည်သူ့အကျိုးပြု ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မော်လမြိုင် ဖေဖော်ဝါရီ ၁၃**

ကျေးလက်နေပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိအကျိုးပြုနိုင်စေရန်နှင့် ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးခြင်းဖြင့် ကျေးရွာထွက်ထုတ်ကုန်သီးနှံများ သယ်ယူပို့ဆောင်ရာတွင် လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်စေရန် ရည်ရွယ်၍ မွန်ပြည်နယ် မော်လမြိုင်ခရိုင်အတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ကျေးရွာပေါင်း ၁၁၃ ရွာတွင် ပြည်သူ့အကျိုးပြု ကျေးလက်ကုန်ထုတ်လမ်း၊ တံတားနှင့် ရေရရှိရေးလုပ်ငန်းများနှင့် အခြားလုပ်ငန်း စုစုပေါင်း ၁၁၃ ခုတို့ကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးနိုင်က ပြောသည်။



မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်အတွင်းရှိ မော်လမြိုင်၊ ကျိုက်မရော၊ ချောင်းဆုံ၊ သံဖြူဇရပ်၊ မုဒုံ၊ ရေးမြို့နယ်တို့တွင် ကျေးရွာပေါင်း ၁၁၃ ရွာတို့၌ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းအဖြစ် ကျေးလက်ကုန်ထုတ်လမ်းမိုင်အရှည် (၂၁ / ၁၉၇) မိုင်နှင့်ကွန်ကရစ်တံတား ရှစ်စင်း၊ ရေထုတ်ပြွန်လေးစင်း၊ ရေပြွန်တံတား သုံးစင်းတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုငွေကျပ်သန်း ၄၇၀ ဒသမ ၅၊ ပြည်နယ် ရန်ပုံငွေကျပ်သန်း ၁၂၁၃ ဒသမ ၇ ဖြင့် လည်းကောင်း၊ ကျေးလက်ဒေသများတွင် ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းသော သောက်သုံးရေရရှိစေရေးအတွက် ကျေးရွာပေါင်း ၅၅ ရွာတွင် ရေပေးရေးလုပ်ငန်းပေါင်း ၅၅ ခုတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ်သန်း ၆၂၁ ဒသမ ၄၉၆ နှင့် ပြည်နယ်ရန်ပုံငွေကျပ်သန်း ၄၅ ဒသမ ၉၆၊ ယူနီဆက်ဖ်နှင့် ပြည်သူ့ပူးပေါင်း ရန်ပုံငွေကျပ်သန်း ၁၇ ဒသမ ၇၄ တို့ဖြင့်လည်းကောင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပြီး မိုးမကျမီ လုပ်ငန်းများအားလုံး အချိန်မီပြီးစီးနိုင်ရေးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအဖြစ် ကျေးရွာတစ်ရွာလျှင်ငွေကျပ် ၁၀ သန်းနှုန်း ထောက်ပံ့ပေးပြီး ကျေးရွာ၏ အမှန်တကယ်လိုအပ်နေသော ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် စီမံချက်ချမှတ်ရွေးချယ်သည့်လုပ်ငန်းပေါင်း ၃၇ ခုကို ကျေးရွာ ၃၇ ရွာတို့တွင် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် မတည်ရင်းနှီး လည်ပတ်ရန်ပုံငွေအဖြစ် အရင်းအနှီးလိုအပ်သူများအား အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားသော ကျေးရွာမြစိမ်းရောင်စီမံကိန်း ကျေးရွာခြောက်ရွာတို့တွင်လည်း စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာများတွင် သောက်သုံးရေ ဖူလုံနိုင်ရေးနှင့် ကျေးလက်ဒေသများ၌ ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးခြင်းဖြင့်လည်း ကျေးရွာများမှ ထုတ်ကုန်သီးနှံများကို ဈေးကွက်အတွင်းသို့ အချိန်ကုန်သက်သာစွာ သယ်ယူပို့ဆောင်မှု လွယ်ကူလျင်မြန်စွာ သွားလာနိုင်စေရန် စသည့်အကျိုးကျေးဇူးများ ရရှိစေရန်အတွက် လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မြင့်ဦး (မြိတ်)**





**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်**


# ပန်တိန်းကျေးရွာ၌ လယ်ယာကုန်ထုတ်လမ်းနှင့် ကျေးလက်ရေပေးရေးလုပ်ငန်း ပြန်လည်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်



**မယ်စဲ့ ဖေဖော်ဝါရီ ၁၃**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေများဖြင့် ပန်တိန်းကျေးရွာ၌ လယ်ယာကုန်ထုတ်လမ်း၊ ကုန်ထုတ်တံတားနှင့် ကျေးလက်ရေပေးရေးလုပ်ငန်း ပြန်လည်မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ပန်တိန်းကျေးရွာနေ ဒေသခံပြည်သူများ၏ လယ်ယာထွက်ကုန်ပစ္စည်းများ သယ်ယူရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် လယ်ယာကုန်ထုတ်လမ်းအရှည် (၂/၄) မိုင်၊ အကျယ် ၁၈ ပေ၊ ထု ၁ ပေ မြေသားလမ်းဖောက်လုပ်ပြီး မြေသားလမ်းပေါ်၌ ကျောက်ရောမြေ အကျယ် ၁၂ ပေ၊ ထု ၉ လက်မ ခင်းခြင်းလုပ်ငန်းနှင့် ကုန်ထုတ်လမ်းပေါ်တွင် လိုအပ်သည့် ကွန်ကရစ်တံတားတစ်စင်း၊ ရေထုတ်ပြွန်သုံးစင်း တည်ဆောက်ခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၁၄၈ ဒသမ ၉၆ သန်းဖြင့် တင်ဒါအောင်သည့် ကုမ္ပဏီက ဆောင်ရွက်လျက်ရှိရာ လုပ်ငန်း ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပန်တိန်းကျေးရွာ ကျေးလက်ရေပေးရေးလုပ်ငန်းကို ပြန်လည်မွမ်းမံခြင်း လုပ်ငန်းဖြစ်သည့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် အမိုးမိုးခြင်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းတို့ကို ပြည်ထောင်စုမွမ်းမံရန်ပုံငွေကျပ်သန်း ၄ ဒသမ ၆၈ ဖြင့် ULL ကုမ္ပဏီက ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သဖြင့် ယင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ယနေ့နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဆော်ပရေးရယ်တို့က ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# လီဗာပူးကို အနိုင်ယူပြီး အမှတ်ပေးဇယားအဆင့် (၂) နေရာအထိ ယာယီတက်လှမ်းနိုင်ခဲ့သည့် လက်စတာ

**ပရီမီယာလိဂ်ပွဲစဉ် ပွဲစဉ်(၂၄)အဖြစ် ဖေဖော်ဝါရီ ၁၃ ရက်လက်စတာအသင်းနှင့် လီဗာပူးအသင်းတို့ ညနေပိုင်းက အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ လက်စတာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲအနိုင်ရရှိမှုကြောင့် လက်စတာအသင်းအနေဖြင့် အမှတ်ပေးဇယား အဆင့် (၂) နေရာအထိ ယာယီတက်လှမ်းနိုင်ခဲ့သည်။**

နည်းပြ ကလော့ပ်၏ လီဗာပူးအသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိရန်အတွက် မာနေး၊ ဖာမီနို၊ ဆာလာ၊ မီလ်နာ၊ ဟန်ဒါဆင်၊ အာနိုး၊ ရော်ဘတ်ဆန်၊ အဲလစ်ဆင်စသည့် အဓိက ကစားသမားများကို အသုံးပြုကာ လက်စတာအသင်းကို ရင်ဆိုင်လာခဲ့သည်။ လက်စတာအသင်းကလည်း ရှမိုက်ကယ်၊ အီဗန့်စ်၊ ဆိုယွန်ကူ၊ အင်ဒီဒီ၊ တိုင်လီမန့်စ်၊ ဘားနက်စ်၊ ဗာဒီ စသည့် အဓိကကစားများကို အသုံးပြုကာ လီဗာပူးအသင်းကို ရင်ဆိုင်လာခဲ့သည်။ အနိုင်ရရှိရန် ပြင်ဆင်လာခဲ့သည့်အတွက် ပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်လာခဲ့သည်။ ပထမပိုင်း ပွဲချိန်အတွင်း နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများ ရှိခဲ့သော်လည်း အဆုံးသတ် မသေချာခဲ့သည့်အတွက် ဂိုးရရှိခဲ့ခြင်းမရှိပေ။ နှစ်သင်းစလုံး ဂိုးရရှိရန် အားထုတ်ခဲ့သော်လည်း ဒုတိယပိုင်းပွဲချိန် မိနစ် ၆၀ ကျော်လာသည်အထိ လိုအပ်နေသည့် ဂိုးကို သွင်းယူနိုင်ခြင်း မရှိပေ။ ၆၇ မိနစ် အရောက်တွင် လီဗာပူးအသင်း ဦးဆောင်ရရှိခဲ့ပြီး အဆိုပါဂိုးကို ယခုနှစ်ရာသီအသင်းအတွက် ခြေစွမ်းပြဂိုးများ သွင်းယူထားနိုင်သည့် ဆာလာကပင် ဖာမီနို၏ ဖန်တီးပေးမှုတစ်ဆင့် သွင်းယူနိုင်ခဲ့သည်။

လက်စတာအသင်း ဦးဆောင်ဂိုးခွင့်ပြုပေးခဲ့လိုက်ရပြီးနောက် ချေပဂိုးရရှိရန် နည်းပြ ရော်ဂျာ အသင်းကိုပြောင်းလဲမှုပြုလုပ်ခဲ့ပြီး ၇၄ မိနစ်တွင် အဲဘရိုက်တန်၏ နေရာကို အယိုဇီဖြင့် အစားထိုးလဲလှယ်ခဲ့သည်။ လီဗာပူးအသင်းကလည်း ဂျုံးစ်၏ နေရာကို ချန်ဘာလိန်ဖြင့် အစားထိုးလဲလှယ်ခဲ့သည်။



လက်စတာနှင့် လီဗာပူးတို့ ယှဉ်ပြိုင်ကစားစဉ်။

၇၈ မိနစ်အရောက်တွင် လက်စတာအသင်း ချေပဂိုးရရှိခဲ့ပြီး ဂျိမ်းစ်မက်ဒီဆင်က သွင်းယူပေးခဲ့သည်။ လက်စတာအသင်းသည် အဆိုပါချေပဂိုး ရရှိပြီးနောက် မကြာမီမှာပင် ဒုတိယဂိုးကို တိုက်စစ်ကစားသမား ဂျေမီဗာဒီက သွင်းယူပေးနိုင်ခဲ့သည်။ လီဗာပူးအသင်းသည် ယနေ့ပွဲစဉ်တွင် လက်စတာအသင်းကို ဘောလုံးပိုင်ဆိုင်မှု အသာစီး ရယူနိုင်ခဲ့သော်လည်း အဆုံးသတ်မသေချာမှုကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ဒုတိယပိုင်းပွဲကစားချိန် ၈၅ မိနစ်အရောက်တွင် လက်စတာအသင်း တတိယ ဦးဆောင်ဂိုးရရှိခဲ့ပြီး အဆိုပါဂိုးကို အင်ဒီဒီ၏ ဖန်တီးပေးမှုမှတစ်ဆင့် ဘားနက်စ်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် နှစ်သင်းစလုံး ဂိုးထပ်မံသွင်းယူနိုင်ခြင်း မရှိတော့သည့်အတွက် ပွဲအပြီးတွင် လက်စတာအသင်းက လီဗာပူးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

လက်စတာအသင်းသည် ယခုနိုင်ပွဲကြောင့် ၂၄ ပွဲကစားပြီး ရမှတ် ၄၆ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၂) နေရာအထိ ယာယီတက်လှမ်းထားနိုင်ခဲ့သည်။ လီဗာပူးအသင်းက အဆိုပါရှုံးပွဲကြောင့် ယခုနှစ်ရာသီတွင် ခြောက်ပွဲမြောက် ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသလို နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ဘရိုက်တန်၊ မန်စီးတီး၊ လက်စတာ စသည့်အသင်းများကိုလည်း သုံးပွဲဆက်ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် လာမည့် ဖေဖော်ဝါရီ ၁၆ ရက်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ လိုက်ပ်ဇစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

### ပဲလေ့စ်နှင့် ဘန်လေ

ပဲလေ့စ်နှင့် ဘန်လေပွဲတွင် ဘန်လေက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ဘန်လေအတွက် အဖွင့်ဂိုးကို ၅ မိနစ်တွင် ဂတ်မန်ဆင်က သွင်းယူပေးသည်။ နောက်ထပ် ၅ မိနစ်အကြာ ပွဲချိန် ၁၀ မိနစ်တွင် ဂျေရိုဒရီဂွက်ဇ်က ဒုတိယဂိုး သွင်းယူပေးကာ ပထမပိုင်းအပြီးတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ဘန်လေတို့ ဦးဆောင်နေသည်။

ဒုတိယပိုင်းအစ ပွဲချိန် ၄၇ မိနစ်တွင် ဘန်လေမှ မက်သယူးလူတန်က တတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ပဲလေ့စ်တို့ ဂိုးရရှိရေး ကြိုးစားသော်လည်း ဘန်လေတို့က ပွဲကို ထိန်းချုပ်ကာ ပွဲအပြီး သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယခုပွဲအပြီး ဘန်လေတို့ ၂၃ ပွဲ ကစား ၂၆ မှတ်ရရှိကာ အဆင့် ၁၅ တွင် ရပ်တည်နေပြီး ပဲလေ့စ်က ၂၄ ပွဲ ကစား ၂၉ မှတ်ရရှိကာ အဆင့် ၁၃ ၌ ရပ်တည်နေသည်။

**မိုးဇက်**

❍ ကျောဖုံးမှ

ဆက်လက်ဖိအားပေးနိုင်မည်ဖြစ်သည့်အတွက် အားစိုက်ကစားလာဖွယ် ရှိနေသည်။ ဗလင်စီယာ အသင်းကလည်း ပထမအကျော့တုန်းကလို ရီးရဲမက်ဒရစ်အသင်းကို အနိုင်ရရှိရန် သေချာပြင်ဆင်လာဖွယ် ရှိနေသည့်အတွက် ပွဲမှာ ထင်ထားသည်ထက် ပြင်းထန်လာဖွယ်ရှိနေသည်။ ထို့ကြောင့် မည်သည့်အသင်းက ဘာနေဗျူးတွင် ရမှတ်အပြည့်ရယူသွားနိုင်မလဲ စောင့်ကြည့်ရမည်ဖြစ်သည်။

လီဗန်တေးနှင့် အိုဆာဆူနာအသင်းတို့ ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်အစောပိုင်းတွင် လီဗန်တေးအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ လီဗန်တေးအသင်း၏ နောက်ဆုံးငါးပွဲ အားပြိုင်မှုကိုကြည့်လျှင် အသင်းကြီး ရီးရဲမက်ဒရစ်အသင်း၊ ကစားရခက်ခဲသည့် ဗီလာရီးရဲ အသင်းတို့ကို အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်ပြီး ဘီလ်ဘာအိုအသင်းကို တစ်ဖက်တစ်ဂိုး သရေကျအောင် ကစားထားနိုင်သည့်အတွက် ခြေစွမ်းကျစ်လျစ်မှု ရှိလာသည်ကို သတိပြုရမည်။ အိုဆာဆူနာအသင်းက ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင် အယ်လ်မာရီယာအသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် ငါးဂိုး-လေးဂိုးဖြင့် ရှုံးနိမ့်ထားသကဲ့သို့ လာလီဂါတွင်လည်း ရီးရဲဘက်တစ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ သို့သော်လည်း ဖေဖော်ဝါရီ ၈ ရက်က နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် လာလီဂါပွဲစဉ်တွင် အီဘာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်။ အိုဆာဆူနာအသင်းသည် အမှတ်ပေး ဇယားရပ်တည်မှုတွင် ၂၂ ပွဲ ကစားရာ ရမှတ် ၂၂ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်းက ဗယ်လာဒိုလစ် အသင်းနှင့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေသောကြောင့် ယခုပွဲစဉ်ကို အနိုင်ရရှိရန် ကြိုးပမ်းလာဖွယ်ရှိနေသည်။

ယနေ့ည၏ နောက်ဆုံးပွဲစဉ်အဖြစ် ဗီလာရီးရဲ အသင်းနှင့် ရီးရဲဘက်တစ်အသင်းတို့ ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၂ နာရီခွဲတွင် ဗီလာရီးရဲအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ဗီလာရီးရဲအသင်းက နောက်ဆုံးသုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားသလို ရီးရဲဘက်တစ်အသင်းကလည်း နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးထားသည်။ အမှတ်ပေးဇယားရပ်တည်မှုတွင် ဗီလာရီးရဲအသင်းက ၂၂ ပွဲကစားပြီး ရမှတ် ၃၆ မှတ်ဖြင့် ရီးရဲဆိုစီဒက်အသင်း၏ အထက်တွင် ရပ်တည်နေသည်။ နိုင်ပွဲပျောက်ဆုံးနေသည့် အသင်းအချင်းချင်း တွေ့ဆုံနေသည့်အတွက် ယခုပွဲစဉ်တွင် မည်သည့်အသင်းက အသာရသွားမလဲ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

# ဂရန်နာဒါအသင်းကို အမှားအယွင်းမရှိ နိုင်ပွဲရယူနိုင်ခဲ့သည့် အမှတ်ပေးဇယားဦးဆောင်သူ အက်သလက်တီကို မက်ဒရစ်

စပိန်လာလီဂါပွဲစဉ် (၂၃) အဖြစ် ဖေဖော်ဝါရီ ၁၃ ရက်က ဂရန်နာဒါနှင့် အက်သလက်တီကို မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အက်သလက်တီကို မက်ဒရစ်အသင်းက လော်ရန်တေး၊ ကော်ရဲရားတို့၏ သွင်းဂိုးနှစ်ဂိုးနှင့်အတူ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အက်သလက်တီကို မက်ဒရစ်အသင်းသည် ယခုအနိုင်ပွဲကြောင့် လာလီဂါ ၂၁ ပွဲ ကစားပြီး ရမှတ် ၅၄ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက် ဦးဆောင်ထားသည်။

ယခုပွဲစဉ်တွင် အက်သလက်တီကို မက်ဒရစ်အသင်းသည် ဒဏ်ရာရကစားများကို ချန်လှပ်ကာ ဆွာရက်ဇ်၊ ကော်ရဲရား၊ နီဂွက်ဇ်၊ ကိုကီ၊ လော်ရန်တေး၊ ကွန်ဒေ့ါဘီယာ၊ ဆာဗစ်၊ အော့ဘလက် စသည့် အဓိကကစားများကို အသုံးပြုကာ ဂရန်နာဒါအသင်းကို ရင်ဆိုင်လာခဲ့သည်။

### လေးပွဲဆက်နိုင်ပွဲပျောက်

ဂရန်နာဒါအသင်းသည် ယခုပွဲစဉ်ရှုံးနိမ့်ခဲ့မှုကြောင့် နောက်ဆုံးလေးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ပြီး အမှတ်ပေးဇယားတွင်လည်း ၂၃ ပွဲ ကစားပြီး ရမှတ် ၃၀ သာ ရရှိထားသည်။

အက်သလက်တီကို မက်ဒရစ်အသင်းသည် ဂရန်နာဒါအသင်းကို ဘောလုံးပိုင်ဆိုင်မှုအပိုင်းတွင် အသာစီးရယူနိုင်ခဲ့သည်ကို တွေ့ရသည်။ ဂိုးပေါက်ကန်သွင်းယူမှု အပိုင်းတွင် အက်သလက်တီကို မက်ဒရစ်အသင်းက ၁၀ ကြိမ်အထိ ရှိခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု လေးကြိမ်ရှိခဲ့သည်။ ဂရန်နာဒါအသင်းက ဂိုးပေါက် ကန်သွင်းမှု ခြောက်ကြိမ်ရှိခဲ့သည်ကို တွေ့ရသည်။

### လီဗန်တေးနှင့်ယှဉ်ပြိုင်ရမည်

အက်သလက်တီကို မက်ဒရစ်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် လီဗန်တေးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**အောင်**



အက်သလက်တီကို မက်ဒရစ် ကစားသမားများ။

# ကန့်ဘလူမြို့ အမှတ်(၂)တိုးချဲ့ရပ်ကွက်တွင် မီးလောင်မှုဖြစ်




**ကန့်ဘလူ ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ် (၂) တိုးချဲ့ရပ်ကွက်၌ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီ မိနစ် ၄၀ ခန့်က မီးလောင်မှုဖြစ်ရာ မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် သုံးစီးဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးကျော်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းငြိမ်းသတ်မှုကြောင့် နံနက် ၁၀ နာရီခန့်၌ မီးငြိမ်းကြောင်း သိရသည်။

မီးလောင်မှု အကြောင်းရင်းမှာ ဆိုလာပြားဖြင့် အားသွင်းထားသည့် ဘက်ထရီအိုးနှင့် ဆက်သွယ်ထားသော ဝိုင်ယာကြိုးများ အပူလွန်ကဲပြီး အနီးရှိ အိမ်ထရံကို ကူးစက်လောင်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါ မီးလောင်မှုကြောင့် နှစ်ခန်းပတ်လည် အလျား ပေ ၃၀၊ အနံပေ ၂၀၊ အမြင့် ၁၅ ပေရှိ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ် တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါမီးလောင်မှုနှင့် ပတ်သက်၍ အမှတ်(၂) တိုးချဲ့ရပ်ကွက်နေ တောင်သူ ဦးဇော်မြင့်ကို ကန့်ဘလူမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ထန်းတပင်၊ မိုးကုတ်နှင့် ရန်ကုန်-မန္တလေးအမြန်လမ်းဘေးနေရာအချို့တွင် မီးလောင်မှုများဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းဘေးရှိ အချို့နေရာများတွင် မီးလောင်မှုများဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ ကနဦးသတင်းထုတ်ပြန်ချက်များအရ သိရသည်။

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ လယ်ဦးရပ်ကွက် တောင်နီကွေ့လမ်းတွင် ယနေ့ ညနေ ၄ နာရီ ၅၈ မိနစ်က မီးလောင်မှုဖြစ်ရာ မိုးကုတ်မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီး၊ အရန်မီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီးတို့ဖြင့် ထွက်ခွာငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ ၅ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်းသိရသည်။

အလားတူ ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အနောက်ပိုင်းတက္ကသိုလ်အနီး၌ ကွင်းမီးလောင်မှုဖြစ်ရာ ထန်းတပင်မြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး ထွက်ခွာငြိမ်းသတ်မှုကြောင့် ညနေ ၃ နာရီ ၁၉ မိနစ်တွင် မီးငြိမ်းကြောင်း သိရသည်။

ထို့အတူ ယနေ့ ညနေ ၄ နာရီ ၄၂ မိနစ်က ရန်ကုန်-နေပြည်တော်အမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် (၄၀/၆)တွင် တောမီးလောင်မှုကြောင့် ဘောနတ်ကြီးအမြန်လမ်းမီးသတ်စခန်းမှ မီးသတ်ယာဉ် တစ်စီး ထွက်ခွာငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၅၆ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့ ညနေ ၅ နာရီ ၄၅ မိနစ်က ရန်ကုန်-နေပြည်တော်အမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၁၅၂)တွင် ကွင်းမီးလောင်မှုဖြစ်ရာ ကေတုမတီနယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီး ထွက်ခွာငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း



## နွားထိုးကြီးမြို့နယ် ပြင်စည်ရဲစခန်းမှတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**နွားထိုးကြီး ဖေဖော်ဝါရီ ၁၃**

နွားထိုးကြီးမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြင်စည်ရဲကင်းစခန်းနယ်မြေ ရဲအုပ်ဇော်မင်းထွန်း ဦးစီးပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ရွာဦးသမိုင်းဝင်စေတီများကို စုပေါင်းသန့်ရှင်းကြသည်။

အလားတူ နွားထိုးကြီး၊ ကန်နား၊ ဝက်လူးစခန်းများ၌လည်း မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။ **ဌေးမြင့်မောင်**

## ဘားအံမြို့နယ်၌ မီးဖိုချောင် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ဖေဖော်ဝါရီ ၁၂ ရက်က မီးဖိုချောင်မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၂ ရက် ည ၁၁ နာရီ ၁၀ မိနစ်က ဘားအံမြို့နယ် လှာကမြင် ကျေးရွာအုပ်စု ဈေးမသွယ်ကျေးရွာနေ ဦးစောအဲသဘော(၃၇)နှစ်၏ နေအိမ်ရှိ မီးဖိုဆောင် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးစတင်လောင်သဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ၂၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ကာလ တန်ဖိုးငွေကျပ် ၁၀ သိန်းခန့် မီးလောင်ဆုံးရှုံးခဲ့သဖြင့် ဦးစောအဲသဘောအား စက်မှုဇုန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## တံတားဦးမြို့နယ်၌ ယာဉ်တိမ်းမှောက်မှုဖြစ် နှစ်ဦးဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ ဖေဖော်ဝါရီ ၁၃ ရက်က ယာဉ်တိမ်းမှောက်၍ နှစ်ဦးဒဏ်ရာရရှိခဲ့သည်။

ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၅ နာရီခွဲက ပြည်ကြီးတံခွန်မြို့နယ် ဘ(၂)(ဃ) ရပ်ကွက်နေ ထက်သူအောင် မောင်းနှင်ပြီး မသဲသဲလိုက်ပါလာသည့် ယာဉ်အမှတ် GG/---- ပရိုဘောက်ယာဉ်သည် နေပြည်တော်ဘက်မှ မန္တလေးဘက်သို့ မောင်းနှင်လာစဉ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် အမှတ်(၃၄၇/၃-၄) ကြားအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျ တိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ထက်သူအောင်နှင့် မသဲသဲတို့တွင် နာကျင်ဒဏ်ရာများရရှိခဲ့သောကြောင့် ထက်သူအောင်အား စကားအင်းအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား

## တောင်ကုတ်မြို့နယ်၌ စကားများရန်ဖြစ်ရာမှ ကတ်ကြေးဖြင့်ထိုး၍ အမျိုးသားတစ်ဦးသေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

တောင်ကုတ်မြို့နယ်၌ ဖေဖော်ဝါရီ ၁၂ ရက်က စကားများ ရန်ဖြစ်ရာမှ ကတ်ကြေးဖြင့်ထိုး၍ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

ကံပြင်ကျေးရွာနေ ဦးမောင်မောင်ချေသည် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက တစ်ရွာတည်းနေ ဦးထွီးချေ၏ နေအိမ်ရှေ့ကွပ်ပျစ်၌ အိပ်နေစဉ် သက္ကယ်ကျွန်းကျေးရွာနေ ဝင်းဇော် ရောက်ရှိလာပြီး ဂါရီဆည်တွင် ကန်ပေါင်ဆယ်ရန် နှီးရာမှ စကားများရန်ဖြစ်ကာ ဝင်းဇော်က အသင့်ပါလာသော ကတ်ကြေးဖြင့် ထိုးသဖြင့် ဦးမောင်မောင်ချေတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သောကြောင့် အရေးယူပေးပါရန် တိုင်တန်းချက်အရ ဝင်းဇော်အား ရွာမနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက် ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲ ခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရှယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# ယီမင်နိုင်ငံမှ ဟူသီသူပုန်များကို အကြမ်းဖက်သမားစာရင်းမှ အမေရိကန်ပယ်ဖျက်ပေးမည်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၃

**အမေရိကန်နိုင်ငံသည် ယီမင်နိုင်ငံမှ ဟူသီသူပုန်များကို အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်သမားအုပ်စု စာရင်းမှပယ်ဖျက်ပေးတော့မည်ဖြစ်ပြီး ယင်းအမိန့်သည် ဖေဖော်ဝါရီ ၁၆ ရက်မှစတင်ကာ အာဏာသက်ရောက်မည်ဟု အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။**



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကင်။

အဆိုပါဆုံးဖြတ်ချက်သည် အမေရိကန်သမ္မတဟောင်း ထရမ့်လက်ထက်က ဟူသီသူပုန်များကို အကြမ်းဖက်သမားများ အုပ်စုသို့ စာရင်းသွင်းခဲ့မှုကို ပြောင်းပြန်လှန်ပစ်သည့် ဆုံးဖြတ်ချက်လည်း ဖြစ်သည်။

ဒေါ်နယ်ထရမ့် လက်ထက်က ဟူသီသူပုန်များနှင့် ဆက်စပ်မှုရှိသည့်အဖွဲ့အစည်းများကို ကုန်ပစ္စည်းများ ထောက်ပံ့ပေးမှုကို တားမြစ်ခဲ့သည်။ ယီမင်နိုင်ငံ၏ သေရေးရှင်ရေးဖြစ်နေသော အခြေအနေနှင့် ကမ္ဘာပေါ်၌ အဆိုးရွားဆုံးလူသားချင်းစာနာထောက်ထားမှု ပဋိပက္ခနှင့် ရင်ဆိုင်နေရသည့် ယီမင်နိုင်ငံ၏အခြေအနေကို အသိအမှတ်ပြုကာ ယင်းသို့ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကင်က ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

ယီမင်နိုင်ငံသည် ၂၀၁၅ ခုနှစ်မှစတင်ကာ ပြည်တွင်းရေးပဋိပက္ခများကြားတွင် နစ်မြုပ်ခဲ့ရသည်။ ဆော်ဒီအာရေဗျ ဦးဆောင်သည့် မဟာမိတ်အဖွဲ့သည် အီရန်ကို ကျောထောက်နောက်ခံပြုထားသည့် ဟူသီသူပုန်များကို တိုက်ခိုက်ခဲ့သည်။ အမေရိကန်သမ္မတဟောင်း ထရမ့်လက်ထက် ဇန်နဝါရီလအတွင်း ဟူသီသူပုန်များကို နိုင်ငံခြားအကြမ်းဖက်အုပ်စုစာရင်းတွင် ထည့်သွင်းခဲ့သည်။ ဒေါ်နယ်ထရမ့် သမ္မတရာထူးမှမဆင်းမီ အချိန်အတွင်း အီရန်ကို ဖိအားပေးနိုင်ရေးအတွက် ဟူသီသူပုန်များကို အကြမ်းဖက်အုပ်စုစာရင်းတွင် သွင်းခဲ့ခြင်းဖြစ်သည်။

ဟူသီသူပုန်များကို အကြမ်းဖက်စာရင်းမှ ဖယ်ရှားပေးခဲ့သော်လည်း ယီမင်အစိုးရအပေါ် ဟူသီများ၏လုပ်ရပ်ကို စောင့်ကြည့်သွားမည်ဟု အမေရိကန်က ပြောသည်။ အမေရိကန်က အနီးကပ်စောင့်ကြည့်နေမည်ဖြစ်သည်ဟု ဆက်လက်ပြောကြားခဲ့သည်။ ဟူသီများသည် ဖေဖော်ဝါရီ ၁၀ ရက်ကလည်း ဆော်ဒီအာရေဗျရှိ အက်ဗ်ဟာ လေဆိပ်တွင် ဖောက်ခွဲမှုပြုလုပ်ခဲ့ပြီး အရပ်ဘက်သုံးလေယာဉ်တစ်စင်းပျက်စီးခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**



ဇင်ဘာဘွေနိုင်ငံတွင် အသွားအလာပိတ်ဆို့ကန့်သတ်ထားစဉ်အတွင်း ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေသူတစ်ဦးကို တွေ့ရစဉ်။

# ဇင်ဘာဘွေနိုင်ငံတွင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံပေးမှု မကြာမီစတင်တော့မည်

**ဟာရာရီ ဖေဖော်ဝါရီ ၁၃**

ဇင်ဘာဘွေနိုင်ငံတွင် လာမည့်သီတင်းပတ်အတွင်း ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးနှံပေးမှုများ စတင်တော့မည်ဟု သိရသည်။

တရုတ်နိုင်ငံမှပေးပို့သည် ကာကွယ်ဆေးများ ဇင်ဘာဘွေနိုင်ငံသို့ ပထမဆုံးအကြိမ် ရောက်ရှိလာပြီးနောက် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများ စတင်တော့မည်ဟု ဖေဖော်ဝါရီ ၁၂ ရက်တွင် ဒုတိယကျန်းမာရေးဝန်ကြီး ဂျွန်မန်ဂီရိုက ပြောသည်။

ကာကွယ်ဆေး ထိုးနှံပေးခြင်းလုပ်ငန်းများကို အဆင့်လိုက်လုပ်ဆောင်မည်ဖြစ်ပြီး ကူးစက်နိုင်ခြေမြင့်သည့် ကျန်းမာရေးလုပ်သားများကို ဦးစွာကာကွယ်ဆေးထိုးပေးမည် ဖြစ်သည်။ ထို့နောက် နာတာရှည်ရောဂါသည်များနှင့်သက်ကြီးရွယ်အိုများကို ကာကွယ်ဆေးထိုးပေးမည်ဖြစ်သည်။ ဒုတိယအဆင့်တွင် ကျောင်းမှဆရာများ၊ ဝန်ထမ်းများကိုထိုးပေးမည်ဖြစ်ပြီး ကူးစက်နိုင်ခြေနိမ့်သည့်သူများကိုမူ အဆင့် ၃ တွင် ကာကွယ်ဆေးထိုးပေးမည် ဖြစ်သည်။

တိုင်းပြည်အတွင်းရှိ လူများအားလုံးကို အခမဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယကျန်းမာရေးဝန်ကြီးက ပြောသည်။ ကိုဗစ် -၁၉ နှင့် ဆက်စပ်၍ သေဆုံးမှုများကို လျှော့ချနိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ထိုးနှံပေးတော့မည်ဟု ဒုတိယကျန်းမာရေးဝန်ကြီးက ပြောသည်။ တိုင်းပြည်အတွင်း ကိုဗစ် -၁၉ ကာကွယ်ဆေးများ အာနိသင်မပျက်သယ်ယူပို့ဆောင်နိုင်ရေးအတွက် လုံလောက်သည့် ပစ္စည်းကိရိယာများရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးခွင့်ရှိသည့် လူများအားလုံး ကာကွယ်ဆေးထိုးကြရန်လည်း ၎င်းက တိုက်တွန်းခဲ့သည်။ ကာကွယ်ဆေးထိုးပြီးသည့် နောက်ပိုင်းတွင်လည်း ကိုဗစ် -၁၉ ကာကွယ်ရေးအစီအမံများကို ဆက်လက်ကျင့်သုံးသွားရန် ၎င်းက ဆက်လက်တိုက်တွန်းခဲ့သည်။ ဇင်ဘာဘွေနိုင်ငံတွင် ယခုအချိန်ထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၅၀၄၅ ဦးရှိပြီး သေဆုံးသူ ၁၃၉၃ ဦးရှိပြီဖြစ်သည်။

**ဆင်ဟွာ**

# ဥရောပဗဟိုဘဏ်ဥက္ကဋ္ဌဟောင်း မာရီယိုဒရက်ဂီ အီတလီဝန်ကြီးချုပ် ဖြစ်လာတော့မည်

**ရောမ ဖေဖော်ဝါရီ ၁၃**

ဥရောပဗဟိုဘဏ်ဥက္ကဋ္ဌဟောင်း မာရီယိုဒရက်ဂီသည် အီတလီဝန်ကြီးချုပ် ရာထူးကို လက်ခံလိုက်ပြီး ဖေဖော်ဝါရီ ၁၃ ရက်တွင် အစိုးရသစ်ဖွဲ့စည်းနိုင်ရန် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်သည်။

အစိုးရအဖွဲ့ပြိုလဲသွားပြီးနောက် ပြီးခဲ့သည့်လအတွင်း ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်သွားသည့် အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီ၏နေရာတွင် အစားထိုးသွားမည်ဖြစ်သည်။

ဝန်ကြီးချုပ် နုတ်ထွက်သွားသည့်အချိန်မှစတင်ကာ လွှတ်တော်အမတ်များမှာ အစိုးရအဖွဲ့သစ် ဖွဲ့ရန် မစွမ်းနိုင်ခဲ့ပေ။ သမ္မတ ဆာဂျီယို မာတာရီလာက မာရီယိုကို အစိုးရအဖွဲ့သစ်ဖွဲ့ရန် တောင်းဆိုခဲ့သည်။

၎င်းတို့နှစ်ဦးမှာ ဖေဖော်ဝါရီ ၁၂ ရက်တွင် တွေ့ဆုံခဲ့ပြီးနောက် မာရီယိုသည် အစိုးရအဖွဲ့ဝင်စာရင်းကို တင်သွင်းခဲ့သည်။

အသက် ၇၃ နှစ်အရွယ်ရှိ ဒရက်ဂီမှာ အီတလီဘဏ်အုပ်ချုပ်ရေးမှူးဟောင်းတစ်ဦးဖြစ်သည်။ ၎င်းသည် ဥရောပဗဟိုဘဏ်ကို ၂၀၁၁ ခုနှစ်မှစတင်ကာ ရှစ်နှစ်တိုင်တိုင် ဦးဆောင်ခဲ့သည်။

အီတလီနိုင်ငံတွင် ကိုဗစ် -၁၉ကြောင့် သေဆုံးသူပေါင်း ၉၀၀၀၀ ကျော်လွန်လာပြီဖြစ်သည်။ တိုင်းပြည်၏ စီးပွားရေးမှာလည်း ကိုဗစ် -၁၉ ကြောင့် ထိခိုက်ခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**



အီတလီဝန်ကြီးချုပ်အဖြစ် ရွေးချယ်ထားသူ မာရီယို။

# အီရန်နိုင်ငံ၏ ကိုဗစ်-၁၉ အတည်ပြု ကူးစက်ဖြစ်ပွားသူ ၁ ဒသမ ၅ သန်းကျော်လွန်လာ

**တီဟီရန် ဖေဖော်ဝါရီ ၁၃**

အီရန်ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၂ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၂၉၈ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းသည် ၁၅၀၃၇၅၃ ဦးအထိ တိုးလာကြောင်း သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှုကြောင့် လွန်ခဲ့သော ၂၄ နာရီအတွင်း အီရန်နိုင်ငံတွင် သေဆုံးသူ ၅၈ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းသည် ၅၈၈၀၉ ဦးရှိလာပြီဖြစ်ကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာပညာပေးရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ စီမာဆာဒက်လာရီက ပြောကြားလိုက်သည်။ အသစ်ထပ်မံကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ အတည်ပြုလူနာများအနက် ၅၅၇ ဦးမှာ ဆေးရုံတက်ရောက်ပြီး ဆေးကုသမှုခံယူနေကြောင်း လာရီက ဆက်လက်ပြောကြားလိုက်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူပေါင်းသည် ယခုအခါတွင် ၁၂၈၅၀၁၄ ဦးရှိလာပြီဖြစ်ကြောင်း သိရသည်။

သို့သော်လည်း ၃၇၂၉ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆက်လက်ဆေးကုမှုခံယူဆဲဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားလိုက်သည်။

ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်အရ ဖေဖော်ဝါရီ ၁၂ ရက်အထိ နိုင်ငံအတွင်း ကိုဗစ်-၁၉ စစ်ဆေးမှုပေါင်း ၉၉၃၈၆၂၅ ဦးကိုစမ်းသပ်စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းများကို ရုရှားကိုဗစ်-၁၉ ကာကွယ်ဆေး စပွန်နစ်ဗွီကိုအသုံးပြုကာ စတင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ရုရှားနိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီးက ကာကွယ်ဆေးဒုတိယအသုတ်သည် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရောက်ရှိခဲ့ကြောင်း ပြောကြားလိုက်သည်။

**ဆင်ဟွာ**

# ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများအား ကိုဗစ်-၁၉ မှ စီးပွားရေးပြန်လည်နာလန်ထူလာရေးပံ့ပိုးကူညီပေးရန် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးတိုက်တွန်း

ဝါရှင်တန် ဖေဖော်ဝါရီ ၁၃

**အမေရိကန်ဘဏ္ဍာရေးဝန်ကြီး ဂျဲနက်ယယ်လန်က ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများကို ကိုဗစ်-၁၉ မှ စီးပွားရေးပြန်လည်နာလန်ထူလာရေး ပိုမိုပံ့ပိုးကူညီကြရန် တိုက်တွန်းပြောကြားလိုက်သည်။**

ဂျီ-၇ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ၏ အွန်လိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းကကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးတွင် ယယ်လန်က စီးပွားရေး ပြန်လည်ထူထောင်လာရန် ဘဏ္ဍာရေးဆိုင်ရာများ ဝိုင်းဝန်းပံ့ပိုးကူညီခြင်းသည် အရေးကြီးကြောင်း ကြေညာချက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ရည်မှန်းချက်ကြီးကြီးနှင့် အကြံစည်ကြီးကြီးချမှတ်ရမည့်အချိန်သည် ယခုအချိန်ပင်ဖြစ်ကြောင်းနှင့် ဂျီ-၇ နိုင်ငံများသည် ယခုလိုအချိန်တွင် ပိုမိုထောက်ပံ့ကူညီသွားရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ကို တွန်းလှန်ဖယ်ရှားရာတွင် အကောင်းမွန်ဆုံး တုံ့ပြန်ဆောင်ရွက်ရန် ကြိုးစားနေသော ဝင်ငွေနည်းနိုင်ငံများအတွက် ဂျီ-၇ နိုင်ငံများအနေဖြင့် နိုင်ငံတကာဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်သင့်ကြောင်း ယယ်လန်က တိုက်တွန်းပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် အစိုးရအဖွဲ့သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံ အကူအညီပေးရေး အစီအစဉ်တစ်ခုကိုအတည်ပြုရန် လွှတ်တော်ကို တိုက်တွန်းပြောကြားပြီးနောက် ယယ်လန်၏ မှတ်ချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများတွင် ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့ ဖြစ်ကြသည်။

ယခုနှစ် ဇွန်လတွင် ဗြိတိန်သည် ပထမဆုံးမျက်နှာချင်းဆိုင်စုံညီ ဂျီ- ၇ အစည်းအဝေးကို လက်ခံကျင်းပရန် လျာထားကြောင်း သိရသည်။ အဆိုပါ အစည်းအဝေးတွင် ဂျီ-၇ ခေါင်းဆောင်များအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ရေးနှင့် ရာသီဥတုပြောင်းလဲရေးတို့ကို ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရေး ဆွေးနွေးရှာဖွေသွားမည်ဖြစ်သည်။

**ဆင်ဟွာ**



အမေရိကန်ဘဏ္ဍာရေးဝန်ကြီး ဂျဲနက်ယယ်လန်။




တောင်ကိုရီးယားတွင် ပြည်သူများ ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ပြီး ဆိုးလ်မြို့ ဈေးလမ်းတစ်ခု၌ ဖြတ်သန်းသွားလာနေသည်ကို တွေ့ရစဉ်။

# တောင်ကိုရီးယားတွင် ဖေဖော်ဝါရီ ၁၅ ရက်မှစကာ ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ပေးတော့မည်

**ဆိုးလ် ဖေဖော်ဝါရီ ၁၃**

တောင်ကိုရီးယားနိုင်ငံသည် လာမည့် သီတင်းပတ်တွင် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရန် ကျင့်သုံးလျက်ရှိသည့် စည်းမျဉ်းများကို ဖြေလျှော့ပေးတော့မည်ဖြစ်ကြောင်း သို့သော်လည်း လူငါးဦးထက် ပိုမိုစုဝေးခွင့်ဆိုင်ရာ တားမြစ်ချက်ကို ဆက်လက်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

အစိုးရ၏ အဆင့် ၅ ဆင့်ရှိ လူမှုဝေးကွာစည်းမျဉ်းစည်းကမ်းဆိုင်ရာ လမ်းညွှန်ချက်များအနက် တတိယအမြင့်ဆုံးဖြစ်သည့် အဆင့် ၂ ကို ဆိုးလ်မြို့ပတ်ဝန်းကျင်နှင့် အဆင့် ၁ ဒသမ ၅ ကို တခြားဒေသများတွင် ဖေဖော်ဝါရီ ၁၅ ရက်မှစပြီး လျှော့ချပေးသွားတော့မည်ဖြစ်ကြောင်း ကူးစက်ရောဂါနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတန်ပြန်လှုပ်ရှားဆောင်ရွက်မှုဆိုင်ရာဗဟိုဌာနချုပ်က ပြောကြားလိုက်သည်။

ဆိုးလ်မြို့ ပတ်ဝန်းကျင်ဒေသတွင် စားသောက်ဆိုင်များ၊ ကဖေးဆိုင်များ၊ မိုးလုံလေလုံအားကစားခန်းမများနှင့် ကာရာအိုကေဘားများကို နောက်ထပ်တစ်နာရီထပ်တိုးပြီး ည ၁၀ နာရီအထိ ဖွင့်လှစ်ခွင့်ပေးမည် ဖြစ်ကြောင်း သိရသည်။ အလားတူ နိုက်ကလပ်ကဲ့သို့သော ကိုဗစ်-၁၉ ကူးစက်မှုမြင့်မားနိုင်သည့်နေရာများကိုလည်း ည ၁၀ နာရီအထိ ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

တခြားဒေသများတွင် စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များနှင့် တခြားလုပ်ငန်းငယ်များအတွက် ရောင်းဝယ်ဖောက်ကားခွင့်အချိန်သတ်မှတ်ချက်များကို ဖြေလျှော့ပေးတော့မည်ဖြစ်သည်။ သို့သော်လည်း ဖျော်ဖြေရေးဝန်ဆောင်မှုလုပ်ငန်းများကို ည ၁၀ နာရီအထိသာ ဖွင့်လှစ်ခွင့်ပြုထားကြောင်း သိရသည်။

နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၊ အင်တာနက်ကော်ဖီဆိုင်များ၊ စာသင်ခန်းများ၊ ပျော်ရွှင်စရာပန်းခြံများ၊ ဈေးနှုန်းချပေးထားသည့် ဆိုင်များ၊ အလှပြင်ခန်းမများအတွက်မူ ကန့်သတ်ချက်များကို သီးသန့်အသွားအလာကန့်သတ်ပိတ်ဆို့မှုဆိုင်ရာ စည်းမျဉ်းများအောက်တွင် ဖြေလျှော့ပေးတော့မည်ဖြစ်သည်။

သို့သော်လည်း ကျန်းမာရေးအာဏာပိုင်များက အဆိုပါနေရာများတွင် လူငါးဦးထက် ပိုမိုစုဝေးခြင်းကို တားမြစ်ထားကြောင်း သိရသည်။ ထိုသို့တားမြစ်ချက်ကြောင့် အစုလိုက်ကိုဗစ်-၁၉ ကူးစက်မှုမှ တားမြစ်နိုင်မည်ဖြစ်သည်။ နောက်ဆုံးထုတ်ပြန်ချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်း နိုင်ငံတွင်း၌ နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၆၂ ဦးရှိကြောင်းသိရပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၈၃၁၉၉ ဦး ရှိလာပြီဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ထိုင်းနိုင်ငံတွင် တရုတ်နိုင်ငံက ထုတ်လုပ်သော ကိုဗစ်-၁၉ ကာကွယ်ဆေးကို အသုံးပြုထိုးနှံတော့မည်

**ဘန်ကောက် ဖေဖော်ဝါရီ ၁၃**

ထိုင်းနိုင်ငံတွင် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်မျိုးဖြစ်သည့် ဆီနိုဖမ်းကို အသုံးပြုကာ ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံ၏ ပျမ်းမျှလူဦးရေ သုံးပုံနှစ်ပုံခန့် ကာကွယ်ဆေးထိုးနှံနိုင်ရန် ရည်ရွယ်ထားကြောင်း မီဒီယာများတွင် ဖော်ပြထားသည်။

ဖေဖော်ဝါရီလနှောင်းပိုင်းတွင် ပထမဆုံးအသုတ်အနေဖြင့် ရောက်ရှိလာမည့် တရုတ်နိုင်ငံထုတ် ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုနိုင်ရန်အတွက် ခွင့်ပြုသွားဖွယ်ရှိကြောင်း ဘလွန်းဘာ့ဂ်ျက ဖေဖော်ဝါရီ ၉ ရက်က ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအသုတ်ကို ဖေဖော်ဝါရီလနှင့် ဧပြီလအတွင်း ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီး အနူတင်ချမ်ဗီရာကူးက ဖေဖော်ဝါရီ ၈ ရက်တွင် ပြုလုပ်သောသတင်းစာရှင်းလင်းပွဲ၌ ပြောကြားလိုက်သည်။

ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်တွင် ကျန်းမာရေးဝန်ထမ်းများ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါသည်များနှင့် ရွှေ့ပြောင်းအလုပ်သမားများကို ကာကွယ်ဆေးဦးစားပေးထိုးနှံပေးမည် ဖြစ်ကြောင်းနှင့် ၎င်းတို့သည်ပထမအသုတ် ကာကွယ်ဆေးထိုးနှံမှုတွင် ပါဝင်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံရောဂါထိန်းချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောကြားလိုက်သည်။

ထို့အပြင် ဥရောပမှ အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေးများလည်း ယခုနှစ်ကုန်ပိုင်းတွင် ထိုင်းနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ရောဂါထိန်းချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားလိုက်သည်။

ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာ ၂၄၄၀၅ ဦးရှိကြောင်း သိရပြီး သေဆုံးသူ ၈၀ အထိ ရှိလာပြီဖြစ်သည်။

ထို့အပြင် ကိုဗစ်-၁၉ ကူးစက်မှုမှပြန်လည်ကောင်းမွန်လာသူပေါင်း ၂၁၈၀၀ ရှိလာခဲ့ပြီဖြစ်သည်။

**ဆင်ဟွာ**



ထိုင်းနိုင်ငံတွင် စာသင်ကျောင်းအတွင်းသို့ ဝင်ရောက်လာသော ကျောင်းသူတစ်ဦးအား ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လက်ဆေးပေးနေသည်ကို တွေ့ရစဉ်။

# ဗီယက်နမ်နိုင်ငံတွင် ကိုဗစ် – ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၃ ဦးရှိလာ

**ဟိုချီမင်း ဖေဖော်ဝါရီ ၁၃**

ဗီယက်နမ်နိုင်ငံတွင် ဖေဖော်ဝါရီ ၁၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၃ ဦးရှိလာကြောင်းနှင့် လေးဦးမှာ နိုင်ငံခြားကူးစက်မှုဖြစ်၍ ၄၉ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ထပ်မံကူးစက်ဖြစ်ပွားလာသော ကိုဗစ် – ၁၉ အတည်ပြုလူနာအရေအတွက်နှင့်ဆိုလျှင် နိုင်ငံအတွင်း ကိုဗစ် – ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၁၉၅ ဦးရှိလာကာ ၃၆ ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ဆက်လက်ပြောကြားလိုက်သည်။

ပြည်တွင်းကူးစက်မှုများအနက် ကူးစက်ခံရသူ ၄၇ ဦးမှာ မြောက်ပိုင်း ဟိုင်ဒေါင်ပြည်နယ်မှဖြစ်၍ အခြားနှစ်ဦးမှာ တောင်ပိုင်း ဟိုချီမင်းမြို့မှဖြစ်သည်။

ထို့ကြောင့် ၁၅၃၁ ဦးမှာ ကိုဗစ် – ၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာခဲ့ကြောင်းသိရပြီး လူပေါင်း ၁၂၉၁၀၀ အား သီးသန့်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသို့ ဇန်နဝါရီ ၂၈ ရက်တွင် ကိုဗစ် – ၁၉ အစုလိုက်ကူးစက်မှုဖြစ်ပေါ်ခဲ့ရာ မြို့နှင့် ပြည်နယ်ပေါင်း ၁၃ ခုတွင် အစုလိုက်ကူးစက်မှုပေါင်း ၆၀၄ ခုဖြစ်ပွားခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုနှုန်းများ ဆက်လက်ကျဆင်းလာသော်လည်း အရေးပေါ်အခြေအနေထားရှိမှုကို ဆက်လက်ထားရှိဆဲဖြစ်

ကေကေစိုး

ဂျပန်နိုင်ငံ၏ နေ့စဉ် ကိုဗစ် - ၁၉ ကူးစက်မှုနှုန်းမှာ တဖြည်းဖြည်းချင်း ကျဆင်းလာပြီဖြစ်သော်လည်း ကျန်းမာရေးစောင့်ရှောက်မှုစနစ်များမှာမူ ဖိအားများအောက်တွင် ရောက်ရှိနေဆဲဖြစ်သည်။ ဗီဇပြောင်း ကိုဗစ် - ၁၉ ကူးစက်မှုမှာလည်း ဂျပန်နိုင်ငံတွင် ပေါ်ပေါက်လျက်ရှိသည်။

**ဆွေးနွေးခဲ့ကြ**

တိုကျို၊ အိုဆာကာနှင့် အခြားသော ခရိုင်များတွင် ထားရှိသည့် ကိုဗစ် -၁၉ အရေးပေါ်အခြေအနေကြေညာထားမှုကို မကြာမီဖယ်ရှားပေးတော့မည်ဟု ဂျပန်အစိုးရကပြောသည်။ စီးပွားရေး ပြန်လည်ထူထောင်ရေးဝန်ကြီး နီရှီမူရာ ယာဆူတိုရှိက လက်ရှိအချိန်တွင် အစိုးရအနေဖြင့် ကိုဗစ် -၁၉ အရေးပေါ်အခြေအနေထားရှိမှုကို ဆက်လက်ထိန်းသိမ်းသွားဦးမည်ဟု ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

ဂျပန်အစိုးရ၏ ကိုဗစ် -၁၉ မူဝါဒရေးရာ ကျွမ်းကျင်ပညာရှင်များနှင့် အစည်းအဝေးပြုလုပ်ကာ ယင်းအစည်းအဝေး အခမ်းအနားတွင် နီရှီမူရာက ယခုလိုပြောကြားခဲ့ခြင်း ဖြစ်သည်။ကိုဗစ်-၁၉နှင့်ပတ်သက်သည့် လမ်းညွှန်ချက်အသစ်များ ထပ်မံထုတ်ပြန်ရန် အစည်းအဝေးတက်ရောက်ခဲ့သည့် အဖွဲ့ဝင်များက သဘောတူခဲ့ပြီး တင်းကျပ်သည့်စည်းကမ်းများနှင့် ကူးစက်မှုတိုက်ဖျက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**ခွင့်ပြုချက်ပေးထား**

ဂျပန်လွှတ်တော်တွင် ယခုလအစောပိုင်းကခွင့်ပြုချက်ရထားသည့်ဥပဒေမှာ ဖေဖော်ဝါရီ ၁၃ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်သည်။ ကိုဗစ်-၁၉ တားမြစ်ချက်စည်းကမ်းများကို ချိုးဖောက်ပါက ချိုးဖောက်သူနှင့် စီးပွားရေးလုပ်ငန်းများကို ဒဏ်ငွေရိုက်ရန် ခွင့်ပြုချက်ပေးထားသည်။ တိုကျိုမြို့တွင် ဖေဖော်ဝါရီ ၁၁ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၃၄ ဦးထပ်မံတွေ့ရှိခဲ့ပြီး ကူးစက်မှုနှုန်း ၅၀၀အောက် သို့ကျဆင်းလာသည်မှာ ငါးရက်ဆက်တိုက်ရှိနေပြီဖြစ်သည်။ ဖေဖော်ဝါရီ ၁၂ ရက်အထိ တစ်ပတ်အတွင်း ကိုဗစ် - ၁၉ကြောင့် သေဆုံးသူဦးရေမှာ ၁၂၀ ကျော်ရှိပြီး ယခင်သီတင်းပတ်ကလည်း ယင်းပမာဏအတိုင်းရှိသည်။

**အဆင့်အမြင့်ဆုံးထားရှိမည်**

ကိုဗစ် -၁၉တိုက်ဖျက်ရေး အတွက် အကြံပေးပညာရှင်များက ဆေးဘက်ဆိုင်ရာစနစ်ကို အဆင့်အမြင့်ဆုံးထားရှိသင့်သည်ဟူ၍လည်း ပြောကြားခဲ့သည်။ တိုကျိုမြို့ဆေးအဖွဲ့အစည်း၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ အီနိုကူချီမာဆာတာကာက ဆေးဘက်ဆိုင်ရာစနစ်များ အဆင့်မြှင့်တင် ထားရှိမှုကိုအချိန်ကာလ အတန်ကြာသည်အထိ ထားရှိဦးမည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် သက်ကြီးရွယ်အိုများတွင် ကိုဗစ် -၁၉ ကူးစက်မှုကို တိုက်ဖျက်နိုင်ရေး လုပ်ဆောင်ပေးရန်မှာလည်း အရေးကြီးသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ကိုဗစ် -၁၉ တိုက်ဖျက်ရေးအတွက် အကြံပေးပညာရှင်များမှ ခေါင်းဆောင်ဖြစ်သူ အိုမီရှီဂူရာက ဖေဖော်ဝါရီ ၁၂ ရက် ဆွေးနွေးပွဲတွင် ဗြိတိန်၌ တွေ့ရှိခဲ့ရသည့် ဗီဇပြောင်းကိုဗစ် - ၁၉ ကို အဓိကဆွေးနွေးခဲ့ကြသည်ဟု ပြောသည်။



ဂျပန်နိုင်ငံတွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ထားသော ပြည်သူများ အများပြည်သူသုံးရထားစီးနင်းမှုကို တွေ့ရစဉ်။

**ဆက်လက်လေ့လာသွားမည်**

ဗီဇပြောင်း ကိုဗစ် -၁၉ ကူးစက်မှုမှာ မူရင်းဗိုင်းရပ်စ်ကူးစက်မှုထက်ပို၍ ကူးစက်မှုလျင်မြန်သည်ဟုယူဆထားကြသည်။ ကူးစက်နိုင်ခြေမြင့်သည့် ဧရိယာများတွင် ရောဂါကူးစက်ခံရခြင်း ရှိ မရှိ တိုးမြှင့်ဆေးစစ်ပေးရန် လိုအပ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။ ဖေဖော်ဝါရီ ၁၀ ရက်က ဂျပန်နိုင်ငံတွင် ကူးစက်ခံရသူ ၁၀၈ ဦးတွေ့ရှိခဲ့ပြီး ၎င်းတို့ထဲမှ ၆၅ ဦးမှာ လေဆိပ်အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစင်တာတွင် ရောဂါကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲ သုံးမျိုးမှာ ပျံ့နှံ့နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောကြားခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲများပေါ်တွင် ကာကွယ်ဆေးအကျိုးသက်ရောက်မှု ရှိ မရှိကို လေ့လာမှုများ ဆက်လက်ပြုလုပ်သွားမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

**မကြာခဏလက်ဆေးရမည်**

ကူးစက်ရောဂါကာကွယ်ရေးဆိုင်ရာ အမျိုးသားအင်စတီကျုမှ သုတေသီများက ဗီဇပြောင်း ကိုဗစ် -၁၉ကို လျင်မြန်စွာ ထောက်လှမ်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ မိသားစုအတွင်း မိသားစုဝင်တစ်ဦးဦးကို ကိုဗစ် -၁၉ ကူးစက်ခံရပါက ဆောင်ရန်ရှောင်ရန်နည်းလမ်းများကိုလည်း ထုတ်ပြန်ထားသည်။

“အကယ်၍ မိသားစုဝင်တစ်ဦးဦးတွင် ကိုဗစ် -၁၉ လက္ခဏာများပြသလာပါက မိသားစုဝင်များသီးခြားအခန်းများတွင် ခွဲ၍နေထိုင်ရမည်ဖြစ်ပြီး ပါးစပ်၊ နှာခေါင်းစည်းများ မဖြစ်မနေဝတ်ဆင်ရမည် ဖြစ်သည်။ စားသောက်သည့် အခါတွင်လည်း ပန်းကန်ပြားများ မျှဝေသုံးစွဲခြင်းမျိုးမပြုဘဲ လက်မကြာခဏ ဆေးရမည်ဖြစ်”

အကယ်၍ မိသားစုဝင်တစ်ဦးဦးတွင် ကိုဗစ် -၁၉ လက္ခဏာများပြသလာပါက မိသားစုဝင်များသီးခြားအခန်းများတွင် ခွဲ၍နေထိုင်ရမည်ဖြစ်ပြီး ပါးစပ်၊ နှာခေါင်းစည်းများ မဖြစ်မနေဝတ်ဆင်ရမည် ဖြစ်သည်။ စားသောက်သည့် အခါတွင်လည်း ပန်းကန်ပြားများ မျှဝေသုံးစွဲခြင်းမျိုးမပြုဘဲ၊ လက်မကြာခဏ ဆေးရမည်ဖြစ်သည်။

**အစီအစဉ်ဆွဲထားသင့်**

အခန်းကိုလေဝင်လေထွက် ကောင်းမွန်အောင်ပြုလုပ်ရမည်ဖြစ်သည့်အပြင် မကြာခဏထိတွေ့မိသည့်နေရာများကိုလည်း ဆေးဖျန်းခြင်းလုပ်ငန်းများ လုပ်ဆောင်ရမည်ဖြစ်သည်။ တိုကျိုမြို့ ဆူမီဒါရပ်ကွက်မှ ပြည်သူ့ကျန်းမာရေး ခေါင်းဆောင်ဖြစ်သူ နစ်ရှိဇူကာက အကယ်၍မိသားစုဝင်များ အခန်းခွဲနေထိုင်ရန် လုံလောက်မှုမရှိဘဲ အခန်းကျဉ်းနေပါက တစ်မီတာအကွာတွင် နေထိုင်ရမည်ဖြစ်ပြီး မျက်နှာချင်းဆိုင် စကားပြောဆိုခြင်းကိုရှောင်ကြဉ်ရမည်ဖြစ်သည်။ အခန်းကိုလေဝင်လေထွက် ကောင်းအောင်ပြုလုပ်ရန်လည်း ၎င်းက တိုက်တွန်းထားသည်။ မိသားစုဝင်တစ်ဦးဦး ကူးစက်ခံရပါက ကျန်မိသားစုဝင်များ မည်ကဲ့သို့ ပြုမူဆောင်ရွက်ရမည်ကိုလည်း အစီအစဉ်ဆွဲထားသင့်သည်ဟု ၎င်းက ပြောကြားခဲ့သည်။

**မကြာခဏဆေးဖျန်းသင့်**

မိဘနှစ်ဦးစလုံးကူးစက်ခံရပါက မည်သူက ကလေးကို စောင့်ရှောက်မည်ကိုလည်း အစီအစဉ်ချထားသင့်သည်ဟု ၎င်းကဆက်လက်အကြံပြုထားသည်။ သက်ကြီးရွယ်အိုမိဘများကို မည်သူကပြုစုစောင့်ရှောက်မည်ဆိုသည်ကိုလည်း တိုင်ပင်ထားရမည်ဖြစ်သည်။ နေအိမ်အတွင်းအခန်းများ ခွဲထားသင့်သည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ မိသားစုဝင်တစ်ဦးအပြင်မှပြန်လာသည့်အခါတွင်လည်း အခန်းဝင်ပေါက်တွင် ရပ်တန့်ကာ ပါးစပ်နှာခေါင်းစည်းကို အမှိုက်ပုံးအတွင်းသို့ စွန့်ပစ်ခြင်းနှင့် ကုတ်အင်္ကျီချိတ်ခြင်းတို့ ပြုလုပ်ရမည်ဖြစ်သည်။ ကုတ်အင်္ကျီနှင့် ပါးစပ်၊ နှာခေါင်းစည်းများ အိမ်အတွင်းသို့ သယ်ယူလာခြင်းကို ရှောင်ရှားရမည်ဟုလည်း ၎င်းက ပြောသည်။ မကြာခဏထိတွေ့မိသည့် လျှပ်စစ်ခလုတ်များ၊ ရီမုများကိုလည်း မကြာခဏ ဆေးဖျန်းသင့်သည်။

**မျှဝေသုံးစွဲခြင်းမပြုရ**

စမတ်ဖုန်းများကိုလည်း အိမ်သို့ယူလာသည့်အခါ သန့်ရှင်းမှုပြုလုပ်သင့်သည်ဟု ဒေါက်တာ တာရာရှီမာကပြောသည်။ နေထိုင်စားသောက်သည့်နေရာများတွင်လည်း ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု မဖြစ်ရန်ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်သင့်သည်ဟု ၎င်းက အကြံပြုထားသည်။ ထို့ပြင် မျက်နှာသုတ်ပဝါကဲ့သို့ ပစ္စည်းများကိုလည်း မျှဝေသုံးစွဲခြင်းမပြုရန် အရေးကြီးသည်။ အထူးသဖြင့် မိသားစုဝင်တစ်ဦးဦး ရောဂါကူးစက်ခံရပါက မည်သို့ လုပ်ဆောင်သင့်သည်ကိုကြိုတင်ဆွေးနွေးထားသည်မှာ လုပ်သင့်လုပ်ထိုက်သည့်အရာဟု ၎င်းကအကြံပြုပြောကြားထားသည်။

ကိုးကား -အင်န်အိတ်ချ်ကေ

# COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၂ ဦး တွေ့ရှိ

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၃ –၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၂–၂–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၃–၂–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲ နမူနာစုစုပေါင်း (၁,၈၅၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၄၂) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၇၅,၂၀၈) အား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၅၈၅) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈၁၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၀,၁၀၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြုဝန်ထမ်းအသီးသီးတို့ သည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့် လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်နိုင်ရန်အတွက် လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ၁၃-၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၁၀၈၅၈၄ | ၁၈၀၄၁၉၇၂ | ၄၉၂၅၃၃ |
| ၂။ | အိန္ဒိယ | ၁၀၈၉၃၀၇၅ | ၁၀၅၉၉၂၉၀ | ၁၅၅၅၉၃ |
| ၃။ | ဘရာဇီး | ၉၇၆၅၆၉၄ | ၈၆၇၈၃၂၇ | ၂၃၇၆၀၁ |
| ၄။ | ရုရှား | ၄၀၅၇၆၉၈ | ၃၅၇၇၉၀၇ | ၇၉၆၉၆ |
| ၅။ | ဗြိတိန် | ၄၀၁၃၇၉၉ | ၂၀၉၄၀၀၇ | ၁၁၆၂၈၇ |
| ၆။ | ပြင်သစ် | ၃၄၂၇၃၈၆ | ၂၃၈၇၅၃ | ၈၁၄၄၈ |
| ၇။ | စပိန် | ၃၀၅၆၀၃၅ | စိစစ်ဆဲ | ၆၄၇၄၇ |
| ၈။ | အီတလီ | ၂၆၉၇၂၉၆ | ၂၂၀၂၀၇၇ | ၉၃၀၄၅ |
| ၉။ | တူရကီ | ၂၅၇၂၁၉၀ | ၂၄၆၁၂၀၄ | ၂၇၂၈၄ |
| ၁၀။ | ဂျာမနီ | ၂၃၃၀၉၁၄ | ၂၁၁၂၀၀၀ | ၆၅၀၉၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၃ – ၂ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၂၁၀၇၀၃ | ၁၀၁၆၀၃၆ | ၃၂၉၃၆ |
| ဖိလစ်ပိုင် | ၅၄၇၂၅၅ | ၅၀၀၇၈၁ | ၁၁၅၀၇ |
| မလေးရှား | ၂၆၁၈၀၅ | ၂၀၉၂၈၉ | ၉၅၈ |
| မြန်မာ | ၁၄၁၅၈၅ | ၁၃၀၁၀၃ | ၃၁၈၈ |
| စင်ကာပူ | ၅၉၇၈၆ | ၅၉၅၆၉ | ၂၉ |
| ထိုင်း | ၂၄၄၀၅ | ၂၁၁၈၀ | ၈၀ |
| ဗီယက်နမ် | ၂၁၉၅ | ၁၅၂၉ | ၃၅ |
| ကမ္ဘောဒီးယား | ၄၇၉ | ၄၆၃ | ၀ |
| ဘရူနိုင်း | ၁၈၄ | ၁၇၅ | ၃ |
| လာအို | ၄၅ | ၄၁ | ၀ |




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။




COVID-19 ကိုဗစ်ဟာ အဆုတ်ရောင်ရောဂါကို ဖြစ်ပွားစေပါတယ်။ အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများမှာ ပိုမိုစိုးရိမ်ရပါတယ်။အဘိုးအဘွားများအိမ်မှာပဲနေပါ။ မိသားစုဝင်တွေကတော့အဘိုးအဘွားတို့နဲ့ထိတွေ့ဆက်ဆံရာမှာ မိမိကိုယ်တိုင် သန့်ရှင်းရေးဦးစားပေးပြီး သတိထား ထိတွေ့ပေးကြပါ။ မိသားစုဝင်မဟုတ်သူများကို အိမ်တွင်း မဝင်ပါစေနှင့်။

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ချစ်စရာကောင်းပေမယ့် ပြောစကားနားမထောင်တဲ့ ကြောင်ကလေးတွေ

မိုးမိုး

ကလေးတို့အားလုံးမင်္ဂလာပါ။ ဒီတစ်ပတ်မှာ မမက ကလေးတို့အားလုံးရဲ့ အချစ်တော်ဖြစ်တဲ့ ကြောင်ကလေးတွေရဲ့ အကြောင်းကို ကလေးတို့သိအောင် ပြောပြလိုပါတယ်။ ကြောင်ကလေးတွေဆိုတာ အိမ်မွေးတိရစ္ဆာန်တွေအထဲမှာ ချစ်စရာအလွန်ကောင်းပြီး သိပ်ကိုလည်းချွဲတတ်ကြသူတွေပါ။ ဒါပေမယ့် သူတို့ကို မွေးမြူထားမယ်ဆိုရင် ကလေးတို့က သူတို့ကို ခိုင်းလို့ဘယ်တော့မှရမှာမဟုတ်ဘဲ သူတို့အတွက် ကလေးတို့ကသာ အချိန်ပေးပြီး သူတို့လိုချင်တာ ဖြည့်ဆည်းပေးရမယ့် အကောင်လေးတွေလည်းဖြစ်ပါတယ်။ ခွေးလေးတွေဟာ သူတို့သခင်ကို ကောင်းကောင်းသိပြီး သစ္စာရှိတတ်ပေမယ့် ကြောင်ကလေးတွေရဲ့ စိတ်ကတော့ ဘယ်လိုမှ ခန့်မှန်းမရနိုင်ပါဘူး။ အချို့ကြောင်ကလေးတွေက သခင်အပေါ်သိပ်ကိုသစ္စာရှိပေမယ့် အချို့ကြောင်ကလေးတွေကတော့ လက်သာရင် သာသလို သခင်အသစ်ဆီ ကောက်ကောက်ပါသွားတတ်ကြလို့ပါပဲ။



### အတင်းအကျပ်ခိုင်းလို့မရနိုင်

ကြောင်ကလေးတွေရဲ့စိတ်က သူတို့ကို ဘယ်အရာကိုမှ အတင်းအကျပ်ခိုင်းလို့မရနိုင်ပါဘူး။ သူတို့ဆန္ဒရှိမှ လုပ်ချင်ရာကို လုပ်ကြတဲ့ အိမ်မွေးတိရစ္ဆာန်လေးတွေ ဖြစ်ပါတယ်။ ပြီးတော့ ကလေးတို့ကို အတင်းလိုက်ပြီး တွယ်ကပ်နေမှာမဟုတ်ဘဲ သူတို့ကပ်ချင်တဲ့အချိန်ကပ်ပြီး လျှောက်သွားချင်လည်း သွားနေတတ်ကြပါတယ်။

လွန်ခဲ့တဲ့နှစ်သန်းပေါင်း ၃၀ ကျော်ကတည်းက ကြောင်ကလေးတွေရှိကြပြီး ကြောင်ကလေးတွေရဲ့ မျိုးရိုးက ကျားတွေ၊ ခြင်္သေ့တွေ ဖြစ်ပါသတဲ့။ သူတို့ဟာ မီရာဆစ်လို့ခေါ်တဲ့ အသားစားသတ္တဝါမျိုးနွယ်ဖြစ်ပြီး အခုအချိန်အထိတောကြောင်ရိုင်းတွေလည်း ရှိနေပါသေးတယ်။ ဟိုးရှေးရှေးတုန်းကတည်းက ကြောင်ကလေးတွေကို အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးမြူခဲ့ကြပြီး အီဂျစ်ပြည်မှာဆိုရင် ကြောင်တစ်ကောင်ကို သတ်မိသွားရင် သေဒဏ်တောင်ပေးခဲ့ကြတယ်လို့ သမိုင်းမှတ်တမ်းတွေအရ သိရှိရပါတယ်။

### မှော်အစွမ်းရှိတဲ့ သတ္တဝါ

တစ်ဖက်မှာလည်း ကြောင်တွေဟာ မကောင်းဆိုးရွားကြီးတွေကို မြင်နိုင်စွမ်းရှိတဲ့ မှော်အစွမ်းရှိတဲ့ သတ္တဝါလို့ ယူဆကြတာမျိုးလည်း ရှိပါတယ်။ အထူးသဖြင့် အနက်ရောင်ကြောင်လေးတွေကို ဘယ်သူမှ မမွေးမြူရဲကြပါဘူး။ အနက်ရောင်ကြောင်ကလေးတွေဟာ မကောင်းဆိုးရွားတွေ၊ မိစ္ဆာတွေနဲ့ ဆက်စပ်နေတယ်လို့လည်း အယူရှိကြပါသေးတယ်။

၁၈ ရာစုဝန်းကျင်မှာတော့ ကြောင်ကလေးတွေကို အကုန်လုံးက ပြန်လည်လက်ခံလာခဲ့ပြန်ပါတယ်။ ကြောင်ပြပွဲတွေကျင်းပတယ်။ အလှဆုံးကြောင်ကလေးတွေ၊ လိမ္မာတဲ့ ကြောင်ကလေးတွေကို ဆုတွေပေးကြတာမျိုး ရှိလာခဲ့ပြီး တစ်ကမ္ဘာလုံးက ကြောင်ချစ်သူတွေတိုးပွားလာလိုက်တာ ကလေးတို့ လက်ထက်အထိပဲပေါ့။

ကြောင်ကလေးတွေမှာ အထူးခြားဆုံးက သူတို့ရဲ့ မျက်လုံးဖြစ်ပြီး အလင်းအား ကောင်းတာနဲ့အမျှ သူတို့ မျက်လုံးက သေးသွယ်သွားပြီး ညဘက်မှာတော့ ကြီးမားဝိုင်းစက်လာတာကို ကလေးတို့ သတိထားကြည့်ရင်သိနိုင်ပါတယ်။ ဒါကြောင့် ကြောင်တွေဟာ ညဘက်မှာ အလင်းရောင်နည်းနည်းရတာနဲ့ အရာအားလုံးကိုမြင်နိုင်ပါတယ်။ ကြောင်ကလေးတွေက အပြေးသိပ်မသန်ပေမယ့် အန္တရာယ်ကြုံတဲ့အခါ နံရံပေါ်ဖြစ်ဖြစ်၊ သစ်ပင်ပေါ်ဖြစ်ဖြစ် ခုန်တက်နိုင်တဲ့ အစွမ်းလည်းရှိပါသေးတယ်။

### သိပ်ကိုလိမ္မာပါးနပ်ပါတယ်

ကြောင်ကလေးတွေက ခွေးလေးတွေလို သင်လွယ်တတ်လွယ်တဲ့ တိရစ္ဆာန်လေးတွေတော့ မဟုတ်ပါဘူး။ ဒါပေမယ့် သူတို့က ခွေးတွေလိုပဲ သိပ်ကိုလိမ္မာပါးနပ်ပါတယ်။ ကလေးတို့သာ စိတ်ရှည်လက်ရှည်သင်ကြားပေးမယ်ဆိုရင် ကြောင်ကလေးတွေက လိမ္မာပြီး ကောင်းကောင်းလိုက်နာမှတ်သားကြမှာဖြစ်ပါတယ်။ ကြောင်ကလေးတွေဟာ အမြင်အာရုံ၊ အကြားအာရုံသိပ်ကိုကောင်းတာကိုလည်း ကလေးတို့ အံ့သြဖွယ်မြင်ရမှာပါ။

ကမ္ဘာပေါ်က ကြောင်ချစ်သူများအဖွဲ့က ပြောကြားချက်တွေအရ ကြောင်တွေကို ချစ်တဲ့သူအများစုက စိတ်နှလုံးနူးညံ့သိမ်မွေ့ကြပြီး စာပေနဲ့အနုပညာကို ချစ်တတ်တဲ့သူတွေ၊ စိတ်ရှည်သည်းခံတတ်သူတွေ ဖြစ်တယ်လို့ သိရပါတယ်။ အဲဒီလိုပါပဲ ကြောင်ကလေးတွေဟာလည်း သူတို့ကို အတော်သည်းခံပေးကာ နားလည်ပေးတဲ့သူတွေကိုပဲ ချစ်ခင်၍ ကျန်တဲ့သူတွေကိုတော့ အနားကပ်လေ့မရှိပါဘူး။

ကြောင်က ကျား၊ ခြင်္သေ့မျိုးရင်းနွယ်ဖြစ်တာကြောင့် အမဲလိုက်ကောင်းပါတယ်။ သူအကြိုက်ဆုံး ကြွက်တွေကို ခုတ်တဲ့အခါ သူကအတော့်ကို လျင်မြန်ပြီး အမိအရကိုက်တတ်တာပေါ့။ ဒါပေမယ့် ကြောင်နဲ့ကြွက် ကာတွန်းတွေထဲမှာတော့ ကြောင်ကလေးက ကြွက်ကိုမနိုင်ဘဲ အမြဲခံနေရတာကြောင့် အဲဒီကာတွန်းကားကို ကြောင်ချစ်သူတွေကတော့ သိပ်မကြိုက်ကြပါဘူး။

ကြောင်ကလေးတွေရဲ့သက်တမ်းက ၁၅ နှစ်လောက်အထိရှိပြီး အိမ်မွေးကြောင်ကလေးတွေထဲမှာတော့ အမွေးရှည်ရှည်၊ အရောင်သန့်သန့် မျက်လုံးအပြာနဲ့ အာရှကြောင်ကလေးတွေက လူကြိုက်အများဆုံးဖြစ်ပါတယ်။ အရွယ်ကြီးမားပြီး သိုးမွေးလိုရှည်တဲ့အမွေးတွေနဲ့ ပါးရှင်းကြောင်တွေကိုလည်း လူကြိုက်များပါတယ်။ စပိန်နိုင်ငံမှာတော့ လိပ်ခွံကွက် ကြောင်လေးတွေကို ညဏ်ကောင်းတဲ့အတွက် လူကြိုက်များပါတယ်ကလေးတို့ရေ။ မမတို့နိုင်ငံမှာတော့ ကြောင်ကလေးတွေကို အိမ်အတော်များများမှာ တွေ့ရပါတယ်။ အချို့ကြောင်ချစ်သူတွေဆိုရင် ကြောင် အကောင် ၂၀၊ ၃၀ အထိ မွေးမြူထားတတ်ပါတယ်။ ကြောင်တွေထဲမှာ ရုပ်အဆိုးဆုံးကတော့ အိုင်းအော့မန်းကျွန်းပေါ်မှာ တွေ့ရတဲ့ ကြောင်တွေဖြစ်ပြီး သူတို့က အမြီးလည်းမပါ ကြည့်ရလည်း အတော်ရုပ်ဆိုးတဲ့ကြောင်ကလေးတွေလည်း ဖြစ်ပါတယ်။

ကလေးတို့လည်း ကြောင်ကလေးတွေကို ချစ်ခင်ပြီး သူတို့နဲ့အတူတူ ဆော့ကစားရင်း ကျောင်းပိတ်ရက်တွေကို ဖြတ်ကျော်လိုက်ပါတော့နော်။

---

## လောကဝတ် (Etiquette)

# ကစားကွင်းတွေမှာ သူများတွေမထိခိုက်အောင်ကစားမယ်

ဟာမီယွန်နီ

မင်္ဂလာပါ ကလေးလေးတို့ရေ။ မမက အပတ်စဉ်ကလေးတို့လိုက်နာဆင်ခြင်ကြရမယ့် လောကဝတ်အကြောင်းအရာလေးတွေကို ပြောပြပေးသွားမှာပါ။ ဒီတစ်ပတ်မှာ မမရွေးချယ်ထားတာက ကလေးတို့ ကစားကွင်းတွေထဲမှာ သူတစ်ပါးကို ထိခိုက်မှုမရှိဘဲ အေးအေးချမ်းချမ်း ဆော့ကစားနိုင်ဖို့အတွက် သတိထားရမယ့် နည်းလမ်းလေးတွေကို ပြောပြလိုပါတယ်။

အများနဲ့ဆိုင်တဲ့ ပန်းခြံတွေ၊ ကစားကွင်းတွေဆီကို ကလေးတို့ ရောက်ဖူးကြတယ် မဟုတ်လား။ အင်မတန်ကို ပျော်စရာကောင်းတဲ့ နေရာတွေပေါ့နော်။ မမတို့ ကလေးဘဝကလည်း ကစားကွင်းတွေ၊ ပန်းခြံတွေကို သွားမယ်ဆိုရင် သိပ်ကိုပျော်ခဲ့ကြတာပါ။ ဒါပေမယ့် အများနဲ့အတူတူ ဆော့ကစားကြတဲ့ အခါကလေးတို့က ကစားနည်းအလိုက် လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေရှိသလို အများနဲ့အတူတူ ဆော့ကစားကြတဲ့အခါတိုင်းမှာ မဖြစ်မနေ လိုက်နာရမယ့် အချက်ကလေးတွေလည်း ရှိပါတယ်။ အဲဒါလေးတွေကို လိုက်နာပြီး အားလုံးနဲ့ အတူတူ ပျော်ပျော်ရွှင်ရွှင် ဆော့ကစားနိုင်မှသာ ကလေးတို့က လိမ္မာရေးခြားရှိပြီး သူတစ်ပါးကို စာနာတတ်သူတွေ ဖြစ်လာမှာပေါ့။



### ပစ်ပေါက်ကစားတာမျိုးကို ရှောင်ပါ

သာမန် ကစားတာမျိုးထက်ပိုတဲ့ ပစ်ပေါက် ဆော့ကစားတာတွေက ကလေးတို့အတွက် ပျော်စရာကောင်းပေမယ့် ထိခိုက်မိသူတွေအဖို့တော့ အန္တရာယ်ရှိနိုင်ပါတယ်။ သဲတွေနဲ့ ပစ်ပေါက်ကစားတဲ့အခါ ကလေးတို့ သူငယ်ချင်းရဲ့ မျက်လုံးထဲကို ဝင်သွားမယ်ဆိုရင် သူ့အတွက် ထိခိုက်သွားနိုင်သလို အလေးချိန်ရှိတဲ့ ခဲလုံး၊ ဒါမှမဟုတ် ကစားစရာတွေကို ပစ်ပေါက်ဆော့ကစားတာဟာ သူများကို ထိခိုက်စေတဲ့အတွက် အချင်းချင်းစိတ်ဝမ်းကွဲစေတာပေါ့။ ဒါကြောင့် ဘယ်အရာကိုမှ ပစ်ပေါက်ပြီး မကစားဖို့ မမက တိုက်တွန်းပါတယ်။

### သူများကိုနေရာပေးပါ

ကလေးတို့က လျှောစီးတာဖြစ်ဖြစ်၊ ဒန်းကလေးကို စီးတာဖြစ်ဖြစ် သူများတွေလည်း ကလေးတို့လို စီးချင်နေ မယ်ဆိုတာကို အမြဲသတိထားပေးဖို့ လိုပါတယ်။ အချို့ကလေးတွေက သူများကို အလှည့်မပေးတာမျိုး၊ စီးလို့မရအောင် နှောင့်ယှက်တာမျိုး လုပ်တတ်ပေမယ့် လိမ္မာတဲ့ကလေးတွေကတော့ အဲဒီလို လုပ်ရပ်မျိုးကို ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။ ကစားကွင်းအတွင်းမှာ အတူတူရှိနေတဲ့ သူငယ်ချင်းတွေအားလုံး တစ်ယောက်နဲ့တစ်ယောက် အလှည့်ပေးပြီး ကစားမယ်ဆိုရင် အားလုံးလည်း ပျော်ပျော်ရွှင်ရွှင် ဆော့ကစားနိုင်မှာ ပေါ့ကွယ်။

### ထိခိုက်မိရင် အမြန်ဆုံးတောင်းပန်

ကစားကွင်းဟာ ကလေးတို့အတွက် မတော်တဆထိခိုက်မိတာမျိုး ဖြစ်နိုင်တဲ့နေရာလည်း ဖြစ်ပါတယ်။ ကိုယ်တိုင်ဂရုမစိုက်မိဘဲ ချော်လဲတာမျိုးကနေ အမြင့်ကပြုတ်ကျတာ၊ သဲမှုန်တွေ မျက်စိထဲဝင်တာကနေ အခြားထိခိုက်တာမျိုးလည်း သူငယ်ချင်းတွေကြောင့် ဖြစ်တတ်ပါတယ်။ ကလေးတို့က ဆော့ကစားနေရင်း မတော်တဆနဲ့ သူငယ်ချင်းတွေကို ထိခိုက်မိသွားရင် အမြန်ဆုံးတောင်းပန်သင့်ပြီး သူတို့ သက်သာသွားအောင် ဂရုစိုက်ပေးလို့ရပါတယ်။ အဲဒါဆိုရင် ကလေးတို့ သူငယ်ချင်းတွေကလည်း ခွင့်လွှတ်ပေးမှာပါ။ အဲဒါကြောင့် ကစားကွင်းတွေမှာသူများကို စိတ်အနှောင့်အယှက်မရှိကလေးတို့လည်း ပျော်ရွှင်စွာကစားလို့ရတဲ့ နည်းလမ်းတွေကို ရွေးချယ်ပြီးမှ ဆော့ကစားကြပါလို့ မမက တိုက်တွန်းလိုက်ပါတယ်နော်။

# တန်းဆင်းဇုန်က ဝက်စ်ဘရွန်းကို မန်ယူအသင်း ကျော်ဖြတ်သွားနိုင်မလား . .

■ မိုးဇက်

| ပရီမီယာလိဂ် ပွဲစဉ် (၂၄ ) | | |
|---|---|---|
| ၁၄-၂-၂၀၂၁ | | (တနင်္ဂနွေနေ့) |
| ဆောက်သမ်တန် | - ဝုဖ် | ည ၆:၃၀ |
| ဝက်စ်ဘရွန်း | - မန်ယူ | ည ၈:၃၀ |
| အာဆင်နယ် | - လိဒ်စ် | ည ၁၁:၀၀ |
| အဲဗာတန် | - ဖူလ်ဟမ် | နံနက် ၁:၃၀ |




ယနေ့တနင်္ဂနွေနေ့ ပရီမီယာလိဂ်ပွဲစဉ်တွေမှာတော့ အသင်းကြီး အာဆင်နယ်၊ မန်ယူတို့အပါအဝင် ပွဲစဉ်လေးပွဲ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ အာဆင်နယ်အသင်းက လိဒ်စ်နှင့် တွေ့ဆုံနေတဲ့အတွက် စိတ်ဝင်စားဖို့ ကောင်းနေသလို မန်ယူအသင်းက ဝက်စ်ဘရွန်းအသင်းနှင့် တွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။ ဒါကြောင့် ရမှတ်အပြည့် ဘယ်အသင်းက ပိုင်ဆိုင်သွားမလဲ စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။

## ဆောက်သမ်တန် VS ဝုဖ်

ပထမအကျော့ရလဒ် ဝုဖ် ၁-၁ ဆောက်သမ်တန်

ဆောက်သမ်တန်အသင်းနဲ့ ဝုဖ်အသင်းတို့ ယခုပွဲစဉ်မတိုင်မီ ဖေဖော်ဝါရီ ၁၂ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားပဉ္စမအဆင့်မှာ နောက်ဆုံးထိပ်တိုက် တွေ့ဆုံထားပြီး ဆောက်သမ်တန်အသင်းက အင့်စ်၊ အမ်းစထရောင်းတို့ရဲ့ သွင်းဂိုးတွေနဲ့ နှစ်ဂိုးပြတ် အနိုင်ရရှိထားတယ်။ ဝုဖ်အသင်းအနေနဲ့ နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေတာကြောင့် ယခုပွဲစဉ်ကို အနိုင်ရရှိဖို့ အားစိုက်ကစားလာမှာ သေချာပါတယ်။ ဆောက်သမ်တန်အသင်းက အစပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပြသကာ ပုံစံကောင်းရရှိနေသော်လည်း နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ငါးပွဲမှာတော့ လေးပွဲအထိ ရှုံးနိမ့်ထားကာ တစ်ပွဲသာ နိုင်ပွဲရရှိထားတာကို သတိပြုရမယ်။ ဒီနှစ်သင်းရဲ့ အမှတ်ပေးဇယားရပ်တည်မှုမှာ နှစ်မှတ်သာ ကွာဟနေတာကို တွေ့ရတယ်။ ဒါကြောင့် ဝုဖ်အသင်းအနေနဲ့ အက်ဖ်အေဖလားရှုံးကြွေးကို ယခုပွဲစဉ်မှာ ပြန်ဆပ်သွားနိုင်မလားကြည့်ရမယ်။

## ဝက်စ်ဘရွန်း VS မန်ယူ

ပထမအကျော့ရလဒ် မန်ယူ ၁-၀ ဝက်စ်ဘရွန်း

ပထမအကျော့မှာ မန်ယူအသင်းက ဖာနန်ဒက်ဇ်ရဲ့ ပယ်နယ်တီသွင်းဂိုးနဲ့ ဝက်စ်ဘရွန်းအသင်းကို အနိုင်ရရှိထားတယ်။ မန်ယူအသင်းက ယခုနှစ် ပရီမီယာလိဂ် အဝေးကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ၁၁ ပွဲမှာ ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ ရှစ်ပွဲနိုင်၊ သုံးပွဲသရေကျထားတာကြောင့် အိမ်ကွင်းထက် အဝေးကွင်းစွမ်းဆောင်ရည်က သာလွန်နေတာကို တွေ့ရတယ်။ ဝက်စ်ဘရွန်းအသင်းရဲ့ ခြေစွမ်းက အားရစရာမရှိဘဲ နောက်ဆုံးငါးပွဲမှာ လေးပွဲအထိ ရှုံးနိမ့်ထားပြီး တစ်ပွဲသာ သရေကျထားတာ တွေ့ရတယ်။ အမှတ်ပေးဇယားရပ်တည်မှုမှာလည်း ၂၃ ပွဲကစားပြီး ရမှတ် ၁၂ မှတ်နဲ့ တန်းဆင်းဇုန်အတွင်း ကျရောက်နေတယ်။ ယခုပွဲစဉ်မှာတော့ မန်ယူက ဦးဆောင်သူ မန်စီးတီးအသင်းကို ဆက်လက်ဖိအားပေးနိုင်ဖို့ အနိုင်ရရှိအောင် ကြိုးပမ်းလာမှာဖြစ်သလို ဝက်စ်ဘရွန်းအသင်းကလည်း နောက်ဆုံးငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေမှုကို ချေဖျက်ဖို့ ယခုပွဲစဉ်ကို အနိုင်ရရှိရန် ကြိုးစားလာမှာဖြစ်ပါတယ်။

## အာဆင်နယ် VS လိဒ်စ်

ပထမအကျော့ရလဒ် လိဒ်စ် ၀-၀ အာဆင်နယ်

နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ဝုဖ်၊ ဗီလာအသင်းတို့ကို နှစ်ပွဲဆက်ရှုံးနိမ့်ထားတာကြောင့် နည်းပြအာတီတာရဲ့ အာဆင်နယ်အသင်းက လတ်တလောမှာ ခြေစွမ်းကျဆင်းနေတာကို တွေ့ရတယ်။ လိဒ်စ်အသင်းက နောက်ဆုံးလေးပွဲမှာ အဲဗာတန်အသင်းကိုသာလျှင် နှစ်ဂိုး-တစ်ဂိုးနဲ့ရှုံးနိမ့်ထားပြီး ကျန်သုံးပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်တဲ့အတွက် ခြေစွမ်းတက်လာတာကို သတိပြုရမယ်။ အဆိုပါ နှစ်သင်းရဲ့ ရမှတ်ကွာဟမှုမှာတော့ တစ်မှတ်သာ ရှိထားတဲ့အတွက် ယခုပွဲစဉ်ဟာ ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်လာဖွယ်ရှိနေတယ်။ အာဆင်နယ်အသင်းက ယခုနှစ်ရာသီ ၂၃ ပွဲမှာ ရဂိုးက ၂၇ ဂိုးသာရှိပြီး ပေးဂိုးက ၂၃ ဂိုးအထိ ရှိထားတာတွေ့ရတယ်။ လိဒ်စ်အသင်းက ၂၂ ပွဲမှာ ရဂိုး ၃၈ ဂိုးအထိရှိထားသလို ပေးဂိုးကလည်း ၃၈ ဂိုးအထိရှိနေတာကို ထူးခြားစွာတွေ့ရတယ်။ ဒီနှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှုနောက်ဆုံး သုံးကြိမ်မှာ အာဆင်နယ်အသင်းက နှစ်ပွဲနိုင်ပြီး တစ်ပွဲသရေကျထားတယ်။

## အဲဗာတန် VS ဖူလ်ဟမ်

ပထမအကျော့ရလဒ် ဖူလ်ဟမ် ၂-၃ အဲဗာတန်

ဒီနှစ်သင်း ပထမအကျော့တုန်းက အကြိတ်အနယ်ရှိခဲ့ပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့အတူ သုံးဂိုး-နှစ်ဂိုးနဲ့ အဲဗာတန်အသင်းက အနိုင်ရရှိထားတယ်။ ဒီနှစ်သင်းရဲ့ လက်တလော ခြေစွမ်းကိုကြည့်ရင် အဲဗာတန်အသင်းက နောက်ဆုံးသုံးပွဲဆက် ရှုံးပွဲကြုံတွေ့ထားခြင်း မရှိတာကြောင့် အကောင်းဘက်ဦးတည်နေတယ်။ ဖူလ်ဟမ်အသင်းကတော့ နောက်ဆုံးငါးပွဲမှာ နိုင်ပွဲရရှိထားခြင်းမရှိဘဲ ခြေစွမ်းကျဆင်းနေတယ်။ ဒါပေမယ့်လည်း အမှတ်ပေးဇယားမှာ တန်းဆင်းဇုန်အတွင်းကျရောက်နေတာကြောင့် အဲဗာတန်အသင်းကို အနိုင်ရရှိအောင် အားစိုက်ကစားလာမှာ သေချာပါတယ်။ အဲဗာတန်အသင်းက မန်ယူအသင်းနဲ့ပွဲစဉ်မှာ သုံးဂိုးစီသရေကျအောင် ကစားထားနိုင်တာတွေ့ရပြီး အက်ဖ်အေဖလားပဉ္စမအဆင့်မှာလည်း စပါးအသင်းကို အပြန်အလှန်သွင်းဂိုးတွေနဲ့အတူ ငါးဂိုး-လေးဂိုးနဲ့ အနိုင်ရလဒ်ကို ဖော်ဆောင်ထားနိုင်တာကို တွေ့ရတယ်။ ဒါကြောင့် အဲဗာတန်ကို အနိုင်ရရှိဖို့ ဖူလ်ဟမ်အနေနဲ့ အခက်တွေ့နိုင်တယ်။

# လက်စတာမှ ဂျပ်စ်တင် ဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရတော့မည်

မိုးဇက်

လက်စတာခံစစ်ကစားသမား ဂျိမ်းစ် ဂျပ်စ်တင်သည် ဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရတော့မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၂၂ နှစ်အရွယ်ရှိ အဆိုပါကစားသမား၏ ဒဏ်ရာသည် ဗုဒ္ဓဟူးနေ့တွင် ယှဉ်ပြိုင်ကစားခဲ့သည့် လက်စတာအသင်းက ဘရိုက်တန်အသင်းကို အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဂျပ်စ်တင်သည် ယခုနှစ်ရာသီတွင် လက်စတာအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၁ ပွဲ ပါဝင်ကစားထားသူဖြစ်သည်။

၎င်းသည် ၂၀၁၉ ခုနှစ်တွင် လူတန်တောင်းအသင်းမှ လက်စတာ အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး ပြိုင်ပွဲအရပ်ရပ် ၄၉ ပွဲပါဝင်ကစားထားကာ လေးဂိုးသွင်းယူပေးထားနိုင်သူဖြစ်သည်။

ဂျပ်စ်တင်သည် ယခုနှစ်ရာသီတွင် အခြားသော လက်စတာအသင်း ကစားသမားများထက် ကစားခွင့်ပိုမိုရရှိထားကြောင်း သိရသည်။

နည်းပြရော်ဂျာ၏ လက်စတာအသင်းသည် ပရီမီယာလိဂ် ၂၃ ပွဲကစားပြီးချိန်တွင် ရမှတ် ၄၃ မှတ်အထိ စုဆောင်းထားနိုင်သည့်အသင်း ဖြစ်သည်။ လက်စတာ အသင်းသည် လီဗာပူးအသင်းနှင့်ပွဲစဉ် ပြီးလျှင် ယူရိုပါလိဂ်ပြိုင်ပွဲ၌ ဆလာဗီယာ ပရော့အသင်းနှင့် ဖေဖော်ဝါရီ ၁၉ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



**ဂျပ်စ်တင်သည် ယခုနှစ်ရာသီတွင် အခြားသော လက်စတာ အသင်းကစားသမားများထက် ကစားခွင့် ပိုမိုရရှိထား**

## နောက်ဆုံးရ သတင်းတိုများ

» ချယ်ဆီးအသင်းသည် အင်တာမီလန်အသင်းမှ အသက် ၂၈ နှစ်အရွယ် ဒိန်းမတ်ကစားသမား အဲရစ်ဆင်ကို ပရီမီယာလိဂ်သို့ ပြန်လည်ခေါ်ယူရန် လုပ်ဆောင်နေကြောင်း သိရသည်။ အဲရစ်ဆင်သည် ယခုနှစ်ရာသီတွင် အင်တာမီလန်အသင်းအတွက် စီးရီးအေ ၁၀ ပွဲသာ ပါဝင်ကစားခွင့်ရရှိထားကြောင်း သိရသည်။ အပြောင်းအရွှေ့ ဖြစ်မြောက်ရန်အတွက် ချယ်ဆီးအသင်းအနေဖြင့် အသင်းမှ အသက် ၂၉ နှစ်အရွယ် အီတလီ ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုကို အင်တာမီလန်အသင်းသို့ အလိုက် ပေးကမ်းလှမ်းဖွယ်ရှိကြောင်း သိရသည်။



» အေစီမီလန်အသင်းနှင့် ဂျူဗင်တပ်စ်အသင်းတို့သည် ချယ်ဆီးအသင်းမှ အသက် ၂၇ နှစ်အရွယ် မော်ရိုကို တောင်ပံကစားသမား ဇီယက်ကို ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။ ဇီယက်သည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ချယ်ဆီးအသင်းအတွက် ၁၁ ပွဲပါဝင်ကစားထားပြီး တစ်ဂိုးသာသွင်းယူထားနိုင်သည်။

» ဝိန်းရွန်းနေသည် အင်္ဂလန်နည်းပြ ဂါးရက်ဆောက်ဂိတ်ကို လာမည့် ယူရိုပြိုင်ပွဲ၌ မန်စီးတီးအသင်းမှ အသက် ၂၀ အရွယ် ကွင်းလယ်ကစားသမား ဖီးလ်ဖိုဒင်နှင့် အက်စ်တွန်ဗီလာအသင်းမှ အသက် ၂၅ နှစ်အရွယ် ဂျက်ဂရီရယ်လစ်တို့ကို တွဲဖက်ကစားစေလိုကြောင်း သတင်းများတွင် ဖော်ပြထားသည်။

» ဝက်စ်ဟမ်းနှင့် လိဒ်စ်အသင်းတို့က ခေါ်ယူရန် ပစ်မှတ်ထားနေသော မက်သရူး ဘွန့်စ်ဝဲလ်သည် လိုက်ပ်ဇစ်မှ ထွက်ခွာပြီးနောက် ပရီမီယာလိဂ် ကလပ်သို့ ပြောင်းရွှေ့ကစားရန် ဆွေးနွေးနေကြောင်း သိရသည်။

» ဂျူဗင်တပ်စ်အသင်းသည် ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် မန်ယူအသင်းမှ ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဂ်ဘာကို တုရင်သို့ ပြန်လည်ခေါ်ယူရန်အတွက် အသင်းမှ ဘရာဇီးတောင်ပံကစားသမား ဒေါက်ကလပ်ကော်စတာ၊ ဘော့စနီးယားကွင်းလယ်ကစားသမား ပီဂျာနစ်၊ ဝေးလ်ကစားသမား ရမ်ဆေးနှင့် ပြင်သစ်ကွင်းလယ်ကစားသမား ရာဘီရော့တို့ထဲမှ တစ်ဦးဦးဖြင့် အလိုက်ပေးကမ်းလှမ်းရန် ပြင်ဆင်ထားခဲ့သော်လည်း မန်ယူအသင်းက ငွေသားချည်း ပေါင် ၈၇ သန်းကို လိုချင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ အခြားသတင်းရင်းမြစ်တစ်ခုတွင် ပေါ့ဂ်ဘာ၏ အေးဂျင့်ဖြစ်သူ ရိုင်အိုလာက ပေါ့ဂ်ဘာအနေဖြင့် မန်ယူအသင်းမှ ထွက်ခွာခဲ့လျှင် ဂျူဗင်တပ်စ်အသင်းသို့ ပြန် လည်ပြောင်းရွှေ့ဖွယ်ရှိကြောင်း ဖော်ပြထားသည်။

» ဇင်းနစ်အသင်းမှ ခရိုအေးရှားခံစစ်ကစားသမား လော်ဗရန်သည် လီဗာပူး အသင်းဖော်ဟောင်း ဆာလာအနေဖြင့် အန်းဖီးလ်၌ ကာလရှည်ဖြတ်သန်းနိုင်လိမ့်မည်ဟု ယုံကြည်နေကြောင်း သိရသည်။ အောင်

# ချယ်ရီမြို့ သို့မဟုတ် ချင်းပြည်နယ်၏မြို့တော် ဟားခါးမြို့

မောင်မောင်ကျော့(ပလက်ဝ)

**ချင်းပြည်နယ်သည် မြန်မာနိုင်ငံအနောက်မြောက်ပိုင်းရှိ တောင်တန်းဒေသတစ်ခုဖြစ်သည်။ မြင့်မားမတ်စောက်သော တောင်တန်းကြီးများ၊ ချိုင့်ဝှမ်းများနှင့်အတူ ချယ်ရီပန်း၊ တောင်ဇလပ်ပန်းနှင့် ထင်းရှူးတန်းများသည်ကား ချင်းပြည်နယ်၏ သဘာဝအလှတရားများပင်ဖြစ်သည်။ ဟားခါးမြို့တွင် ဆောင်းရာသီရောက်ပြီဆိုလျှင် မီးသတ်ကုန်းတစ်လျှောက် ချယ်ရီပန်းပင်များ မြိုင်မြိုင်ဖူးပွင့်နေသကဲ့သို့ မြို့ပေါ်နေရာအနှံ့အပြားတွင်လည်း ချယ်ရီပန်းပင်များ ဖူးပွင့်ဝေဆာမှုကြောင့် "ချယ်ရီမြို့" ဟုလည်း တင်စားခေါ်ဝေါ်ကြသည်။**



**တောင်ထိပ်တည်ထား မြို့ဟားခါးဆီသို့**

ဟားခါးမြို့သို့ အလည်အပတ်လေ့လာဖို့သွားရောက်မည်ဆိုလျှင် ယခင်က ရန်ကုန်မှသည် မန္တလေးသို့ ဦးစွာသွားရသည်။ မန္တလေးမှ မုံရွာ-ဂန့်ဂေါမြို့တို့ကို ဖြတ်ပြီးခရီးဆက်ရသည်။ ယခုအခါ ရန်ကုန်မှသည် ဟားခါးမြို့သို့ Highclass ယာဉ်ကြီးများဖြင့် တိုက်ရိုက်သွားလာနိုင်ပေပြီ။ ဟားခါးမြို့အဝင် ရှန်းတောင်ကြောလမ်း ဖြတ်သန်းလာသည်နှင့် မိုးရာသီသဘာဝအတိုင်း နှင်းမှုန်ထုများက ပတ်ဝန်းကျင်တစ်ခုလုံးကို အေးစိမ့်စိမ့်နှင့် အချမ်းဓာတ်ကြိုက်သူ မြေပြန့်သားများအတွက် အကောင်းဆုံးရာသီဥတု ဖြစ်သည်။

နံနက်ခင်းရောက်ပြီဆိုသည်နှင့် မြူနှင်းမှုန်များက ရှန်းတောင်ပေါ် အုပ်မိုးလျက်ရှိသည်။ နှင်းထူသောနေ့ဆိုလျှင် ဟားခါးမြို့သည် မြူနှင်းလှိုင်းပင်လယ်ကြား နစ်မြုပ်နေ၍ ဘာမှမမြင်ရဘဲ နေခြည်ဆမ်းမှ တောင်ကြောနှစ်ခုကြား မြူနှင်းများ လွင့်မျောသွားကာ ဟားခါးမြို့အလှကို စတင်တွေ့မြင်နိုင်ပါသည်။ ညချမ်းချိန်တွင်ကား ဟားခါးမြို့သည် ရောင်စုံမီးများ လင်းလက်လျက်၊ ချင်းတောင်တန်းကြီး၏ ကျောကုန်းထက်ဝယ်တည်ငြိမ်အေးချမ်းစွာ အနားယူအိပ်စက်လေ့ရှိသည်။

မိုးအကုန် ဆောင်းအကူး ဟားခါးမြို့၏ ဆောင်းညချမ်းသည်ကား ဆီးနှင်း မြူတို့ သိုင်းခြုံလျက် အေးမြလှပါဘိ၊ စောင်ကိုယ်စီ ခြုံပါသော်လည်း မေးဖျားရိုက်၊ အရိုးကွဲအောင် အေးခိုက်လှသည်။ ဆောင်းည၏ နံနက် မိုးသောက် အလင်းရောက်သော်ကား ဆီးနှင်းမိုးတို့ ဖြိုးဖြိုးဖြောက်ဖြောက် ရွာသွန်းလျက် တွေ့ရသည်။ နံနက် ၉ နာရီခွဲသည့်တိုင် နှင်းကမကွဲသေး၊ သို့သော် ဟားခါးမြို့၏ လမ်းများပေါ်တွင် ဆိုင်ကယ်စီးသူစီး၊ လမ်းလျှောက်သူ လျှောက်ဖြင့် လှုပ်လှုပ်ရွရွ သွားလာနေကြပြီ။ နံနက် ၁၀ နာရီ၊ ၁၁ နာရီလောက်တွင် ဆီးနှင်းဖွေးဖွေး မြူနှင်းများကြား ဟားခါးမြို့အလှ ရုပ်လုံးပေါ်လာသည်ကိုတွေ့ရမည်။ ဟားခါးမြို့အဝင် လမ်းမကြီးသည် တောင်ကြောတစ်နေရာက နိမ့်ဆင်းသွားရာမှ အခြားတောင်တန်းဆီသို့ သွယ်တန်းလျက်ရှိသည်။ တောင်ထိပ်ရှုရပ်မှကြည့်လျှင် ဟားခါးမြို့သည် ကင်းမြီးကောက် အမြီးထောင်နေသကဲ့သို့ အလားသဏ္ဍာန်တူနေသည်။ နွေရာသီဆိုလျှင် ခြောက်သွေ့၍ ချင်းပြည်နယ်တစ်ခွင်သို့ မြန်မာပြည်အနှံ့အပြားမှ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။

**"ဟားခါးမြို့အဝင် လမ်းမကြီးသည် တောင်ကြောတစ်နေရာက နိမ့်ဆင်းသွားရာမှ အခြားတောင်တန်းဆီသို့ သွယ်တန်းလျက်ရှိသည်။ တောင်ထိပ်ရှုရပ်မှကြည့်လျှင် ဟားခါးမြို့သည် ကင်းမြီးကောက် အမြီးထောင်နေသကဲ့သို့ အလားသဏ္ဍာန်တူနေသည်။ နွေရာသီဆိုလျှင် ခြောက်သွေ့၍ ချင်းပြည်နယ်တစ်ခွင်သို့ မြန်မာပြည်အနှံ့အပြားမှ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိ"**

မြို့တွင်းရှိ နေအိမ်များမှာ တောင်ပတ်လမ်းများကို ကပ်လျက် တည်ဆောက်ထားကြသည်။ နေအိမ်အများစုမှာ ယခင်က သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ကာအိမ်များ ဖြစ်သော်လည်း ယခုအခါ မြို့လုံးကျွတ်နီးပါး တိုက်တာအဆောက်အအုံများဖြင့် သပ်ရပ်လှပနေသည်ကို တွေ့ရသည်။ အရစ်လိုက်အရစ်လိုက် တည်ရှိနေသော တောင်ပတ်လမ်းများကို ကပ်၍တည်ဆောက်ထားသဖြင့် အဝေးမှကြည့်လျှင် အစီအရီအထပ်ထပ် တွေ့ရသည်။

ဟားခါးမြို့ဝန်းကျင်တစ်ခွင်တွင် ထင်းရှူးပင်များဖြင့် လှပနေသော တောင်တန်းကြီးများ ရှိလေသည်။ မြို့တွင်း မြို့ပြင် နေရာအနှံ့တွင်လည်း တောင်ဇလပ်ပန်းများနှင့် ချယ်ရီပန်းများသည် အဆုပ်လိုက်အဆုပ်လိုက် အပြိုင်အဆိုင် ပွင့်နေကြသည်။ ဟားခါးမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၆၁၂၀ အမြင့်တွင် ရှိသည်။

ဤသို့ဖြင့် ဟားခါးမြို့သည် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများဖြင့် တိုးတက်ပြောင်းလဲလာသည်ကို တွေ့ရသည်။

**သွားလမ်းသာ၍ လာလမ်းဖြောင့်ခဲ့ပြီ**

ယခင်က ချင်းပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးတို့သည် လမ်းပန်းဆက်သွယ်မှု အလွန်ခက်ခဲခဲ့သည်။ ယခုအခါ ဤသို့မဟုတ်ချေပြီ။ တောင်ပေါ်မြေပြန့် မြို့ပြအားလုံး ဟန်ချက်ညီညီ အသွင်သစ်၊ အမြင်သစ်တို့ဖြင့် အခြေအနေတစ်ခုသို့တိုင် ဖွံ့ဖြိုးလာခဲ့ပြီဟု ဆိုရပါမည်။ ဤသို့ ဖွံ့ဖြိုးလာမှုနှင့်အတူ ပြည်နယ်နှင့် တိုင်းဒေသကြီးချင်းဆက်၊ ခရိုင်ချင်းဆက်၊ မြို့နယ်ချင်းဆက်လမ်းများကိုလည်း ချဲ့ထွင်ဖောက်လုပ်ပေးထားပြီ ဖြစ်သည်။

ဟားခါးမြို့သို့ ဂန့်ဂေါမှလာလျှင် ၈၆ မိုင်၊ ကလေးမြို့မှ ဖလမ်းမြို့ကို ဖြတ်၍လာလျှင် မိုင် ၁၂၀၊ ဖလမ်းမှလာလျှင် ၅၅ မိုင်၊ ထန်တလန်မှလာလျှင်၂၄ မိုင်၊ မတူပီမှလာလျှင် ၁၇၃ မိုင် ကွာဝေးသည်။ မတူပီ-ပလက်ဝလမ်း ၁၃၅ မိုင်ကိုလည်း မြေသားလမ်းဖောက်လုပ်ပြီးစီးပြီဖြစ်သည်။ အချို့လမ်းပိုင်းများကို ကျောက်ချောလမ်း၊ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည်။ ဤလမ်းပိုင်းတစ်ခုလုံး အဆင့်မြှင့်တင်မှုလုပ်ငန်းပြီးစီးသွားပါက ပလက်ဝမှ မတူပီ၊ ရေဇွာမြို့များကိုဖြတ်၍ ဟားခါးမြို့သို့ ၃၀၅ မိုင် ခရီးကိုလည်း အသုံးပြုသွားလာနိုင်တော့မည်။

ဟားခါးမြို့သို့ ခရီးမိုင် အတိုဆုံးနှင့် သွားလာနိုင်သည့် ဂန့်ဂေါ- ဟားခါး လမ်းပိုင်းကို လမ်းအကျယ်ချဲ့ထွင်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ပြီးစီးနေပြီဖြစ်၍ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာခဲ့ပြီး တောင်ပေါ်ခရီးကို သုံးနာရီခွဲဖြင့် အရောက်သွားလာနိုင်ပြီဖြစ်သည်။ ထို့ကြောင့် သွားလမ်းသာ၍ လာလမ်းဖြောင့်နေပြီဟု ဆိုနိုင်ပါသည်။

**မြို့နယ်အားလုံးသို့ ဆက်သွယ်**

ဟားခါးမြို့ကို ခရိုင်မြို့အဖြစ်ပါ သတ်မှတ်ပေးခဲ့ပြီးဖြစ်သည့်အပြင် ပြည်နယ်မြို့တော်လည်း ဖြစ်ပေသည်။ ပြည်နယ်၏ ဗဟိုအချက်အချာကျသည့်မြို့လည်းဖြစ်၏။ ပြည်နယ်မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်လာစေရန် မြို့တော်အတွင်း သစ်လွင်ခံ့ညားသော အထပ်မြင့်အဆောက်အအုံကြီးများ၊ ကားကြီးဝင်း၊ နာရီစင်၊ အပန်းဖြေစရာပန်းခြံ၊ အားကစားကွင်း စသည့် ဥပဓိရုပ်ကောင်းသည့် လေ့လာချင်စဖွယ် အခင်းအကျင်းမျိုးစုံတို့ဖြင့် ဖြည့်ဆည်းထားရှိပြီးဖြစ်သည်နှင့်အညီ မြို့တွင်းအဓိကကျသည့် လမ်းမကြီးများကို ဖြူနီအနားသတ် ပလက်ဖောင်းနှင့်အတူ နိုင်လွန်ကတ္တရာလမ်းများအဖြစ်သို့ အဆင့်မြှင့်တင်ပေးခဲ့ပြီးလည်း ဖြစ်သည်။ ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးသို့ ဆက်သွယ်ထားရှိသည့် လမ်းပိုင်းများကိုလည်း သွားလာမှုပိုမိုလွယ်ကူချောမွေ့လာစေရန် မြေသားလမ်းအကျယ်ချဲ့ခြင်း၊ ကျောက်ချောလမ်း၊ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်ပေးခဲ့ပြီးလည်း ဖြစ်သည်။ ထို့ကြောင့် ပြည်နယ်တွင်းလမ်းကွန်ရက်များ လွှမ်းခြုံလာပြီဖြစ်၍ မြို့နယ်အားလုံးသို့ ဆက်သွယ်သွားလာမှုတို့လည်း လွယ်ကူချောမွေ့လာခဲ့ပြီဖြစ်သည်။

**သမိုင်းဝင်မြို့**

ရှမ်းပြည်နယ် ပင်လုံမြို့၌ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်မှုနှင့်အတူ အမြော်အမြင်ကြီးမားလှသော တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ စစ်မှန်သော ပြည်ထောင်စုအမြင်ကြောင့် လွတ်လပ်ရေး၏ ရှေ့ပြေးဖြစ်သည့် ပင်လုံစာချုပ်ကို ညီညွတ်အရင်းတည်၍ ချုပ်ဆိုနိုင်ခဲ့ပါသည်။ ထိုပင်လုံစာချုပ်တွင် ချင်းတိုင်းရင်းသားကိုယ်စားလှယ်များအဖြစ် ဦးကီယိုမန်း၊ ဦးလူရ်မှုန်း၊ ဦးသောင်ဇာခုတ်တို့ သုံးဦး လက်မှတ်ရေးထိုးခဲ့သည်။ ထိုအထဲမှ ဦးကီယိုမန်း မွေးဖွားရာမြို့လည်း ဖြစ်ပေသည်။ ထိုမြို့ကား အခြားမဟုတ်၊ ချယ်ရီမြို့ သို့မဟုတ် ချင်းပြည်နယ်၏မြို့တော် ဟားခါးမြို့ပင်ဖြစ်သည်။ ပင်လုံစာချုပ် ချုပ်ဆိုရာတွင် ပါဝင်ခဲ့သည့် သမိုင်းဝင်ပုဂ္ဂိုလ်၏ ဇာတိချက်ကြွေ သမိုင်းဝင်မြို့ဟုလည်း ဆိုနိုင်ပါသည်။

**သမိုင်းဝင်ကန်**

မြို့တွင်းသို့ ဝင်လာသည်နှင့် မြို့အဝင်ရှိ ပထမခွာရုံဆရာတော် ကျောက်ဖြစ်ရုပ်ကြွင်း တပ်ဦးစေတီရှိသည်။ တောင်ဇလပ်ပန်းပင်များ ပေါများပြီး ရှုခင်းလှပသဖြင့် လာရောက်ကြသူများ သဘောကျနှစ်ခြိုက်ကြသည်။ ၎င်းမှ တစ်ဆင့် View Point မျှော်စင်ပေါ်မှ မြို့ရှုခင်းကို ကြည့်ရှုခံစားနိုင်သည်။ View Point အဝင်မုခ်ဦးတွင် ချင်းတိုင်းရင်းသား ဝတ်စုံဝတ်ဆင်ထားသော မောင်မယ်နှစ်ဦးပုံ၊ ကျားနှင့် နွားနောက်ပုံတို့ကို ပန်းချီဖြင့် ရေးဆွဲထားပုံမှာ အလွန်လှပသည်။ တောင်ကုန်းပေါ်ရှိ မျှော်စင်မှာ ပေ ၄၀ အမြင့် ရှိသည်။ မြို့တစ်မြို့လုံးကို အပေါ်စီးမှ ကြည့်ရှုနိုင်သည်။ ဝေဟင်မှ လေယာဉ်စီး၍ တွေ့မြင်ရသည့် မြင်ကွင်းမျိုး ဖြစ်သည်။ သန့်ရှင်းသပ်ရပ်စိတ်ကြည်နူးဖွယ်ကောင်းလှသည်။

View Point မှ ထွက်လာသည်နှင့် ဌာနဆိုင်ရာရုံးများ တွေ့ရသည်။ ကွေ့ကောက်သော ကတ္တရာလမ်းအတိုင်းဆင်းလာပြီး လမ်းဆုံတစ်နေရာ တွေ့ရမည်။ လမ်းဆုံ၏တစ်ဖက်တွင် ဝမ္ဘသူးမောင်အားကစားကွင်းကြီး ရှိသည်။ အားကစားကွင်းညာဘက်ချိုးပြီး ဆက်လက်သွားပါက တော်လှန်ရေးကန်နှင့် ချင်းတောင်တန်းဆရာတော် သီတင်းသုံးရာ ဇေတဝန်ဘုန်းတော်ကြီးကျောင်း၊ အိပ်မက်တော်ရသစ္စာ အောင်မြင်ကုန်းသို့လည်း သွားရောက်နိုင်သည်။ ထိုကုန်းမြင့်ဝန်းကျင်တစ်ခိုတွင် တော်လှန်ရေးကန်ဟု အမည်ရသည့် ရေကန်တစ်ကန်လည်းရှိပါသည်။ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ခဲ့ကြသည့် ချင်းတိုင်းရင်းသားများ ဤရေကန်အနီးရှိ ကွင်းပြင်တွင် စုစည်း၍ စတင်တော်လှန်ခဲ့ကြသောကြောင့် တော်လှန်ရေးကန်ဟု ခေါ်ခြင်းဖြစ်သည်။ တော်လှန်ရေးကန်မှာ ရေကန်နက်ပြီး တောင်ကျရေများ ပြန်လည်စီးဆင်းစေသည်။ ယခုအခါ တော်လှန်ရေးကန် ဝန်းကျင်တစ်ခုလုံးကို ပြည်သူများ အပန်းဖြေအနားယူနိုင်ရန် သဘာဝပန်းခြံအဖြစ် တည်ဆောက်ထားသော်လည်း ဤပန်းခြံအတွင်းတွင်ပင် တော်လှန်ရေးကန်ကို သမိုင်းဝင်ရေကန် အဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း တွေ့ရပေမည်။ ဤနေရာတို့သည်လည်း လေ့လာစရာကောင်း သည့်နေရာတစ်ခုဖြစ်သည်။

**ဟားခါးရင်ခွင် ရှုတိုင်းယဉ်**

ဟားခါးမြို့ထဲသို့ ဝင်လာပါက လမ်းဘေးဝဲယာတစ်လျှောက်တွင် သန့်ရှင်းသပ်ရပ် သစ်လွင်တောက်ပသော စားသောက်ဆိုင်၊ ထမင်းဆိုင်၊ အထည်ဆိုင်၊ ကုန်စုံဆိုင်၊ ခေတ်မီ တည်းခိုခန်းများ၊ လူနေအိမ် တိုက်တာများ၊ ပျဉ်ထောင်အိမ်များ အထပ်ထပ်အစီအရီ တွေ့ရသည်။ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များလည်းရှိသဖြင့် မြို့၏စီးပွားရေး ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ ချင်းရိုးရာအိမ်၊ ချင်းရိုးရာယဉ်ကျေးမှုပြတိုက်တို့လည်း ရှိသဖြင့် ဧည့်သည်များ လာရောက်လေ့လာကြသည်။ ထန်တလန်မြို့ သို့အထွက် ကားလမ်းဘေးရှိ သီးမစ်ချိုင့်ဝှမ်းရှုခင်းမှာ သာယာလှပသဖြင့် ဓာတ်ပုံရိုက်ကြသူများ အကြိုက်ဖြစ်သည်။ ဆုတောင်းတောင်ကလည်း ဒေသခံများ အမြဲရောက်ရှိ ဆုတောင်းကြသည့်နေရာတစ်ခု ဖြစ်ပေသည်။ အားကစားကဏ္ဍတွင် နိုင်ငံလက်ရွေးစင်လူငယ်များ မွေးထုတ်ပေးနိုင်ရန် အားကစားသိပ္ပံအဆောက်အအုံကိုလည်း ဆောက်လုပ်လျက်ရှိသည်။ ခုတင်၂၀၀ ဆံ့ပြည်သူ့ဆေးရုံ၊ သားဖွားသင်တန်းကျောင်း၊ ပညာရေးကောလိပ်၊ စက်မှုလက်မှုသိပ္ပံ၊ ဟားခါးကောလိပ်၊ အထက်တန်းကျောင်း လေးကျောင်းတို့ရှိသည့်အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးစေရန် နိုင်ငံတော်က ပံ့ပိုးပေးလျက်ရှိသည်မှာ အထင်အရှားပင် ဖြစ်သည်။

**ပြည်နယ်တစ်ခွင် အလှဆင်**

ချင်းပြည်နယ်တွင် ရိဒ်ခေါဒါရ်မြို့အနီးရှိ ကမ္ဘာကျော် အသည်းနှလုံးသဏ္ဍာန်ရိဒ်ရေကန်၊ ကန်ပက်လက်မြို့နယ်ရှိ ဝိတိုရိယ(ခေါ်)ခေါ်နူးစုန်း(ခေါ်) နတ်မတောင် အမျိုးသားဥယျာဉ်၊ မတူပီမြို့ အနီးရှိ ဘုံတလာရေတံခွန်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့အနီးရှိ ကီမိုတောင်(ခေါ်) ကျောက်ပန်းတောင်းတောင်နှင့် ကုလားတန်မြစ်ဖျားရှုခင်းများ၊ တီးတိန်မြို့နယ်ရှိ ကနေဒီတောင်တန်းနှင့် လေထန်ကုန်း၊ ဟားခါးမြို့နှင့် နီးနီးနားနား ထန်တလန်မြို့ အလှသဘာဝများ၊ သီးကီရ်ရေလှောင်တမံနှင့် သီးမစ်ချိုင့်ဝှမ်း အလှတို့သည် အလှပေါ်အယဉ်ဆင့်ဆိုသလို ပြည်နယ်၏အလှကို ပိုမိုကြွရွအောင်တန်ဆာဆင်ထားကြသည်ဟုဆိုလျှင် မှားမည်မထင်။

**ဝေဟင်ခရီးလေဟုန်စီး၍**

ချင်းပြည်နယ် ဖလမ်းမြို့၏ အနောက်မြောက်ဘက် ၈ ဒသမ ၅ မိုင်အကွာတွင်ရှိ ဆူရ်ဘုန်တောင်ကြော၌ ဖလမ်း(ဆူရ်ဘုန်)တောင်ပေါ် လေဆိပ်သစ်စီမံကိန်း တည်ဆောက်ပြီးစီးပြီ ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၆၀၀၀ပေါ် တည်ဆောက်ထားခြင်းဖြစ်သည်။ စီမံကိန်းတစ်ခုလုံး ပြီးစီးပြီဖြစ်၍ လေယာဉ်စမ်းသပ်ဆင်းသက်မှုများလည်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် (၇၃) နှစ်မြောက် ချင်းအမျိုးသားနေ့ ပြည်နယ်အဆင့် အခမ်းအနားကို အဆိုပါ လေယာဉ်ကွင်းတွင်ပင် ကျင်းပရန် စီစဉ်ထားရှိမှုနှင့်အတူ လေယာဉ်ကွင်းဖွင့်ပွဲကို တစ်ပါးတည်း ဆောင်ရွက်မည်ဖြစ်သည်။

**ခရီးစဉ်သစ်တစ်ခု**

ရန်ကုန်မှသည် ဖလမ်း(ဆူရ်ဘုန်) လေဆိပ်သို့ ဝေဟင်ခရီးဖြင့် ဦးစွာသွားရမည်။

*စာမျက်နှာ ၁၉ သို့*

*စာမျက်နှာ ၁၈ မှ*

ဆူရိဘုန်လေဆိပ်မှသည် ကားလေးဖြင့် ဖလမ်းမြို့နယ်ရှိ ဇိန်မှူးတောင် အိန္ဒိယ-မြန်မာနယ်စပ် ရိဒ်ခေါဒါရ်မြို့အနီး ရိဒ်ရေကန်သို့ သွားရောက် လေ့လာနိုင်သည်။ ထန်တလန်မြို့နယ်ရှိ သီးကီရ် ရေလျှောင်တမံ၊ ထန်တလန်မြို့ သဘာဝအလှများကို သွားရောက် လေ့လာနိုင်သည်။

ရက်အနည်းငယ် အချိန်ပေးလေ့လာနိုင်မည်ဆိုပါက ထန်တလန်မြို့မှသည် ဟားခါးမြို့ကိုဖြတ်၍ မတူပီမြို့အနီးရှိ ဘုံတလာရေတံခွန်၊ ကန်ပက်လက်မြို့အနီးရှိ နတ်မတောင် အမျိုးသားဥယျာဉ်သို့လည်း သွားရောက် လေ့လာနိုင်သည်။ ကန်ပက်လက်မြို့မှသည် အနီးဆုံး မကွေးတိုင်းဒေသကြီး ကျောက်ထုလေဆိပ်မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိနိုင်ပါသည်။ ဤသို့ သဘာဝအခြေခံခရီးသွားလုပ်ငန်း ခရီးစဉ်သစ်တစ်ခု ပီပြင်စွာ အကောင်အထည်ဖော်ပေးနိုင်ပါက ပြည်နယ်၏ ခရီးသွားလုပ်ငန်း ဝင်ငွေတိုးတက်လာမှုအတွက် များစွာ အထောက်အကူဖြစ်စေမည် ဖြစ်သည်။

ယခုအခါ လေကြောင်းခရီး၊ ကားလမ်းခရီးတို့ဖြင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမှုကြောင့် ပြည်ထောင်စုဥယျာဉ်ထဲတွင် လှပစွာဖူးပွင့်နေသည့် ချင်းတိုင်းရင်းသားတို့၏ ရိုးရာဝတ်စုံများ၊ စိတ်ဝင်စားဖွယ်ကောင်းသော ရိုးရာဓလေ့များ၊ အထင်ကရနေရာများသို့ လာရောက်လေ့လာလိုသူများအဖို့ ရေလည်းမဝေး၊ မြေလည်းမဝေးတော့ပါ။ ဝေဟင်ခရီးလည်း အသင့် ဖြစ်နေသည်မို့ လေ့လာနားခိုအပန်းဖြေသူများအဖို့ ရေကန်အသင့် ကြာအသင့် ဆိုသလို လှပသပ်ရပ်သော ခေတ်မီတည်းခိုဆောင်များ၊ ဒေသထွက်ကုန်ပစ္စည်း အရောင်းဆိုင်များ၊ စားသောက်ဆိုင်များဖြင့် အသွင်သစ်၊ အမြင်သစ်များကို ဖန်တီးကာ ဆွဲဆောင်လျက်ရှိနေပြီ ဖြစ်သည်။

ဤသို့သော သဘာဝအလှတရားများနှင့် မြို့ကြီးပြကြီးအသွင်လက္ခဏာများ ပိုင်ဆိုင်လာခဲ့ပြီဖြစ်သော ချယ်ရီမြို့ သို့မဟုတ် ဟားခါးမြို့ ဒေသခံချင်းတိုင်းရင်းသားတို့၏ ရိုးရာလွှယ်ပလိုင်းလှကိုယ်စီနှင့် မီးပုံကိုနှစ်ယောက်ချင်း တူယှဉ်ဝန်းရံကကြသည့် ကပွဲကိုပါဝင်ဆင်နွှဲဖို့ တောင်ထိပ်တည်ထား မြို့ဟားခါးသို့ တောင်ပေါ်တေးသံပြိုင်ဆိုကြရင်း တောင်ပေါ်ခေါင်ရည်ချိုချိုမြမြနှင့် သန့်ရှင်းလတ်ဆတ်သော ဒေသအစားအစာ ဆာဘူးသီး (ပြောင်းဖူးနှင့် အသားစွပ်ပြုတ်)ကျွေးမွေးညှော့ခံပြီး နွေးထွေးစွာ ညှော့ဝတ်ပျူငှာမှုနှင့်အတူ ချင်းစကားနှင့် “မန်းထာမော”ဟု ကြိုဆိုနှုတ်ဆက်မှုတို့ကို အမြင်ချင်းနီးကာ၊ ရွှေရင်ချင်းဆက်နိုင်ရန် တစ်ခါတစ်ခေါက် အဆွေရောက်ဖို့ ကြိုထောက်အသင့် ပြင်ဆင်နှင့်လျက်၊ ယခင်နှင့်မတူ တစ်မူပြောင်းကာ အသွင်သစ်၊ အမြင်သစ်များဖြင့် ခရီးသွားများကို ဆွဲဆောင်လျက်ရှိ၍ သန့်ရှင်းသော သဘာဝ လေအေးနုများ ရှူရှိုက်ရင်းနှင့် လတ်ဆတ်သော အသီးအနှံများကို စားသုံးကာ စိတ်အပန်းဖြေကြည်နူးနှစ်သက်မှုကို မလွဲကေန်ခံစားနိုင်ဖို့ ခွန်းဆင့်ဖိတ်ခေါ်ပါရစေ။ ။

# ညောင်ဦးမြို့နှင့် ငါ့သရောက်မြို့တို့တွင် ဆီးသီး သီးနှုန်းကောင်းသော်လည်း ဈေးနှုန်းမကောင်း ဖြစ်နေ

**ညောင်ဦး ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နှင့် ငါ့သရောက်မြို့တို့တွင် ယခုနှစ် ဆီးသီးသီးနှုန်းကောင်းသော်လည်း ဈေးနှုန်းကျဆင်းနေခြင်းကြောင့် ဆီးသီးပင်ပိုင်ရှင်များ လုပ်အားခလောက်သာ ရရှိနေကြောင်း ဆင်သားမွေးကျေးရွာ ကန်ပေါက်ကြီးတဲတိုက်နေ ဦးခင်မောင်ဝင်းက ပြောသည်။

ငါ့သရောက်မြို့တွင် ယခုနှစ် ဆီးသီးအသီးများကာ ဆီးပင်ပိုင်ရှင်များ ဆီးသီးတစ်တင်းလျှင် ငွေကျပ် ၃၅၀၀ ရောင်းချရကြောင်းနှင့် ဆီးပင်တစ်ပင်လျှင် ငါးတင်းခန့်အထိ ကောက်ရောင်းရကာ ယခုနှစ် ဆီးသီးအသီးများကြောင်း၊ အချို့ဆီးပင်များ နည်းနည်းပါးပါး သီးသော်လည်း အသီးလုံးသေးပြီး ရောင်းပန်း မလှနိုင်ကြောင်း ကုလားတဲကျေးရွာမှ ဆီးခြံပိုင်ရှင် ဦးမင်းအောင်က ပြောကြားသည်။

ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့တွင် ဆီးပင်များ ခြံဖြင့် စိုက်ပျိုးသူရှားပါးပြီး ယာခင်းခြံစည်းစပ်နှင့် ထန်းပင်တန်းကြားများတွင် အလေ့ကျပေါက်သည့် ဆီးပင်များကို ပေါင်းမြက်ရှင်းလင်းကာ ပြုစုပြီး အသီးသီးချိန် ကောက်ယူ ရောင်းချကြကြောင်း၊ ငါ့သရောက်နယ်ရှိ ဆီးသီးမျိုးများသည် ဒေသမျိုးရင်းများ ဖြစ်ကာ ဆီးပင်အများစု ဆီးချဉ်ပင်များ ဖြစ်ကြကြောင်း၊ ညောင်ဦးမြို့နယ်မှ ထွက်ရှိသည့် ဆီးသီးများ ပခုက္ကူဈေးကွက်သို့ ရောင်းချကြပြီး ငါ့သရောက်မြို့နယ်မှ ထွက်ရှိသည့် ဆီးသီးများကို ငါ့သရောက်မြို့ပေါ်ရှိ ဆီးငန်သီးလုပ်ငန်းရှင်များထံသာ သွားရောက်ရောင်းချရကြောင်း သိရသည်။

**မောင်မောင်ထိန်**

**(ကျောက်ပန်းတောင်း)**




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၂ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၅၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၇၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၅၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၄၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၇၅၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၉၀/၇၂၅ | ကျပ် | ၇၂၅/၇၃၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၇၀၀/၇၄၀ | ကျပ် | ၇၄၀/၇၅၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၅၅/၆၈၅ | ကျပ် | ၇၂၀/၇၂၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၈၀/၈၀၀ | ကျပ် | ၈၄၅/၈၆၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၁ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၉၈ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၇ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၃၆ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၈ . ၇ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၄ . ၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၇ . ၀၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၂၆၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၆ . ၈၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၆ . ၆၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၈၈၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၆၀၀ | ၉၆၀၀ | ၂၂၀၀ | ၂၁၁၂၀၀၀၀ |
| MTSH | ၃၅၀၀ | ၃၆၀၀ | ၁၄၈၀ | ၅၂၃၅၀၀၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၅ | ၄၁၅၀၀ |
| FPB | ၂၂၀၀၀ | ၂၂၅၀၀ | ၄၉၇ | ၁၀၉၃၄၅၀၀ |
| TMH | ၂၆၅၀ | ၂၇၅၀ | ၂၂၄ | ၆၀၆၅၀၀ |
| EFR | ၃၃၀၀ | ၃၂၀၀ | ၈ | ၂၅၇၀၀ |

**ညီညီ - စုစည်းသည်**

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရေဆာရင် ရေကိုသာ သောက်ပါ

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

**“ရေအသက် တစ်မနက်”ဆိုသလို ရေဓာတ်သည် လူနဲ့သတ္တဝါတို့အတွက် အချိန်နဲ့အမျှ မရှိမဖြစ်လိုအပ်တဲ့ အသက်ဓာတ်ဖြစ်ပါတယ်။ လူခန္ဓာကိုယ်ရဲ့ ၇၀ ရာခိုင်နှုန်းကျော်သည်လည်း ရေဓာတ်နဲ့ ဖွဲ့စည်းထားပါတယ်။ ရေဓာတ်ချို့တဲ့ရင် ဦးနှောက်မှတ်ဉာဏ်တွေ ဆုံးရှုံးစေတတ်ပါတယ်။ ဒါကြောင့် နေ့စဉ်သင့်တင့်မျှတတဲ့ ရေပမာဏကို သောက်သုံးရပါမယ်။**

### ရေက အရေးကြီးဆုံးဖြစ်

ရေသောက်တတ်တဲ့ လူဟာ ကဖင်းဓာတ်၊ အရက်နဲ့ ဆေးဝါး စသည်များ စွဲလမ်းလိုစိတ် လျော့နည်းစေနိုင်ပါတယ်။ ရေဓာတ်လျော့နည်းရင် နှလုံးခုန်နှုန်း ပိုမြန်လာတတ်ပါတယ်။ ခန္ဓာကိုယ်အတွက် အောက်ဆီဂျင်ဓာတ် ပိုရစေဖို့ နှလုံးကပိုအလုပ်လုပ်ရလို့ ဖြစ်ပါတယ်။ ကိုယ်ထဲက အဆိပ်အတောက်တွေကို ချွေးထွက်စေခြင်းဖြင့် စွန့်ထုတ်ပစ်ရပါတယ်။ ဒီအခြေအနေမှာ ချွေးအတွက် ရေဓာတ်လိုအပ်ပါတယ်။ ဒါကြောင့် ရေသောက်ဖို့ လိုပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ စွန့်ပစ်အညစ်အကြေးတွေကို အသည်းနဲ့ ကျောက်ကပ်တို့ဆီ ပို့ပေးပြီး အဲဒီအင်္ဂါတွေကမှတစ်ဆင့် ဆီးအဖြစ် ပြင်ပကို စွန့်ပစ်ရပါတယ်။ ဒီဖြစ်စဉ်တစ်လျှောက်လုံးမှာ ရေက အရေးကြီးဆုံးဖြစ်ပါတယ်။ အရိုးတွေ၊ အဆစ်တွေမှာ ချောဆီ Lubricants တွေ ရှိရပါတယ်။ ဒီချောဆီတွေရှိလို့သာ ချောမွေ့စွာ လှုပ်ရှားနိုင်တာ ဖြစ်ပါတယ်။ ချောဆီတွေမှာ ရေဓာတ်များစွာ ပါဝင်ပါတယ်။ ရေသောက်နည်းသူများဟာ အဆစ်နာခြင်း၊ ခါးနာခြင်း စတဲ့ အနာဝေဒနာတွေ ဖြစ်လွယ်ပါတယ်။ နပျိုလန်းစေခြင်း၊ အရေပြားများ နပျိုလှပစေခြင်းနဲ့ အိုမင်းခြင်းကို နှေးကွေးစေနိုင်ကြောင်း သိရပါတယ်။ “ဖြစ်၊ တည်၊ ပျက်”ဆိုတဲ့ သဘာဝအတိုင်း ခန္ဓာကဆဲလ်တွေဟာ အချိန်နဲ့အမျှ ဖြစ်တယ်၊ တည်တယ်၊ ခဏနေတာနဲ့ ပျက်တယ်။ ပြီးတော့ အသစ်ဖြစ်တယ် ဆိုတဲ့ သံသရာလည်နေပါတယ်။

**“ခန္ဓာကိုယ်အတွက် အောက်ဆီဂျင်ဓာတ် ပိုရစေဖို့ နှလုံးကပိုအလုပ်လုပ်ရလို့ ဖြစ်ပါတယ်။ ကိုယ်ထဲက အဆိပ်အတောက်တွေကို ချွေးထွက်စေခြင်းဖြင့် စွန့်ထုတ်ပစ်ရပါတယ်။ ဒီအခြေအနေမှာ ချွေးအတွက် ရေဓာတ်လိုအပ်ပါတယ်။ ဒါကြောင့် ရေသောက်ဖို့ လိုပါတယ်။ ခန္ဓာကိုယ် တစ်ခုလုံးမှာရှိတဲ့ စွန့်ပစ်အညစ်အကြေးတွေကို အသည်းနဲ့ ကျောက်ကပ်တို့ဆီ ပို့ပေးပြီး အဲဒီအင်္ဂါ တွေကမှ တစ်ဆင့် ဆီးအဖြစ် ပြင်ပကို စွန့်ပစ်ရပါတယ်။ ဒီဖြစ်စဉ်တစ်လျှောက်လုံးမှာ ရေက အရေးကြီးဆုံး ဖြစ်ပါတယ်”**




### ရေမှန်မှန်သောက်ပေးသင့်

ဆဲလ်တွေ အသစ်အသစ်တွေ မှန်မှန်ဖြစ်နေမှ သက်ရှည်ကျန်းမာစေနိုင်ပါတယ်။ ဒီအတွက် ရေက သိပ်အရေးတကြီး လိုအပ်ပါတယ်။ သွေးထဲမှာရှိတဲ့ သွေးနီဥလေးတွေက အောက်ဆီဂျင်ဓာတ်ကို သယ်ဆောင်ပေးပြီး တစ်ကိုယ်လုံးမှာရှိတဲ့ ကြွက်သားများနဲ့ အင်္ဂါများဆီ ပို့ပေးပါတယ်။ ဦးနှောက်ရှိ ဆဲလ်များကိုလည်း ကျန်းမာစေပါတယ်။ ရေဓာတ်က ဒီဖြစ်စဉ်တစ်ခုလုံး ချောမွေ့စေဖို့ အဓိကဆောင်ရွက်ပေးရပါတယ်။ လူ့တစ်ကိုယ်လုံးက အညစ်အကြေးတွေကို မစင်အဖြစ် နေ့စဉ်စွန့်ပစ်နိုင်မှ ကျန်းမာစေမှာ ဖြစ်ပါတယ်။ ဒီလိုဖြစ်စေဖို့အတွက် ရေဓာတ်က သယ်ဆောင်ပေးရပါတယ်။ ရေဓာတ်နည်းနေရင် သယ်ဆောင်ရွေ့လျားမှုနည်းပြီး ဝမ်းချုပ်တတ်ပါတယ်။ ဝမ်းချုပ်မှုဟာ ခန္ဓာကိုယ်ကို ဒုက္ခပေးတတ်ပါတယ်။ ဒါကြောင့် ရေမှန်မှန်သောက်ပေးသင့်ပါတယ်။ ရေတစ်ခွက်သောက်လိုက်တာနဲ့ ဆာလောင်မွတ်သိပ်မှုတွေကို လျော့နည်းစေတယ်လို့ University of Washington မှ အစားအသောက်ကျွမ်းကျင်သူ ပညာရှင်တွေရဲ့ ရာနှုန်းပြည့် လေ့လာမှုများအရ တွေ့ရှိရပါတယ်။ ဒါ့အပြင် အမေရိကန်လူမျိုးတွေရဲ့ ၇၅ ရာခိုင်နှုန်းကျော်ဟာ ရေရှည်ရေဓာတ်နည်းနေသူတွေဖြစ်ကြောင်း လေ့လာတွေ့ရှိရကြောင်းလည်း သိရပါတယ်။

**ရေသောက်သင့်တဲ့ အချိန် (၈) ချိန် ရှိပါတယ်။**

၁။ နံနက်အိပ်ရာထချိန် ရေသောက်ပါ။ ကိုယ်တွင်းအင်္ဂါတွေကို လှုံ့ဆော်ပေးနိုင်ပါတယ်။

၂။ အလုပ်နားချိန်၊ ပြီးချိန်တွေမှာ ရေသောက်ပါ။ နှလုံးခုန်နှုန်း ပုံမှန်ပြန်ဖြစ်နေစေဖို့ ဖြစ်ပါတယ်။

၃။ အစာမစားမီ နာရီဝက်အလိုမှာ ရေသောက်ပါ။ အစာကောင်းစွာ ချေဖျက်နိုင်စေဖို့ ဖြစ်ပါတယ်။

၄။ ရေမချိုးမီ ရေသောက်ပါ။ သွေးပေါင်ချိန်တက်နေရင် ကျသွားစေဖို့ ဖြစ်ပါတယ်။

၅။ အိပ်ရာမဝင်မီ ရေနည်းနည်း အသင့်အတင့်သောက်ပါ။ တစ်နေ့တာ လှုပ်ရှားခဲ့တာကြောင့် ရေဓာတ်လိုအပ်ရင် ပြန်ဖြည့်နိုင်ဖို့ပါ။

၆။ နေထိုင်မကောင်းရင် ရေသောက်ပါ။ ကိုယ်တွင်းအင်္ဂါတွေ ပုံမှန် အလုပ်လုပ်နိုင်စေဖို့ပါ။

၇။ မောပန်းနုံးခွေနေရင် ရေသောက်ပါ။ ကိုယ်တွင်းအင်္ဂါများရဲ့ အလုပ်လုပ်တဲ့စနစ်တွေ ပြန်လည်အားပြည့် လာစေဖို့ပါ။

၈။ ကူးစက်ရောဂါသည်တွေ၊ မကျန်းမာသူတွေ၊ မိမိအနားမှာရှိနေရင် ရေကို မှန်မှန်သောက်ပါ။ ကူးစက်ရောဂါပိုးတွေ ကိုယ်တွင်းမဝင်ရောက်နေနိုင်စေဖို့ပါ။

### Coke အချိုရည် တစ်မျိုးမျိုးသောက်လိုက်ပြီး တစ်နာရီအကြာ ခန္ဓာကိုယ်ထဲမှာ ဘာတွေဖြစ်လာတတ်ပါသလဲ–

သောက်ပြီး ၁၀ မိနစ်အကြာမှာ သကြားဓာတ် လက်ဖက်ရည် ဆယ်ဇွန်းစာလောက် လူ့ကိုယ်ထဲ ရောက်သွားပြီ ဖြစ်ပါတယ်။ ဒီပမာဏဟာ လူတစ်ယောက်အတွက် တစ်နေ့တာ လိုအပ်တဲ့ သကြားဓာတ် ၁၀၀ ရာခိုင်နှုန်းပဲဖြစ်ပါတယ်။ သကြားမှာပါတဲ့ ဖောစ်စဖောရစ်အက်စစ်ဓာတ်က အနံ့ကောင်းစေတာမို့ သကြားဓာတ်များနေပေမယ့် ပျို့အန်ခြင်း မဖြစ်စေတတ်ပါ။

မိနစ် ၂၀ အကြာမှာ ခန္ဓာကိုယ်ထဲမှာ သကြားဓာတ် မိုးထိအောင် ထောင်တက်သွားပါတယ်။ ဒါကြောင့် အသည်းကနေ အင်ဆူလင်ဟော်မုန်းဓာတ်ကိုထုတ်ပြီး သကြားဓာတ်တွေကနေ အဆီဖြစ်အောင် လုပ်ပေးရပါတယ်။ ကိုယ်မှာ အဆီတွေ များလာပါတယ်။

မိနစ် ၄၀ အတွင်းမှာ Coke မှာပါတဲ့ ကဖင်းဓာတ်တွေ အကုန်လုံးကို စုပ်ယူလိုက်ပါပြီ။ ဒါကြောင့် မျက်စိကျယ်လာပါတယ်။ မအိပ်ချင် တော့ဘူး။ သွေးပေါင်ချိန် ထိုးတက်သွားပါတယ်။ အသည်းကနေ တစ်ကိုယ်လုံးကို သွေးစီးဆင်းမှုကတစ်ဆင့် သကြားဓာတ်တွေ ပို့လွှတ်ပါတော့တယ်။

၄၅ မိနစ် ပတ်လည်မှာ Dopamine ဆိုတဲ့ ဓာတုပစ္စည်းတစ်မျိုး ထွက်လာပါတယ်။ ဒီဓာတ်ကြောင့် ပျော်ရွှင်မှုကို ခံစားရတတ်ပါတယ်။ ပေါ့ပါး သွက်လက်သွားတတ်ပါတယ်။ ဒီလိုခံစားမှုများကို ဖြစ်စေတဲ့ ဦးနှောက်က အစိတ်အပိုင်းတွေကို နှိုးဆော်လို့ ဖြစ်ပါတယ်။ ဒီလိုခံစားမှုမျိုးဟာ ဟီးရိုးအင်း (ဘိန်းဖြူ) ကြောင့် ခံစားရမှုမျိုးနဲ့ သိပ်ဆင်တူပါတယ်။

မိနစ် ၆၀ အကြာမှာ မောပန်းနွမ်းနယ် သွားတတ်ပါတယ်။ သကြားဓာတ်တွေကြောင့် ဖြစ်ပါတယ်။

တစ်နေ့ကို ရေနှစ်လီတာ (ရေရှစ်ဖန်ခွက် (သို့မဟုတ်) ဂါလန်ဝက်)ခန့် သောက်သင့်ပါတယ်။

ကလေးတွေဆိုရင် အသက် ၄ နှစ်မှ ၁၃ နှစ်ကို ရေ ၄ ဖန်ခွက်မှ ၈ ဖန်ခွက်၊ ကလေးငယ်လေးတွေ လသားလေးတွေဆိုရင် ၄ နှစ်အထိ 150ml၊ သူ့ထက်ကြီးရင် 250ml မျှ သောက်သင့်ပါတယ်။

ဒါကြောင့် ရေဆာရင် ရေကိုသာ သောက်ဖို့လိုပါတယ်။ ကလေးငယ်များ အပါအဝင် ရေကို အသက်ဓာတ်တစ်ခုလို သဘောထားပြီး သောက်ကြစေလိုပါတယ်။ ။

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာဓာတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှု ဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅–၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေ ရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆ ကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန

# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှု မကျူးလွန်ရ




မည်သည့်အကြောင်းပြချက်နဲ့မှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ် ကာလအတွင်းမှာ အောက်ပါအကြောင်းအချက်တွေကြောင့် အမျိုးသမီးနှင့် ကလေးငယ်တွေဟာ အိမ်တွင်းအကြမ်းဖက်မှုပုံစံအမျိုးမျိုးကို ပိုမိုတွေ့ကြုံ ခံစားရနိုင်ပါတယ်။

---




ငွေရေးကြေးရေးနဲ့ စီးပွားရေးအကျပ်အတည်းတွေကြောင့် အိမ်တွင်းတင်းမာမှုတွေ မြင့်တက်လာခြင်း

---




ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာပြီး စိတ်ဖိစီးမှု များပြားလာခြင်း

---




စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း




အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျန်ဒါ တရားသေ အယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း

---




ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း

---




ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပံ့ပိုးထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း

---




အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါ




အိမ်တွင်း အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိ ယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ

---




အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်

---




အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် ရယူလိုပါက ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်

---




အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

**COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ** (COVID-19 Vaccination Fund)
OA 013733 **သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**
(၂၈-၁-၂၀၂၁ ရက်နေ့)

*ယမန်နေ့မှအဆက်*

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၁၂၁ | ဦးတိုးလွင် (ညောင်တုန်းမြို့) | ၁,၀၀၀,၀၀၀ |
| ၁၂၂ | ဦးဟိန်းထက်အောင်(ဟုမ္မလင်းမြို့) | ၅,၂၅၀,၀၀၀ |
| ၁၂၃ | ဒေါ်ထွေး (ဘားအံမြို့) | ၄၀၀,၀၀၀ |
| ၁၂၄ | ဦးစိုးတင့် + ဒေါ်ငွေးငွေးဦး (ဟသ်ာတမြို့) | ၁၀၀,၀၀၀ |
| ၁၂၅ | ဦးချစ်လွင် + ဒေါ်သိန်းကြည် (သထုံမြို့) | ၁၀၀,၀၀၀ |
| ၁၂၆ | ဦးစိုးနိုင်ဝင်း + ဒေါ်သူဇာလွင် (သထုံမြို့) | ၁၀၀,၀၀၀ |
| ၁၂၇ | ဦးခွန်အောင်ကြီး(လျှပ်စစ်)နောင်တရား (ပင်လောင်းမြို့) | ၂၀၀,၀၀၀ |
| ၁၂၈ | ဦးမြင့်ဇော်မျိုး (နတ်မောက်မြို့) | ၁၀,၀၀၀ |
| ၁၂၉ | ဦးမြင့်စိုး (နတ်မောက်မြို့) | ၁၀,၀၀၀ |
| ၁၃၀ | ဦးအောင်ငွေးတင်ဝင်း (ဖြူးမြို့) | ၃၂၀,၀၀၀ |
| ၁၃၁ | ဦးသန်းဦး (လယ်ဝေးမြို့) | ၃၀၀,၀၀၀ |
| ၁၃၂ | ဦးရဲမြင့် (နတ်မောက်မြို့) | ၁၀,၀၀၀ |
| ၁၃၃ | ဒေါ်ရင်ရင်မြတ် (မော်လမြိုင်မြို့) | ၅၀၀,၀၀၀ |
| ၁၃၄ | ဦးမောင်မောင် (မြိုင်မြို့) | ၂၀၀,၀၀၀ |
| ၁၃၅ | ဦးမောင်မြ+ဒေါ်မြစိန် မိသားစု (တွံတေးမြို့) | ၁,၀၀၀,၀၀၀ |
| ၁၃၆ | ဦးသိန်းလွင် + ဒေါ်ကျင်လှ (လွင်ဆေးခန်း) (သထုံမြို့) | ၂၀၀,၀၀၀ |
| ၁၃၇ | ဒေါ်ခိုင်ခိုင် (ဘုတလင်မြို့) | ၁၀၀,၀၀၀ |
| ၁၃၈ | ဒေါ်နုနုလှိုင် (ကံမမြို့) | ၁၀၀,၀၀၀ |
| ၁၃၉ | ဦးခင်မောင် (နတ်မောက်မြို့) | ၂၀,၀၀၀ |
| ၁၄၀ | ဦးစိန်ဗန်(မိသားစု) (သင်္ဃန်းကျွန်းမြို့နယ်) | ၂,၀၀၀,၀၀၀ |
| ၁၄၁ | ဦးတင့်လွင် (သင်္ဃန်းကျွန်းမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၁၄၂ | ဦးစောမင်းဇော်(မိသားစု) (ပျဉ်းမနားမြို့) | ၁၀၀,၀၀၀ |
| ၁၄၃ | ဦးမျိုးမြင့်အောင် (ပျဉ်းမနားမြို့) | ၅၀၀,၀၀၀ |
| ၁၄၄ | မောင်အာကာမျိုးခန့် (ပျဉ်းမနားမြို့) | ၁၅၀,၀၀၀ |
| ၁၄၅ | ဒေါ်အိုက်တင် (ကျောက်တံတားမြို့နယ်) | ၅၀,၀၀၀ |
| ၁၄၆ | ဦးကိုလေး+ ဒေါ်နုနုရီ မိသားစု (ဗိုလ်တထောင်မြို့နယ်) | ၅၀,၀၀၀ |
| ၁၄၇ | ဦးထွန်းလွင်+ဒေါ်ချောစု သမီး-ကြည်ဖြူစင် (ပုဇွန်တောင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၄၈ | ဦးမိုးဝင်း+မောင်မင်းသက်ဝေ (ရန်ကုန်မြို့) | ၃၀,၀၀၀ |
| ၁၄၉ | မရွှေစင်ငြိမ်း (မူဆယ်မြို့) | ၅,၀၀၀,၀၀၀ |
| ၁၅၀ | ဦးကျော်မြင့် (တ/ဒဂုံမြို့နယ်) | ၅၀၀,၀၀၀ |
| ၁၅၁ | မလှိုင်လှိုင်မာ (လှိုင်သာယာမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၅၂ | ဦးတိုက် (ပခုက္ကူမြို့) | ၅၀,၀၀၀ |
| ၁၅၃ | ဦးဝင်းကျော်ဦး (ပခုက္ကူမြို့) | ၁၀၀,၀၀၀ |
| ၁၅၄ | မခင်လပြည့်ဝင်း (ပခုက္ကူမြို့) | ၁၀၀,၀၀၀ |
| ၁၅၅ | ဦးဘမြင့် (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၁၅၆ | ဦးအေးကျော် (မုံရွာမြို့) | ၅၀၀,၀၀၀ |
| ၁၅၇ | ဦးမိုးကျော်နိုင်+ဒေါ်ခင်စောလှိုင်၊ လရိပ်ပြာထွန်စက်ပစ္စည်းဆိုင် (မုံရွာမြို့) | ၅၀၀,၀၀၀ |
| ၁၅၈ | ဦးအောင်စိုးထွန်း (မန္တလေးမြို့) | ၃၀၀,၀၀၀ |
| ၁၅၉ | မစိုးစိုးနောင် (မန္တလေးမြို့) | ၃၀၀,၀၀၀ |
| ၁၆၀ | ဒေါ်သန်းယဉ်(မိသားစု) (ကောလင်းမြို့) | ၁,၀၀၀,၀၀၀ |
| ၁၆၁ | ဦးမြင့်သန်း+ဒေါ်ခင်ဦးတင် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၆၂ | ဦးတင်အောင်ထွန်း+ဒေါက်တာငွေးငွေးဝင်း(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၆၃ | အ.ထ.က(၂)စမ်းချောင်း၊၁၉၈၀ခုနှစ်ထိ ဆရာမကြီးများနှင့်ကျောင်းသူဟောင်းများ(စမ်းချောင်းမြို့နယ်) | ၃၀၀,၀၀၀ |
| ၁၆၄ | ဦးကျော်ဆန်း+ဒေါ်မိုးဖြူအေး မိသားစု(ရန်ကင်းမြို့နယ်) | ၁၀,၀၀၀ |
| ၁၆၅ | ဦးစည်သူထွန်း+ဒေါ်စုကျန်း မိသားစု(ရန်ကုန်မြို့) | ၁,၀၀၀,၀၀၀ |
| ၁၆၆ | ဦးသက်မောင်ဦး+ဒေါ်မြင့်ခင် မိသားစု (ဗဟန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၆၇ | (မိခင်ကြီးဒေါ်ခင်ငြိမ်း)အားရည်စူး၍ ဒေါ်ကြည်ကြည်ချို မှလှူဒါန်းပါသည် (မ/ဒဂုံမြို့နယ်) | ၅,၀၀၀ |
| ၁၆၈ | ဒေါ်နှင်းရီစိုး(တ/ဥက္ကလာပမြို့နယ်) | ၅၀,၀၀၀ |
| ၁၆၉ | RAYS OF LOVE CHARITY GROUP (မေတ္တာရောင်ခြည်လူမှုအထောက်အကူပြုအဖွဲ့)(ကမာရွတ်မြို့နယ်) | ၁,၁၄၀,၀၀၀ |
| ၁၇၀ | ကူဘိုတာမဲဆောက်မြန်မာကုမ္ပဏီလီမိတက် (မြဝတီမြို့) | ၃၅,၀၀၀,၀၀၀ |
| ၁၇၁ | ဦးဝင်းတင်+ဒေါ်အေးငြိမ်း သမီး- ဖွန်သစ်ဝင်း မိသားစု (မရမ်းကုန်းမြို့နယ်) | ၁၀,၀၀၀,၀၀၀ |
| ၁၇၂ | ကပ္ပတိန် သိန်းဇော်+ဒေါ်နွယ်နီဝင်း သမီး- ဒေါက်တာအိဝသန်ဇော်(စမ်းချောင်းမြို့နယ်) | ၅၀၀,၀၀၀ |
| ၁၇၃ | ဒေါ်မူမူခင်(ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၁၇၄ | ဦးဉာဏ်လင်းအောင်(ရန်ကုန်မြို့) | ၁၀,၀၀၀ |
| ၁၇၅ | ဦးအေးမင်း+၂ (သင်္ဃန်းကျွန်းမြို့နယ်) | ၂၅၀,၀၀၀ |
| ၁၇၆ | ပဲပြောင်းနှမ်းနှင့် လယ်ယာထွက်ကုန်ပစ္စည်း၊ ကုန်စည်ဒိုင်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်(မူဆယ်မြို့) | ၂၃,၀၀၀,၀၀၀ |
| ၁၇၇ | ဒေါ်ချို့နွယ်ဝင်း (မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၁၇၈ | ဦးကျော်ဝင်း+ဒေါ်ခင်ရွှေသန်း (မြစ်ကြီးနားမြို့) | ၂၀၀,၀၀၀ |
| ၁၇၉ | ဒေါ်ခမာစာရီ(ရန်ကုန်မြို့) | ၆၀,၀၀၀ |
| ၁၈၀ | ဒေါ်ခင်မြရင်(ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၁၈၁ | ဦးကျော်ဇာဏီလွင် (တောင်ကြီးမြို့) | ၂၅၇,၃၀၀,၀၀၀ |
| ၁၈၂ | ဦးရွှေရ(မိသားစု) (ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၈၃ | ဒေါ်နွယ်နီစိန်(ရန်ကုန်မြို့) | ၁၅,၀၀၀ |
| ၁၈၄ | ဘဒ္ဒန္တသုနန္ဒ(A.S.Z.D.LLB) (အင်းစိန်မြို့နယ်) | ၁,၅၀၀,၀၀၀ |
| ၁၈၅ | DEAR COLLECTION (အင်းစိန်မြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၁၈၆ | ဒေါ်စန်းစန်းမြ (သင်္ဃန်းကျွန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၈၇ | ဒေါက်တာမင်းသူ+၁ (သင်္ဃန်းကျွန်းမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၁၈၈ | ဦးစောသန်းဦး (ပျဉ်းမနားမြို့) | ၁၀၀,၀၀၀ |
| ၁၈၉ | ကွယ်လွန်သူ မိခင်ကြီးဒေါ်ခင်တင့် (၈)နှစ်ပြည့်အား ရည်စူး၍ သမီးများ- ဒေါ်တင့်တင့်ဝင်း၊ ဒေါ်ခင်သန်းဦး (ပုဇွန်တောင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၉၀ | Women's Centre ကျောက်ကပ် သွေးသန့်စင်ခန်းမှ ဝန်ထမ်းညီအကို ညီအမများ (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၉၁ | ကွယ်လွန်သူ မိဘများအား ရည်စူး၍ ကျန်ရစ်သူ သားသမီး၊ မြေးများနှင့် အောင်ကြီးမိသားစု(ရေနီမြို့) | ၁၀၀,၀၀၀ |
| ၁၉၂ | ခရစ်နိုက် (ဒဂုံမြို့နယ်) | ၁၅၀,၀၀၀ |
| ၁၉၃ | ဒေါ်ရီရီသိန်း ကောင်းမှု (ကြည့်မြင်တိုင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၉၄ | ဒေါ်အေးမာမာ မြေး- Haoram (USA) အသက်(၂)နှစ်ပြည့်မွေးနေ့အလှူ (ဒဂုံမြို့နယ်) | ၅၀၀,၀၀၀ |
| ၁၉၅ | ဒေါ်သန်းသန်းစိုး (စစ်သမိုင်းပြတိုက်) အားရည်စူး၍ ဒေါ်အေးမာမာ အလှူ (ဒဂုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၉၆ | ဒေါ်အေးဟန် မွေးနေ့အလှူ (စမ်းချောင်းမြို့နယ်) | ၅၀၀,၀၀၀ |
| ၁၉၇ | ဦးတင်ထွန်းအောင်+ဒေါ်ယဉ်ယဉ်ကြည် မိသားစု (Thingazar Tour) (ရ/ဒဂုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၉၈ | ဦးငွေးအောင်+ဒေါ်စန်းယုမေ သမီး- ဝင့်မို့၊ ဇင်မို့၊ ပြုံးမို့ မိသားစု တို့၏ မြတ်ဒါန (USA) | ၅၀၀,၀၀၀ |
| ၁၉၉ | ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဇရာဝတီ-ကျန်းမာရေး/ နာရေးကူညီထောက်ပံ့မှုအသင်း (ကျောက်တံတားမြို့နယ်) | ၃၀၀,၀၀၀ |
| ၂၀၀ | ဦးမောင်မောင်+ဒေါ်တင်တင်လှ (တာမွေမြို့နယ်) | ၅၀၀,၀၀၀ |
| ၂၀၁ | ဒေါ်အေးအေးငြိမ်း မိသားစု (ဒဂုံမြို့နယ်) | ၂၀၀,၀၀၀ |
| ၂၀၂ | ဦးတင့်ဇော်အုန်း+ဒေါ်နေခြည်အေးအောင် (ရန်ကုန်မြို့) | ၁၅၀,၀၀၀ |
| ၂၀၃ | YOMA MARINE သန်းထိုက်အောင်နှင့်သူငယ်ချင်းများ (ရန်ကုန်မြို့) | ၁၅,၀၀၀ |
| ၂၀၄ | ဒေါ်တင်အေး၏ အသက် (၉၀)ပြည့်နှစ် မွေးနေ့အလှူ (ဒဂုံမြို့နယ်) | ၅၀၀,၀၀၀ |
| ၂၀၅ | ဦးမြင့်အောင် မိသားစု ကောင်းမှု (မ/ဒဂုံမြို့နယ်) | ၂၀၀,၀၀၀ |
| ၂၀၆ | ဒေါ်ဆင့်ဆင့်သောင်း စိန်ရတုမွေးနေ့ ချစ်မြေးလေး မောင်စောလင်းထက်နိုင်(ခ)ကုဠာ (၅)နှစ်ပြည့်မွေးနေ့အလှူ (ဒေါပုံမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၂၀၇ | ဦးမြင့်ဆွေနှင့် MIFIDA ဝန်ထမ်းမိသားစု (တ/ဒဂုံမြို့နယ်) | ၁၀,၀၀၀,၀၀၀ |
| ၂၀၈ | ဒေါ်သင်းသင်းဝေ (၆၅)နှစ်ပြည့်မွေးနေ့အလှူ (တာမွေမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၂၀၉ | PURE WHITE (SINGAPORE) | ၁,၆၆၀,၀၀၀ |
| ၂၁၀ | ဦးဝင်းစိုး(မ/ဒဂုံမြို့နယ်) | ၁၀,၀၀၀ |
| ၂၁၁ | YOMA MARINE(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၂၁၂ | ဦးဝင်းမောင် (မြိုင်မြို့) | ၃၀၀,၀၀၀ |
| ၂၁၃ | ဦးမြင့်လွင် (သနပ်ပင်မြို့) | ၂၀၀,၀၀၀ |
| ၂၁၄ | ဦးဖေဟန်းလတ် မိသားစု (ရေနံချောင်းမြို့) | ၁၀၀,၀၀၀ |
| ၂၁၅ | ဦးတင်မောင်စမ်း+ဒေါ်အေးအေးဖြူ (ရေနံချောင်းမြို့) | ၁၀၀,၀၀၀ |
| ၂၁၆ | ဦးဝေဖြိုးအောင် (နတ်တလင်းမြို့) | ၁၀၀,၀၀၀ |
| ၂၁၇ | ဦးဟိန်းမြတ်ဝေ (သထုံမြို့) | ၃၀၀,၀၀၀ |
| ၂၁၈ | ဦးမင်းနိုင် (အောင်လံမြို့) | ၃၀၀,၀၀၀ |
| ၂၁၉ | ဒေါက်တာအောင်ကျော် (မအူပင်မြို့) | ၂,၆၀၀,၀၀၀ |
| ၂၂၀ | ဒေါ်မြင့်မြင့်ငွေး (ကန်ပက်လက်မြို့) | ၁၀၀,၀၀၀ |
| ၂၂၁ | ဒေါ်ဝင်းမေ (အမရပူရမြို့) | ၂၀၀,၀၀၀ |
| ၂၂၂ | ဦးမျိုးအောင် (မြိုင်မြို့) | ၂၀၀,၀၀၀ |
| ၂၂၃ | ဒေါက်တာတင်ဖုန်း+ဒေါက်တာမြင့်လွင် (ဒလမြို့) | ၂၀၀,၀၀၀ |
| ၂၂၄ | မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်(ဇလွန်မြို့) | ၅၆,၀၀၀ |
| ၂၂၅ | ဒေါ်ကျင်မြ (ခရမ်းမြို့) | ၁၀၀,၀၀၀ |
| ၂၂၆ | ဒလမြို့နယ် ပညာရေးနှင့် ကျန်းမာရေးဖောင်ဒေးရှင်း (ဒလမြို့) | ၃,၀၀၀,၀၀၀ |
| ၂၂၇ | ဒေါ်ခင်သန်းနု (နောင်ချိုမြို့) | ၄၀,၀၀၀ |
| ၂၂၈ | ဒေါ်အိအိချို (နောင်ချိုမြို့) | ၁,၀၀၀,၀၀၀ |
| ၂၂၉ | ဦးအုန်းသန်း (တပ်ကုန်းမြို့) | ၁၀၀,၀၀၀ |
| ၂၃၀ | ဦးကြည်အေး (တပ်ကုန်းမြို့) | ၁၀,၀၀၀ |

*စာမျက်နှာ ၂၃ သို့*

စာမျက်နှာ ၂၂ မှ

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၂၃၁ | ဒေါက်တာကျော်သူထွန်း (မောင်တောမြို့) | ၃၀၀,၀၀၀ |
| ၂၃၂ | ဦးဇော်ထက် (ပြင်ဦးလွင်မြို့) | ၁၀၀,၀၀၀ |
| ၂၃၃ | ဦးတင်ဆွေ (တပ်ကုန်းမြို့) | ၁၀၀,၀၀၀ |
| ၂၃၄ | ဒေါ်တင်မြင့်(မိသားစု)(ရန်ကုန်မြို့) | ၆၅၀,၀၀၀ |
| ၂၃၅ | ဦးချစ်ညို+ဒေါ်သောင်းနွယ်(ရန်ကုန်မြို့) | ၂၀၀,၀၀၀ |
| ၂၃၆ | ဦးဟန်ညီညီ+၂(ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၂၃၇ | ဦးဦးစောမောင်+၂(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၂၃၈ | ဦးသာညွန့်+ဒေါ်တင်မို(ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၂၃၉ | ဦးကျော်မောင်(ရန်ကုန်မြို့) | ၁၂၀,၀၀၀ |
| ၂၄၀ | ဒေါ်ဆွေဆွေတင် (ပခုက္ကူမြို့) | ၂၀၀,၀၀၀ |
| ၂၄၁ | ဦးအောင်ကျော်စိုး+၂(ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၂၄၂ | ဒေါက်တာကျော်သက်+၁(ရန်ကုန်မြို့) | ၃၀,၀၀၀ |
| ၂၄၃ | ဦးအောင်မျိုးမြင့်(ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၂၄၄ | ဦးစိုင်းဟွမ်ဖ (တောင်ကြီးမြို့) | ၄၃၀,၀၀၀ |
| ၂၄၅ | ဦးကျော်သက်အောင် (မြစ်ကြီးနားမြို့) | ၁၀၀,၀၀၀ |
| ၂၄၆ | ဦးတင်ဖေ (မြစ်ကြီးနားမြို့) | ၁၅၀,၀၀၀ |
| ၂၄၇ | ဦးခင်ဇော် (ရန်ကုန်မြို့) | ၅,၀၀၀ |
| ၂၄၈ | ဒေါ်မြင့်မြင့်သူနှင့်ညီအစ်မများ (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၂၄၉ | ဒေါ်တင်မြင့် (တန့်ဆည်မြို့) | ၅၀,၀၀၀ |
| ၂၅၀ | ဒေါ်ဝင်းဝင်းမော် (တောင်ငူမြို့) | ၅၂၀,၀၀၀ |
| ၂၅၁ | ဦးတင့်ဆွေမြင့်(မကွေးမြို့) | ၃,၇၀၀,၀၀၀ |
| ၂၅၂ | ဦးထွန်းကြည်+ဒေါ်သိန်းကြည် (တာမွေမြို့နယ်) | ၂၀၀,၀၀၀ |
| ၂၅၃ | ဦးသန်းဇော်ဦး (တောင်ကြီးမြို့) | ၇၃၅,၀၀၀ |
| ၂၅၄ | ဦးစန်းချိန် (ကျောက်ပန်းတောင်းမြို့) | ၅၀၀,၀၀၀ |
| ၂၅၅ | ဦးရဲငွေဝင်း (ကျောက်ပန်းတောင်းမြို့) | ၃၀၀,၀၀၀ |
| ၂၅၆ | ဒေါ်ငွေငွေ (ကျောက်ပန်းတောင်းမြို့) | ၃၀၀,၀၀၀ |
| ၂၅၇ | ဒေါက်တာဦးသင်းမော် (ကျောက်ပန်းတောင်းမြို့) | ၃၀၀,၀၀၀ |
| ၂၅၈ | ဦးကျော်အောင်မိုး (ကျောက်ပန်းတောင်းမြို့) | ၃၀၀,၀၀၀ |
| ၂၅၉ | ဦးလှမြင့် (ကျောက်ပန်းတောင်းမြို့) | ၂၀၀,၀၀၀ |
| ၂၆၀ | ဦးသိုက် (ကျောက်ပန်းတောင်းမြို့) | ၂၀၀,၀၀၀ |
| ၂၆၁ | အန်တီညို(ကောင်းလုကော်ဖီ) (ကျောက်ပန်းတောင်းမြို့) | ၁၄၀,၀၀၀ |
| ၂၆၂ | ဦးစန်းယုအောင် (ကျောက်ပန်းတောင်းမြို့) | ၁၀၀,၀၀၀ |
| ၂၆၃ | ဒေါ်မြင့်မြင့်သွယ် (ပေါင်းတည်မြို့) | ၁၀၀,၀၀၀ |
| ၂၆၄ | ဒေါ်ယဉ်ယဉ်အေး (ပေါင်းတည်မြို့) | ၃၀၀,၀၀၀ |
| ၂၆၅ | ဒေါ်ဝင်းနွယ်စိုး(ကော့ကရိတ်မြို့) | ၅၀၀,၀၀၀ |
| ၂၆၆ | ဒေါ်စောညွန့် (ကော့ကရိတ်မြို့) | ၁၀၀,၀၀၀ |
| ၂၆၇ | ဒေါ်လေးခိုင် (ဖားကန့်မြို့) | ၁၀၀,၀၀၀ |
| ၂၆၈ | မောင်ကောင်းခန့်ဝေဇော်၏မွေးနေ့အလှူ(သာယာဝတီမြို့) | ၂၀,၀၀၀ |
| ၂၆၉ | ဦးမြင့်ဦး+ဒေါ်ခင်ခင်ဝင်း(မိသားစု)(သာယာဝတီမြို့) | ၃၀၀,၀၀၀ |
| ၂၇၀ | ဒေါ်ခင်ညိုဝင်း(သာယာဝတီမြို့) | ၂၀,၀၀၀ |
| ၂၇၁ | ဒေါ်မြင့်မြင့်သန်း(သာယာဝတီမြို့) | ၁၀,၀၀၀ |
| ၂၇၂ | ဒေါက်တာဆွေသွင်နှင့်သင်းသင်းခိုင်(သာယာဝတီမြို့) | ၂၀၀,၀၀၀ |
| ၂၇၃ | ဦးဇော်ထွန်းအောင် (သာယာဝတီမြို့) | ၂,၀၀၀,၀၀၀ |
| ၂၇၄ | ဒေါ်စိန်စိန် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၂၇၅ | ဒေါ်သန်းယု(ကျောက်ပန်းတောင်း) | ၁၀၀,၀၀၀ |
| ၂၇၆ | ဦးရန်သိန်း(ကျောက်ပန်းတောင်း) | ၁၀၀,၀၀၀ |
| ၂၇၇ | ဦးဇော်ဇော်(ကျောက်ပန်းတောင်း) | ၁၀၀,၀၀၀ |
| ၂၇၈ | ဒေါ်ခင်ခင်သစ်(ကျောက်ပန်းတောင်း) | ၁၀၀,၀၀၀ |
| ၂၇၉ | ဦးသန်လုံး(ကျောက်ပန်းတောင်း) | ၁၀၀,၀၀၀ |
| ၂၈၀ | ဒေါ်စီစီမွန်(ကျောက်ပန်းတောင်း) | ၅၀,၀၀၀ |
| ၂၈၁ | ဒေါ်မွန်းဝတ်ရည်ဖြိုး(ကျောက်ပန်းတောင်း) | ၅၀,၀၀၀ |
| ၂၈၂ | ဦးသန်းလှိုင်(ကျောက်ပန်းတောင်း) | ၅၀,၀၀၀ |
| ၂၈၃ | ဆရာမဒေါ်ထူးထူး(မတ္တရာဒေါ်ထူးထူးတိုင်းရင်းဆေး)(မတ္တရာမြို့) | ၁၀,၀၀၀,၀၀၀ |
| ၂၈၄ | ဒေါ်ဝင်းဝင်းမော် (ဘုတလင်မြို့) | ၃,၀၀၀,၀၀၀ |
| ၂၈၅ | ဦးဝင်းနိုင်+ ဒေါ်ခင်ငွေဝင်း မိသားစု (မုံရွာမြို့) | ၁၀,၀၀၀ |
| ၂၈၆ | အမျိုးသားကြီးပွားတိုးတက်ရေးရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက် (နေပြည်တော်) | ၁,၀၀၀,၀၀၀ |
| ၂၈၇ | ဒေါ်သီတာထွေး (ပဲခူးမြို့) | ၂၀,၀၀၀ |
| ၂၈၈ | အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက် (မှော်ဘီမြို့) | ၁,၀၀၀,၀၀၀ |
| ၂၈၉ | ဗိုလ်မှူးအောင်ဇော်မိုး+ဒေါ်ခင်ငြိမ်းငြိမ်းအေး သား-မောင်ထူးမြတ်နိုင် သမီး-ချောသီရိစံ(နေပြည်တော်) | ၃၀၀,၀၀၀ |
| ၂၉၀ | ဦးသိန်းလွင် +ဒေါ်ဝင်းဝင်းငွေ (နေပြည်တော်) | ၃၀၀,၀၀၀ |
| ၂၉၁ | ဒေါ်စောမူ(ခ)ဒေါ်မူမူ (နေပြည်တော်) | ၅၀,၀၀၀ |
| ၂၉၂ | ဒေါ်အေးအေးမွန်၊ ယဉ်ယဉ်ထွေး၊ ဒေါ်တိုးတိုးဦး (နေပြည်တော်) | ၆၀,၀၀၀ |
| ၂၉၃ | ဦးယုကြည် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀,၀၀၀ |
| ၂၉၄ | ဒေါ်သန်းသန်းငြိမ်း(ကျောက်တံတားမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၂၉၅ | ဒေါ်မူယာရွှေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၂၉၆ | ဦးတင်ထွန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၂၉၇ | ဦးအောင်ကျော်မင်းနှင့် ဒေါ်စုစုခိုင်သမီး-မစုသက်သက်အောင်၊ မသက်စုမြတ်နိုး မိသားစု | ၃၀၀,၀၀၀ |
| | (၂၂) နှစ်မြောက် မင်္ဂလာနှစ်ပတ်လည် | |
| ၂၉၈ | ရဲမြတ်သူ (မန္တလေးမြို့) | ၃,၄၄၄ |
| ၂၉၉ | မာမာသန်း(ပြည်မြို့) | ၂၀,၀၀၀ |
| ၃၀၀ | အိမ္မွန်သော် (တာမွေမြို့နယ်) | ၁,၀၀၀ |
| ၃၀၁ | ဦးမြင့်ရွှေ+ဒေါ်ဆွေဆွေ(မန္တလေးမြို့) | ၁၀၀,၀၀၀ |
| ၃၀၂ | မင်းသူဟန်(စက်ဘပူ) | ၁၀၀,၀၀၀ |
| ၃၀၃ | ဦးဇော်ဇော်အောင်(လယ်ဝေးမြို့) | ၁၀၀,၀၀၀ |
| ၃၀၄ | ဒေါ်စန်းစန်းမြင့်(လယ်ဝေးမြို့) | ၃၀,၀၀၀ |
| ၃၀၅ | ဒေါ်မာရီသန်း(အမှတ် ၁၃၈ (B)Room B4 နယူးတက္ကသိုလ် ရိပ်သာလမ်း) | ၁၀၀,၀၀၀ |
| ၃၀၆ | အရှင်ဝိဝေကာနန္ဒ (ကျောင်းကုန်းမြို့) | ၁၀၀,၀၀၀ |
| ၃၀၇ | ဒေါက်တာမိုးဟိန်း+ မပိုးလွန်းအိမ် (မန္တလေးမြို့) | ၃,၀၀၀,၀၀၀ |
| ၃၀၈ | ဦးတင်ဦး+ဒေါ်မြင့်မြင့်ရီ(အိမ်မဲမြို့) | ၁၀၀,၀၀၀ |
| ၃၀၉ | ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ မင်းတစုရွာသူရွာသားများ | ၇၅၀,၀၀၀ |
| | (ရပ်နီး/ရပ်ဝေး) မိသားစုများမှ လှူဒါန်းငွေ (ဧရာဝတီတိုင်းဒေသကြီး) | |
| ၃၁၀ | ဒေါက်တာခင်ဇော်+ဒေါ်ယဉ်ယဉ်မော် (လှိုင်မြို့နယ်) | ၂၀၀,၀၀၀ |
| ၃၁၁ | ဦးမျိုးခိုင်+ဒေါက်တာစုမွန် (လှိုင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၃၁၂ | ES4E Social Welfare Foundation (ရန်ကုန်မြို့) | ၁၀,၀၀၀,၀၀၀ |
| ၃၁၃ | ဦးငွေလွင်ဦး+ ဒေါ်စံပယ်မြင့်သိန်း သမီး-သင်းရတီထက် မိသားစု(မင်္ဂလာတောင်ညွန့်မြို့နယ်) | ၃၀၀,၀၀၀ |
| ၃၁၄ | ဦးမျိုးသူနှင့် ဦးစိုးမြင့် (တ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၁၅ | ဦးရီစိန် မိသားစု (သဃ်န်းကျွန်းမြို့နယ်) | ၅၀,၀၀၀ |
| ၃၁၆ | ဒေါ်သဇင်ဖူး(ဗဟန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၁၇ | (ဦးလှကျင်+ဒေါ်ခင်စိန်) အားရည်စူး၍ သားသမီးမြေးတစု(မင်္ဂလာတောင်ညွန့်မြို့နယ်) | ၁၀၀,၀၀၀ |
| ၃၁၈ | တင်မောင်ဝင်း+ခင်မျိုးဆွေ(ရန်ကင်းမြို့နယ်) | ၃၀၀,၀၀၀ |
| ၃၁၉ | မေသဇင်အောင်(တာမွေမြို့နယ်) | ၅,၀၀၀ |
| ၃၂၀ | ဦးကြည်လွင်+ဒေါ်ခင်ဝေတို့အား ရည်စူး၍ ကျန်ရစ်သူမိသားစု(စမ်းချောင်းမြို့နယ်) | ၅၀၀,၀၀၀ |
| ၃၂၁ | လေးဖြူ+လှမျိုးစု(ရန်ကင်းမြို့နယ်) | ၂၀၀,၀၀၀ |
| ၃၂၂ | စပယ်ဦး(ရန်ကင်းမြို့နယ်) | ၁၀,၀၀၀ |
| ၃၂၃ | ဒေါ်လင်းလင်း(ရန်ကင်းမြို့နယ်) | ၂၀၀,၀၀၀ |
| ၃၂၄ | ဝေဝေနှင်း(မ/ဥက္ကလာ) | ၅,၀၀၀ |
| ၃၂၅ | Thuwunna Wadi Co. Ltd(စမ်းချောင်းမြို့နယ်) | ၁,၀၀၀,၀၀၀ |
| ၃၂၆ | မြင့်သိန်း၊ ညီ ကျော်သူသိန်းညီမ အေးမြတ်မြင့်(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၃၂၇ | ဦးဘစော (တ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၂၈ | ညီညီ+စံစံ(ရန်ကင်းမြို့နယ်) | ၃၀၀,၀၀၀ |
| ၃၂၉ | ဦးမင်းသိန်း၊ ဒေါ်ညီမ်းညီမ်း(မ/ဒဂုံ) | ၁၀၀,၀၀၀ |
| ၃၃၀ | ဦးတင့်အောင်+ဒေါ်မြင့်ကြည်(တာမွေမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၃၁ | ဦးဉာဏ်လှိုင်အင်းစိန်မြို့နယ်) | ၃၀၀,၀၀၀ |
| ၃၃၂ | ဒေါ်ပြုံး(ကျောက်တံတားမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၃၃ | ဦးစိန်ဝင်း+ဒေါ်လွင်လွင်အေးသမီး ဝင်းသန္တာ၊ ဝင်းသီတာ(စက်ဘပူ) | ၁၀၀,၀၀၀ |
| ၃၃၄ | ဦးမောင်လှ+ဒေါ်ငွေရင်(မြမြဝင်း ကော်ဖီ)(လမ်းမတော်မြို့နယ်) | ၁၀၀,၀၀၀ |
| ၃၃၅ | သင်းသင်းမြတ်၊ နီနီစိုး(သာကေတမြို့နယ်) | ၂၀၀,၀၀၀ |
| ၃၃၆ | ထွန်းထွန်း၊ ဒေါ်ခင်ပြုံးရီမိသားစုSUN STORE UPG(မဟာအောင်မြေမြို့နယ်) | ၂,၀၀၀,၀၀၀ |
| ၃၃၇ | ဦးကျော်သက်ဆွေ+ဒေါ်ယဉ်ယဉ်အောင် မိသားစု (မင်္ဂလာတောင်ညွန့်မြို့နယ်) | ၂၀,၀၀၀ |
| ၃၃၈ | ဦးအောင်ကျော်နှင့် ဒေါ်ယုကြင် (သဃ်န်းကျွန်းမြို့နယ်) | ၅၀,၀၀၀ |
| ၃၃၉ | လွှမ်းပိုင်(၁၁)နှစ် မွေးနေ့အလှူ(အောင်မြေသာဇံမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၄၀ | ဒေါ်ယဉ်ယဉ်ရွှေ မိသားစု (မင်္ဂလာတောင်ညွန့်မြို့နယ်) | ၃၀,၀၀၀ |
| ၃၄၁ | Taikisha Myanmar Co.Ltd(မရမ်းကုန်းမြို့နယ်) | ၁၈၀,၀၀၀ |
| ၃၄၂ | ဦးနိုင်ကိုလွင်+ဒေါ်ဆွေဆွေ (တ/ဥက္ကလာပမြို့နယ်) | ၅၀,၀၀၀ |
| ၃၄၃ | ဒေါ်သက်ဝါနှင့် မိသားစု(သုဝဏ္ဏမြို့နယ်) | ၅၀၀,၀၀၀ |
| ၃၄၄ | မျိုးထက်ထွန်း+ခိုင်ခိုင်ဦး (စိန်အုန်းပင်မိသားစု)(ဖျာပုံမြို့နယ်) | ၂၅၀,၀၀၀ |
| ၃၄၅ | မြင့်လွင်+တင်မာရီ (စိန်အုန်းပင်မိသားစု)(ဖျာပုံမြို့နယ်) | ၂၅၀,၀၀၀ |
| ၃၄၆ | (အမည်လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၄၇ | တင်ငွေး+နော်အေးမေ (နေပြည်တော်) | ၁၀၀,၀၀၀ |
| ၃၄၈ | သိမ့်သန္တာဆွေ၊ အေးအေးချို၊ ခိုင်ခိုင်လွင်၊ ခင်စန်းနွယ် (ဗိုလ်တစ်ထောင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၃၄၉ | သန်းဆွေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
